
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆)<br>ဗျူးစာပေ၊ အမှတ်-၅၂၀(က)၊ အခန်း၀(၄)လမ်း<br>တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရှင် (မြ-၁၀၀၉၈)<br>(ရွှေခြေသံ့ပုံနှိပ်တိုက်)<br>အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၅ ခုနှစ်၊ မတ်လ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ<br>အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၁၇၆၄၊ ၀၉-၅၀၈၉… |

၈၉၅.၈၃

သင်မြတ်နိုး

ရင်ခုန်သံကျော့တစ်ခင်းစာ/သင်မြတ်နိုး။ ရန်ကုန်၊

ဗျူးစာပေ၊ ၂၀၁၅။

(၂၂၄)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) ရင်ခုန်သံကျော့တစ်ခင်းစာ


BURMESE CLASSIC

### အခန်း ( ၁ )

ဟွန်ဒါ ဆိုင်ကယ်လေးနှင့် ကောင်မလေးတစ်ယောက် …ယ့်ရှေ့မှာ ကိုးရိုကားယား ဖြစ်နေ၍ အမြင်မတော်တော့ပေ။

ပျက်နေသော ဆိုင်ကယ်ကိုပြင်မရဘဲ စိတ်ဓာတ်ကျနေပုံ… ညနေဆည်းဆာကလည်း ညိုနေပြီ။ မှောင်တော့မယ် …

ခြောက်လမ်းသွား လမ်းမကြီးရဲ့ပလက်ဖောင်းမှာ သူမထိုင် …သည်။

အမြင်မတော်တော့ …

ကူညီရမည်လား။ ကောင်မလေးက တော်တော်ချမ်းသာ… ကောင်မလေးတစ်ယောက် ဖြစ်နေသည်။

မာနတော့ ကြီးမည့်ပုံ။ မျက်နှာထားက တင်းနေသည်။

ပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်သော ကောင်မလေးတစ် …တ်။



www.burmeseclassic.com

www.burmeseclassic.com



နေပါစေ ...

ကောင်မလေးက အကူအညီမှ မတောင်းတာဘဲ။

ကိုယ် ထိုင်နေသည်။

ဝပ်ရှော့က အလုပ်သမားတစ်ယောက်ဖြစ်၍ ကိုယ့်လက်မှ စက်ဆီတွေနှင့် ပေကျံနေ၏။

ကားတစ်စီးပျက်၍ ကိုယ့်ကိုခေါ်သွားပြီး လမ်းမှာချထား သည်။ ကိုယ့်ဝပ်ရှော့ရောက်ဖို့ သိပ်မလိုတော့၍ ကိုယ်ဆင်းနေခဲ့ ဒီနားမှာ ကိစ္စတစ်ခုလည်းရှိလို့။

ကိုယ်က ဝပ်ရှော့သမား ... စက်ပြင် ...

ကောင်မလေး ဆိုင်ကယ်ပျက်နေတဲ့နေရာနှင့် ကိုယ့်က ဝပ်ရှော့က သိပ်မဝေးတော့ပေ။

ကိုယ့်ကိစ္စ ပြီးသွားပြီ။

သွားဖို့ပြင်သည်။

ဒုက္ခပဲ ... ကိုယ်မသွားနိုင်။

ကောင်မလေး ကားလမ်းပေါ်မှာ ... တစ်ယောက်တည်း သိပ်မှောင်လာရင် မကောင်းဟု ထင်မိသည်။

ကောင်မလေးဟုသာ ခေါ်နေရ၏။ ကိုယ်နှင့်သိပ်ကွာ မဟုတ်။ မဖြစ်ပါဘူး ... ကောင်မလေးကို ကူညီမှ ... အနားက သွားမိသည်။





စိတ်ပျက်လက်ပျက် ထိုင်နေသော ကောင်မလေးက ဖျတ် ခနဲ့ မော့ကြည့်၏။

မျက်ဝန်းတွေက တင်းတင်း ... နှုတ်ခမ်းလေးတွေ စုထော် ဘာ ရန်လိုတဲ့မျက်ဝန်းတွေနှင့် ကြည့်သည်။

"ရှင် ဘာလာလုပ်တာလဲ"

လက်ထဲမှာ ဘာမဟုတ်တဲ့ ဂွလေးတစ်ချောင်းကို ကိုင်ထား သည်။

ကိုယ် ရယ်ချင်သွား၏။

"လာပြီး မနှောက်ယှက်နဲ့နော်"

သူမလေးသံက မာသည်။

"ကိုယ်က ကူညီမလို့ပါ"

"ဘာ ..."

"ဟိုရှေ့မှာ ဝပ်ရှော့ရှိတယ် ... ကိုယ်ကစက်ပြင်"

"ဟင်"

ကိုယ့်ကို မော့ကြည့်သည်။

"ကားတစ်စီးပျက်လို့ ကိုယ်လိုက်ပြင်တာလေ ... ဒီနားမှာ အလုပ်ကိစ္စတစ်ခုရှိလို့ ကိုယ်ဆင်းနေခဲ့တာပါ"

ကိုယ် ... ယဉ်ကျေးစွာ ပြောမိသည်။

အဲဒါ ... ကိုယ့်ရဲ့အမှုအကျင့်ပဲ။ ဆဲယ်နှစ်သားအရွယ်တည်း



www.burmeseclassic.com

www.burmeseclassic.com



က ကိုယ်ဝပ်ရှော့ကို ရောက်လာခဲ့သည်။ ကိုယ်နေတဲ့ဝပ်ရှော့ပိုင်ရှင်တွေက ဆက်ဆံရေးပဲ အဓိကထားပြီး သင်ပေး၏။ ဆက်ဆံရေးကောင်းလို့ လုပ်ငန်းတွေလည်း ပို၍ အောင်မြင်တိုးတက်ကြသည်။ စီးပွားဖြစ်၏။ အလုပ်ရှင်တွေကို အားကျလို့ ကိုယ်အမြဲတမ်းပဲ ယဉ်ကျေးသိမ်မွေ့အောင်နေတယ်။

"အမိ"

"ဟင်"

"ဘာကူညီရမလဲ"

ကိုယ် မေးမိသည်။

ယဉ်ကျေးသိမ်မွေ့တဲ့ ကိုယ့်အမူအရာကြောင့် သူမ စိတ်ချသွားပုံရသည်။ မျက်နှာကြောတွေ လျော့သွားသည်။

"ပိုးအိမ် ဆိုင်ကယ်ပျက်နေလို့လေ"

"ကိုယ် ကြည့်ပေးရမလား"

"အင်း"

ကိုယ် ဆိုင်ကယ်ကိုကြည့်သည်။ ဘာမှ အပြင်းအထန်မဟုတ်။ ကိုယ်ကျွမ်းကျင်စွာ ကိုင်တွယ်မှုအတွက် စိတ်သက်သာသွားသလို ကိုယ့်အား အနားမှ ကူညီနေသည်။

"ရပြီ"

"ဟင်"





သူမ စက်နှိုးကြည့်သည်။ စက်က နိုးလာ၏။

"ကျေးဇူးပဲ ... ပြင်ခ ဘယ်လောက်ပေးရမလဲ"

"ဗျာ"

ကိုယ် အံ့သြသွားမိသည်။ ပြင်ခတဲ့ ... မင်းမျက်ဝန်းတွေက ကိုယ့်ကိုအထင်မကြီးတဲ့အကြည့်တွေ ဖြစ်နေသည်။

ကိုယ် အောင့်သက်သက်ကျန်ခဲ့သည်။ ကျေးဇူးတင်စကားပင် မပြော။ လှည့်၍ပင်မကြည့်။ အင်းလေ ... ကိုယ်က စက်ပြင်သမားပဲ ဒီလောက်တော့ ရှိမှာပေါ့လေ။

ကိုယ် ဝပ်ရှော့ပြန်ရောက်လာသည်။

"ခနေ"

"ဗျာ"

"မောင်ရင် ကြာလိုက်တာ ... ကားရော အဆင်ပြေရဲ့လား"

အလုပ်ရှင်က မေးသည်။ ကားကျ အဆင်ပြေကြောင်းနှင့် ဆိုင်ကယ်တစ်စီး စေတနာ့ဝန်ထမ်း ဝင်ပြင်ပေးနေမိကြောင်း ပြောပြလိုက်သည်။

"မောင်ရင်ပြောတဲ့ ကောင်မလေးက ဆံပင်ရှည်ရှည်လေးနဲ့ ချောချောကောင်မလေး မဟုတ်လားမနေ ... ရွှေဝါရောင်ဝတ်စုံလေးနဲ့လေ"

"ဟုတ်တယ် အာစရိ ... ကောင်မလေးကို သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ … ကိုယ်တို့ဆီမှာ ကားအမြဲတမ်းပြင်နေတဲ့ ဦးဆက်ပိုင်ရဲ့သမီး အိပိုးအိမ်လေ … "

"အိပိုးအိမ်"

"အင်း … "

မင်းက ဆန်းတယ်။ နာမည်လေးကပင် ချစ်စရာကောင်းလွန်းနေသည်ဟု ထင်သည်။

အိပိုးအိမ်တဲ့ … ကိုယ့်ရင်ထဲမှာ ရွှေးတွေးသွားသည်။

တန်ရာတန်ရာဆိုတဲ့စကားက ကိုယ့်ခေါင်းထဲ ဖျတ်ခနဲတိုးဝင်လာသည်။ အားငယ်သွားရ၏။ အိပိုးအိမ်က ချမ်းသာသည်။ မိဘတွေက ပြည့်စုံ၏။ ဦးဆက်ပိုင်စီးတဲ့ကားကပင် သိန်းပေါင်းများစွာတန်နေသည်။ ကိုယ်က စက်ပြင် … မင်းက ကိုယ့်ကို ဘူတန်တယ်လို့တောင် ထင်မှာမဟုတ်ပါဘူး။

"ဓနု"

"ဗျာ"

"ဘာတွေငိုင်နေတာလဲကွ … ဟိုမှာ ပြောရင်း ဆိုရင်း ဦးဆက်ပိုင်းကား ရောက်လာပြီ … "

အရင်ကတော့ … ဦးဆက်ပိုင်က ကိုယ့်အတွက် ဘာမှမထူးခြားတဲ့လူတစ်ယောက်ပါပဲ။

အခု … ရင်ခုန်နေတယ်။ ကိုယ် အရူးထတာပဲ။





အိပိုးအိမ်က ကိုယ့်ကိုယောင်းထဲမှာတောင် ရှိမှာမဟုတ်ဘူး။

"ဓနုရော … "

ဦးဆက်ပိုင်က ကိုယ့်ဖောက်သည်။

အမြဲတမ်း ကိုယ်ကိုင်မှ …

"ဓနု"

"ဗျာ"

"ကြည့်ပါဦး"

"ဟုတ်ကဲ့ … "

ဦးဆက်ပိုင်က ကိုယ့်ကိုဆက်ဆံရေး ပြေပြစ်တယ်တဲ့။

စေတနာပါတယ်တဲ့ … ကိုယ်ကလည်း ပညာကို စေ့စပ်သေချာစွာ အသုံးချချင်သည်။ အလုပ်ကို လေးစား၏။ ပေါ့ပျက်ပျက်မလုပ်ခဲ့။ ကိုယ်ကိုင်ပေးတဲ့ ကားပိုင်ရှင်တွေက ကိုယ့်ကိုသဘောကျကြသည်။

ဓနမှ ဓနု …

ကိုယ့်နာမည်က ဓနုတဲ့ …

အလုပ်ရှင်က ပေးထားတာပါ။ ကိုယ် ရွာကလာတုန်းကတော့ ကိုယ့်နာမည်က တာတေတဲ့ …

"မင်းအခု ဆင်းရဲတယ် … နောင်တစ်နေ့ ချမ်းသာအောင်ဓနုလို့ ပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နာမည် မနေဖြစ်သွားရသည်။ ဦးဆက်ပိုင်ကားကို စေ့စပ်သေချာစွာ ကြည့်ပေးနေမိ၏။ စေတနာပဲ ... ကိုယ် တလေး တစားလုပ်သည်။ ကားပြင်ပေးပြီးလျှင် ဦးဆက်ပိုင်က ကိုယ့်ကို ဘောက်ဆူးချနေကြ။

"မနေ"

"ဗျာ"

"ရော့ ... မင်းအတွက်"

ငါးဆောင်တန် တစ်ရွက်။ ဦးဆက်ပိုင်ကတော့ စေတနာကောင်း၍ အပေးအကမ်း ရက်ရောသည်။ ကိုယ့်ကိုလည်း ခင်၏။

"မင်း ဆယ်တန်းအောင်ထားတယ်ဆို မနေ"

"ဟုတ်ကဲ့"

"မင်းဟာ ဘဝတက်လမ်းတွေ အများကြီးရှိနိုင်တဲ့ကောင်လေးပဲ မနေ ..."

ဦးဆက်ပိုင်က ကိုယ့်ကိုတွေ့တိုင်း အားပေးနှစ်သိမ့်နေကြဖြစ်သည်။

"မင်း ဘာမှမပူနဲ့ ... မင်းပညာရေးအတွက် အန်ကယ် ထောက်ပံ့ကူညီမယ်"

ကိုယ် ဆယ်တန်းစာမေးပွဲမှာ ပုဏ်ထူးတွေနှင့်အောင်ထားသည်။ အင်ဂျင်နီယာ ဖြစ်ချင်တယ်။ ငွေက မရှိ။ ကိုယ် ကြိုးစားပြီး





ငွေစုနေမိသည်။ အလုပ်မလုပ်ဘဲ ကျောင်းပဲတက်နေ၍လည်း မဖြစ်သေးပေ။

"ကျွန်တော် အင်ဂျင်နီယာ ဖြစ်ချင်တာပါ"

"မင်းဖြစ်ချင်တာဖြစ်အောင် အန်ကယ်ထောက်ပံ့ပေးမယ် မနေ"

"ဗျာ"

ကိုယ် အံ့ဩတုန်လှုပ်စွာဖြင့် ဦးဆက်ပိုင်ကို ကြည့်မိသည်။ နားကြားလွဲသွားလားဟု ထင်မိ၏။ အမှန်ပဲ ...

"မင်း အံ့ဩသွားလား မနေ ... အန်ကယ် တကယ်ကူညီမှာ မင်းကျောင်းစတက်တဲ့နေ့ အန်ကယ့်ဆီမှာလိုက်နေ ... မင်းလို ကောင်လေးမျိုးကို မြေတောင်မြှောက်ပေးချင်တယ်"

"ကျေးဇူးတင်ပါတယ် အန်ကယ် ... ကျွန်တော် အရမ်းကို ဝမ်းသာတာပဲ"

ကိုယ် ဝမ်းသာအားရ ဖြစ်သွားမိသည်။

"အန်ကယ်က မင်းတို့လူငယ်တွေကို တိုးတက်စေချင်တယ် မနေ ..."

"ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ်လို့ ကတိပေးတယ် အန်ကယ်"

ကိုယ် ပျော်သွားမိသည်။ အနာဂတ်အတွက် မျှော်လင့်ချက်



www.burmeseclassic.com

www.burmeseclassic.com



တွေ လင်းလက်လာရ၏။ ဦးဆက်ပိုင် ပြန်သွားသည်။ ကိုယ် ပီတိတွေဖြစ်ရ၏။ အဖေနှင့်အမေသည် တောင်သူလယ်သမားတွေ ဖြစ်ကြသည်။ ဆင်းရဲနွမ်းပါးကြ၏။

ဒါပေမဲ့ ... ကိုယ့်ကိုတော့ ပညာတတ်ကြီးတစ်ယောက် ဖြစ်စေချင်သည်။ ငွေရှာပြီး ထားကြ၏။ ကိုယ်ကလည်း ဆင်းရဲတဲ့ဘဝကို ခါးသီးမုန်းတီးသူဖြစ်သည်။ ကြိုးစားခဲ့၏။ ချမ်းသာပြီး အောင်မြင်တဲ့လူတစ်ယောက်အဖြစ်သာ ရပ်တည်လိုသည်။

အမေက ရွာဦးကျောင်းဆရာတော်ထံတွင် ဗေဒင်လက္ခဏာကြည့်၏။

"နင့်သားက အသက်ကြီးလာရင် ပညာတတ်လူချမ်းသာတစ်ယောက်ဖြစ်မှာ"

အမေ အားတက်သွားရသည်။ ကိုယ့်ကို ပို၍ပင် ပညာသင်နိုင်ရန် ကြိုးစားအားပေးနေ၏။

"ဆင်းရဲတဲ့ဘဝကို သားလွတ်အောင် ကြိုးစားပါ"

အဖေနှင့်အမေ အဝတ်ခံသည်။ ငွေရှာ၏။ ပို၍ကြိုးစားသည်။ ကိုယ် ရှစ်နှစ်သားအရွယ်တွင် အဖေ ဆုံးသွား၏။

"သား ဘာမှအားမငယ်နဲ့ အမေရှိတယ် ... "

အမေကဆက်ပြီး ကျောင်းထားပေးသည်။ အတန်းထဲမှာ ကိုယ့်က စာအတော်ဆုံး ... အကြိုးစားဆုံး ... အဝတ်အစားက





အစုတ်အပြတ်။ လဲစရာမရှိ။ စားစရာပင် နပ်မမှန်ချင်သော ကိုယ့်ဘဝဖြစ်နေသည်။

ဒါပေမဲ့ ... ကိုယ် စာကြိုးစားခဲ့သည်။ ဆယ်နှစ်သားအရွယ်တွင် အမေ ထပ်ဆုံးသွား၏။

ကိုယ့်ကို ပညာတော်လွန်း၍ ပညာဆက်သင်နိုင်အောင် ရွာမှာနေသွားဖူးတဲ့ ဝပ်ရှော့ပိုင်ရှင် တစ်ဦးထံမှာ လာအပ်ခဲ့သည်။

"အလုပ်လည်းခိုင်းပါ ... ပညာလည်း သင်ပေးပါ"

ဝပ်ရှော့ပိုင်ရှင်က တာဝန်ယူပြီး ခေါ်ထားလိုက်သည်။ ကိုယ့်ကို ပညာသင်ပေး၏။ အလုပ်ပေးသည်။ ကိုယ်ကလည်း အလုပ်ရှင်ကျေနပ်အောင် သွက်သွက်လက်လက် ကြိုးစားပြခဲ့၏။

သဘောကျကြသည်။ ပညာဆက်သင်ပေး၏။ စာတော်တဲ့ကိုယ့်ကို အားလုံးက အားပေးခဲ့ကြသည်။ ကိုယ် ဆယ်တန်းအောင်ခဲ့၏။ ဂုဏ်ထူးတွေနှင့် အောင်မြင်သည်။ အင်ဂျင်နီယာ ဖြစ်ချင်တဲ့ကိုယ့်ဆန္ဒက မှေးမှိန်ပျောက်ကွယ်လု ဖြစ်နေရ၏။ ဘယ်သူက ငွေကြေးထောက်ပံ့မလဲ ... အလုပ်တွေသိပ်ပြီး လုပ်ပေးနိုင်မှာမဟုတ်။

ကိုယ် ရန်ကုန်မှာနေရမယ်။ နေစရိတ် ... စားစရိတ်တွေ လိုအပ်သည်။

ကိုယ် စိတ်ဓာတ်ကျနေတဲ့အချိန်မှာပင် ဦးဆက်ပိုင်က အားပေးသွား၍ ဝမ်းသာအားရ ဖြစ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ အဆင်ပြေသွားပြီနော် ခနဲ့"

"ကျွန်တော် အရမ်းဝမ်းသာတာပဲ အာစရိ ... ကျွန်တော် အစွမ်းကုန် ကြိုးစားပြမယ်"

"မင်းအနာဂတ် မျှော်လင့်ချက်ရောင်ခြည်တွေ လင်းလက်သွားတာ ဝမ်းသာစရာပဲ"

ကိုယ် အပျော်ဆုံးပဲ။

"ခနဲ့တော့ စိုင်ကော်လို့ ချုပေါ်ရောက်ပြီး သူဌေးသားဖြစ်တော့မယ်ထင်တယ်"

အိပိုးအိမ်ကို သတိရမိသည်။ သားရေပေါ်အိပ်ပြီး သားရေနားစားတဲ့ အကျင့်စရိုက်တွေ ကိုယ် ဘယ်တော့မှ မပြုမူဘူး။ တန်ရာတန်ရာဆိုတဲ့ စကားတွေကို ကိုယ် နားလည်ပါတယ်။ ကျေးရွာဆပ်ဖို့ပဲ ကိုယ် စဉ်းစားထားတယ်လေ။ ကိုယ့်ရည်မှန်းချက်ထက် ဘာကိုမှ စိတ်မဝင်စားချင်ဘူး။

အိပိုးအိမ်က ကိုယ့်ကျေးရွာရှင်ရဲ့ သမီး။

ကိုယ့်ဘဝမှာ အန်ကယ်ဦးဆက်ပိုင်ဟာ ကြီးမားတဲ့ ကျေးဇူးရှင်ကြီးပါပဲ။

အိပိုးအိမ်အား မပတ်သက်မိအောင် ကိုယ်နေထိုင်ရမည်ဖြစ်သည်။

-

အခန်း ( ၂ )

အိပိုးအိမ်က ကိုယ့်ကိုကြည့်ပြီး မျက်ဝန်းလေးတွေ ပြုံးကြောင်စွာ အံ့ဩနေသည်။

"ရှင် ... ရှင် ... စက်ပြင်ဆရာပဲ"

"ဟုတ်ပါတယ်"

ဦးဆက်ပိုင်က ကိုယ့်ကိုခေါ်လာခဲ့သည်။ မိသားစုဝင်တွေနှင့် မိတ်ဆက်ပေး၏။ အမိက သမီးဖြစ်သူ အိပိုးအိမ်နဲ့ ...

အိပိုးအိမ်မှာ မိခင်မရှိတော့။ ဖခင်ပဲ ရှိသည်။

ထို့ကြောင့်ပင် ... ဖခင် ဦးဆက်ပိုင်က သမီးဖြစ်သူအား ချစ်မြတ်နိုးစွာ အလိုလိုက်သည်။ အလေးအနက် ထားခဲ့၏။

"မောင်ခနဲ့ကို အဖေ ကျောင်းထားပေးမလို့ ခေါ်လာတာ"

"သူ"

"မင်းကို ဆိုင်ကယ်ပြင်ပေးတဲ့သူပါ ... ကိုယ့်နာမည် ခနဲ့



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဆယ်တန်းစာမေးပွဲကို သုံးဘာသာဂုဏ်ထူးနဲ့အောင်ထားပြီး [illegible]”

“မောင်ဓနု ... ဒါ အန်ကယ့်ရဲ့တစ်ဦးတည်းသော သမီးလေး အိပိုးအိမ်ပဲ”

အိပိုးအိမ် နည်းနည်းတော့ အံ့ဩသွားမိသည်။

ကြည့်တော့ ... ပေပေရေရေ ညစ်ညစ်ပတ်ပတ်။ အေးစက်သော မျက်ဝန်းတွေနှင့် သူ့မအား ကြည့်နေသည်။

“မောင်ဓနု”

“ဗျာ”

“ဒီမှာ ဘာမှ အားနာစရာမလိုဘူးနော် ... သွေးသားရင်းတစ်ယောက်လိုနေပါ ... သမီးလေးက တစ်ကောင်ကြွက်ဆိုတော့ အန်ကယ်က အလိုလိုက်ထားတယ်လေ ... နည်းနည်းတော့ဆိုးချင်တယ် ... ညီမလေးတစ်ယောက်လိုပဲ ခွင့်လွှတ်သည်းခံပါ”

မောင်ဓနုအား ဦးဆက်ပိုင် သံယောဇဉ် ဖြစ်မိသည်။ ရိုးသားတဲ့ယောကျ်ားကောင်းတစ်ယောက်ဟု ထင်မှတ်ထားမိ၏။ စိတ်ချသည်။ ယုံကြည်မိ၏။ မိမိမှာ လက်ရုံးမရှိ။ လူယုံ လိုအပ်နေသည်။ မောင်ဓနုနှင့် မိမိခင်မင်နေသည်မှာ ကြာပြီဖြစ်၏။ ရိုးသားသည်။ အလုပ်ကိုလည်း လေးစား၏။ ဆက်ဆံရေး ပြေပြစ်သည်။ ဆယ်တန်းဖြေစဉ်က မိမိပင် ကျူရှင်စရိတ်တွေ ထောက်ပံ့ခဲ့သေး၏။





“မောင်ဓနုက ရိုးသားပြီး ကြိုးစားတယ် ... ဖေဖေ သဘောကျတယ် သမီး ... ဒီလိုလူငယ်တွေကို မြေတောင်မြှောက်ပေးရမယ်”

အိပိုးအိမ်ကတော့ ဓနုဆိုတဲ့လူ ဆယ်တန်းမှာ ဂုဏ်ထူးတွေနှင့် အောင်တာကိုတော့ အံ့ဩသွားမိသည်။

သူ့မပင် မျက်နှာပူရ၏။ ဆယ်တန်းမှာ ရိုးရိုးပဲ အောင်ထားသည်။

“မင်းဖြစ်ချင်တဲ့ အင်ဂျင်နီယာတစ်ယောက်ဖြစ်အောင် ကြိုးစားကွာနော် ... ”

“ဟုတ်ကဲ့ စိတ်ချပါ အန်ကယ် ... ကျွန်တော့်ကို ထောက်ပံ့ထားတာ လုံးဝအချည်းနှီး မဖြစ်စေရပါဘူး”

“မင်းကို အန်ကယ်ယုံတယ် ... ကားဂိုဒေါင်နဲ့တွဲထားတဲ့ အခန်းခြားတစ်ထပ်တိုက်လေးမှာ မင်းနေဖို့ စီစဉ်ထားတယ်”

“ဟုတ်ကဲ့”

“ကိုစိုး လိုက်ပို့လိုက်ပါ ... ”

“ဟုတ်ကဲ့ အာစရိ ... ”

ကိုစိုးက ဒရိုင်ဘာနှင့်ခြံစောင့်အဖြစ် တာဝန်ယူရသည်။

“လာ ... မောင်ရင်”

ဝပ်ရှော့မှာနေရတာထက်စာလျှင် အများကြီးကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သီးခြားတစ်ထပ်တိုက်လေး လွတ်လပ်သည်။

"မောင်ရင်လေး ဒီမှာနေရင် ကြိုးစားမှ အာစရိက သဘော ကျတတ်တယ် ... အာစရိက စေတနာရှိတယ် ... သဘောထား လည်းပြည့်ဝတယ် ... မောင်ရင် ... "

"ကျွန်တော် အန်ကယ်ဦးဆက်ပိုင်နဲ့ ခင်တာကြာပါပြီ ... အန်ကယ့်ကို လေးစားထားပြီးသားပါ"

"မင်း ကြိုးစားပါ မောင်ရင် ... "

"ကိုစိုးကရော ဘယ်မှာနေတာလဲ"

"ကိုယ်ကခြံစောင့်အိမ်လေးမှာလေ ခနဲ ... အလုပ်သမား တန်းလျားမှာပေါ့ကွာ"

"ကျွန်တော့်ကိုလည်း ခိုင်းစရာရှိရင် ခိုင်းပါနော် ... အားမနာ ပါနဲ့"

"အေးပါကွာ ... ကိုစိုးလည်း အဖော်ရတာပေါ့၊ လိုအပ်တာရှိ ရင်လည်းပြောနော် မနေ ... "

"ဟုတ်ကဲ့"

"အိပ်ိုးအိမ်ကတော့ နည်းနည်းမာနကြီးတယ်ကွ ... မင်းစိတ် ထဲ ဘာမှမဖြစ်နဲ့နော်"

"ဟုတ်ကဲ့"

မင်း မာနကြီးတာ ကိုယ်နဲ့မဆိုင်ဘူး။





ကိုယ် အင်ဂျင်နီယာဖြစ်ချင်တယ်။ ဒါပါပဲ ... မင်းက ဆိုင် ယ်ပြင်ပေးခကို ငွေကြေးနဲ့သတ်မှတ်ချင်တဲ့သူ။ ကိုယ့်ကို မလို အားသလို မင်းမျက်ဝန်းတွေထဲမှာ ရှိနေတယ်။ ဖေဖေကလည်း လုပ်ပိုတွေလို့ မင်းပြောသံကို သဲ့သဲ့ကြားရတယ်။ ရှုပ်တယ်တဲ့။

ပြောပါစေ ... မင်းနဲ့ကိုယ် အဆင့်အတန်းချင်း ကွာခြားနေ တယ်။ ကိုယ်ပစ္စည်းတွေကို နေသားတကျထားသည်။ ဘာမှမရှိ။

ပုဆိုးအင်္ကျီ သုံးလေးစုံလောက် ကိုယ့်ရဲ့ဝပ်ရှော့အလုပ်သမား ဝတ်စုံတွေကိုတော့ တယုတယ လျှော်ဖွတ်ပြီး သိမ်းထားမိသည်။

ဘဝမမေ့အောင် ... ကိုယ့်ဘဝ ... ငယ်စဉ်လေးတည်းက အဆင်းရဲပင်ပန်းခဲ့ရသည်။ မိဘမဲ့ရ၏။ ခါးသီးခဲ့၏။ ကြိုးစားရမည်။ ယ့်သားစဉ်မြေးဆက် ကိုယ့်အဖြစ်မျိုးတွေနဲ့ မကြုံစေရဘူး။

အခု ... ကိုယ့်မျှော်လင့်ချက်တွေ လင်းလက်လာနေပြီပဲ။

"မောင်ခနဲ ... "

"ဟင် အန်ကယ် ... ကိစ္စရှိရင်ခေါ်ပါ ... ကျွန်တော် လာခဲ့ပါ့ မယ်"

"မောင်ရင့်အတွက် အဝတ်အစားတွေ လာပို့တာ"

"ဗျာ"

"မင်းအတွက် အဝတ်အစားတွေလေ ... အန်ကယ်ဝယ် ထားတာ ... အန်ကယ့်မှာ သားမရှိတဲ့အတွက် မင်းကို သားအဖြစ် သတ်မှတ်ထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ပီတိတွေဖြစ်ရသည်။ မိဘမရှိတဲ့ ကိုယ့်ဘဝ အင်အား
တွေ ပြည့်ဝလာသလို နွေးထွေးမှုတွေ ခံစားလာရသည်။

"ကျွန်တော့်ကို ပညာသင်ပေးရင် ကျေနပ်ပါပြီ အန်ကယ်
အဝတ်အစားတွေ အသုံးအဆောင်တွေ မလိုပါဘူး"

ကိုယ် အားနာစွာဖြင့် ပြောမိသည်။

"မင်းက အန်ကယ့်သားဖြစ်နေပြီပဲ ... ဘာမှ အားနာစရာ
မလိုဘူးနော်"

ဦးဆက်ပိုင်မှာ အစာအိမ်ရောဂါဝေဒနာကို ပြင်းပြစွာ ခံစား
လာရသည်။ စားသမျှ အန်ချင်နေ၏။ သမီးလေး မသိ။ တစ်ဦးတည်း
သော သမီးလေးကို စိတ်အားမငယ်စေချင်ပေ။ မိမိရောဂါက ကင်
ဆာဖြစ်နိုင်သည်။

လူ့လောကကြီးထဲကနေ အချိန်မရွေး ထွက်ခွာသွားနိုင်မည့်
အခြေအနေမျိုးနှင့် မိမိရင်ဆိုင်ချင် ရင်ဆိုင်ရမှာ။ သမီးလေးကို စော
ရှောက်မည့် လူတော်လူကောင်းတစ်ယောက် လိုအပ်သည်။

မောင်ခနပဲ ... မိမိနှင့်ခင်တာ ကြာပြီ။ ရိုးသားပြီး ကြိုးစား
တက်ကြွသော လူတော်တစ်ယောက် ဖြစ်နေသည်။

"မောင်ခန"

"ဗျာ"

"မောင်ရင်က သန့်သန့်လေးနေရင် လူချောလေး တစ်
ယောက်ပါကွာ"



ကိုယ့်အသားအရေက ဖြူနုသည်။ ရုပ်ရည်က သန့်၏။ စက်
ပြင်သမားဆိုတော့ အမြဲတမ်း ညစ်ပတ်ပေရေနေသည်။

"မောင်ရင်"

"ဗျာ"

"မင်းစိတ်တွေကို နှိမ့်ချမထားပါနဲ့ကွာ ... မြှင့်တင်ထားစမ်း
ပါ ... အန်ကယ် အားကိုးပါရစေ"

မိမိဝေဒနာတွေအကြောင်း မိမိအသိဆုံးဖြစ်နေသည်။ သမီး
က ဘာမှမသိဘူး။ ပျော်ရွှင်လွတ်လပ်နေဖို့ပဲ သိတဲ့မိန်းကလေး။
ကလေးဆန်သည်။ နေချင်သလို နေတတ်၏။ ဘာမှဂရုမစိုက်တတ်။
မာနကြီးသည်။ ဆိုင်ကယ်တစ်စီးနှင့်သမီး သွားလာနေတတ်၏။

"နောက်ဆုံးကွာ ... အန်ကယ့်လုပ်ငန်းတွေရော ကိစ္စအဝဝ
ပါ မင်းလက်အပ်ချင်တယ်"

"ဗျာ"

အန်ကယ်ဆက်ပိုင် မျက်နှာက မသာမယာဖြစ်နေသည်။

တစ်ခုခုပဲ ... ကိုယ့်ကို ဘာဖြစ်လို့ အားကိုးတကြီး ဖြစ်နေရ
တာလဲ။

"အား ... "

"ဟင် ... အန်ကယ် ဘာဖြစ်တာလဲ ... "

အန်ကယ့်မျက်နှာပေါ်မှာ နာကျင်မှုဝေဒနာတစ်ခုကို အား
နေရသလို ရှုံ့မဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခနု ... "

"ပြောပါ အန်ကယ် ... "

"မင်းကိုတော့ အန်ကယ် ဖွင့်ပြောရမှာပဲ"

"ပြောပါ အန်ကယ် ... ကျွန်တော် တတ်နိုင်သလောက် ကူညီပါ့မယ်"

"အန်ကယ့်မှာ အစာအိမ်ရောဂါဖြစ်နေတယ်"

"ဗျာ"

"အန်ကယ့်ရောဂါက အဆိုးဆုံးကင်ဆာအထိ ဖြစ်နိုင်တယ်"

"ဗျာ"

ကိုယ် အံ့ဩတုန်လှုပ်စွာဖြင့် အန်ကယ့်ကို ကြည့်မိသည်။ အစာအိမ်ကင်ဆာတဲ့ ... ။

"သမားတော်ကြီးတွေနဲ့ စစ်ဆေးထားတယ် ခနု ... ညနေကျရင် အဖြေသိရမယ်"

"ဖြစ်မှဖြစ်ရလေ အန်ကယ်ရယ်"

ကိုယ် စိတ်မကောင်း ဖြစ်မိသည်။ အန်ကယ့်ရောဂါ ကြီးကြီးမားမား မဖြစ်ပါစေနဲ့လို့ ကိုယ် ဆုတောင်းမိ၏။

"အန်ကယ့်ဝေဒနာကို အန်ကယ်သိတယ် ခနု ... "

"အန်ကယ့်အတွက် ကျွန်တော်အစွမ်းကုန် ကူညီပါ့မယ်"

"ခနု ... မင်းဖြစ်ချင်တဲ့ ပညာတတ်ကြီးတစ်ယောက် ဖြစ်အောင်လည်းကြိုးစားပါ ... အန်ကယ့်စီးပွားရေးလုပ်ငန်းတွေလည်း





ဦးစီးပါ"

ကိုယ် အံ့ဩမိသည်။ အန်ကယ့်ကို နားမလည်စွာဖြင့် ကိုယ် ကြည့်မိ၏။

"အန်ကယ် ဘာမှမဖြစ်ပါဘူး ... စိတ်အေးအေးထားပါ"

"အန်ကယ်က မောင်ခနုကိုပဲ အားကိုးတယ် ... အထူးသဖြင့် သမီးလေး အိပိုးအိမ်ရဲ့ အနာဂတ်ပဲ"

အန်ကယ့်ရဲ့ ယုံကြည်အားကိုးမှုအတွက် ကိုယ်ဝမ်းသာမိသည်။

"ကျွန်တော့်ကို ဘာမှအခွင့်အရေးတွေ မပေးပါနဲ့အန်ကယ်၊ ကျွန်တော် အတတ်နိုင်ဆုံး ကူညီပါ့မယ်"

"မောင်ခနုကို အန်ကယ် တရားဝင်ကတ္တိမသားအဖြစ် မွေးစားလိုက်မယ်"

"မလုပ်ပါနဲ့အန်ကယ် ... ကျွန်တော် ဘာအခွင့်အရေးမှ မလိုချင်ဘူး ... အန်ကယ်လိုအပ်တဲ့အကူအညီတွေ ပေးမှာပါ"

ကိုယ် အခွင့်အရေးသမားအဖြစ် လုံးဝအထင်မခံနိုင်ပေ။

"အန်ကယ်လည်း မောင်ခနုကို ရိုးသားကြိုးစားတဲ့လူတော် လူကောင်းတစ်ယောက်အဖြစ် ရိုးရိုးသားသား မြှောက်စားမြှောက်ပေးတာပါ"

"အန်ကယ့်စိတ်ဓာတ်ကို ကျွန်တော် လေးစားပါတယ် စိတ်ချပါအန်ကယ် ... အိပိုးအိမ်ကို ကျွန်တော်စောင့်ရှောက်ပါ့မယ်"

www.burmeseclassic.com



"သမီးလေးကိုတော့ အန်ကယ့်ဝေဒနာတွေ အကြောင်း မပြောပြချင်သေးဘူး"

"ဟုတ်ကဲ့ … အန်ကယ့်ဆန္ဒအတိုင်းပါပဲ"

အန်ကယ့်အဖြစ်က ဆိုးဝါးလွန်း၍ ကိုယ် ဘာမှမတတ်နိုင်ခဲ့ အားပေးဖို့ပဲရှိသည်။

"မောင်ခနေရောက်လာတော့ အန်ကယ် အရမ်းအားတက်မိ တယ် … အားလည်းကိုးပါတယ် မောင်ရင် … "

"အန်ကယ် ဖြစ်စေချင်တာတွေအားလုံး ကျွန်တော်ဖြစ် အောင် လုပ်ပေးပါ့မယ် … စိတ်မပူပါနဲ့အန်ကယ်"

"မောင်ခနေကို အန်ကယ်ယုံကြည်ပါတယ်ကွယ်"

အန်ကယ့်ကျန်းမာရေးအခြေအနေက အဆိုးဝါးဆုံးတော့ မရောက်သေး။ ဆေးစစ်ချက်အရ အစာအိမ်ကင်ဆာအဆင့် ရောက် ခါနီးဖြစ်သည်။

"ခင်ဗျား ရောဂါကိုကုဖို့ အချိန်တော့ရပါသေးတယ် … ဦးဆက်ပိုင် အားမငယ်ပါနဲ့ … ကြိုးစားတာပေါ့"

အန်ကယ်ကတော့ စီစဉ်ဆောင်ရွက်စရာရှိတာတွေ စီစဉ်နေ သည်။ ကိုယ့်ကို တတွတ်တွတ်မှာ၏။ အဓိကကတော့ … မင်း အတွက်ပဲ အိပိုးအိမ်။ ကိုယ့်ကိုအထင်မကြီးဆုံးက အိပိုးအိမ်ပဲဖြစ် သည်။

☆

အခန်း ( ၃ )

ခနေအား ဂုဏ္ဍိမသားအဖြစ် တရားဝင် မွေးစားဖို့ ဖေဖေက စီစဉ်သည်။ အိပိုးအိမ် တားဆီးမိ၏။

"ဖေဖေက ဘာမဟုတ်တဲ့လူတစ်ယောက်ကို ဘာလို့ယုံ ကြည်နေရတာလဲ"

"မောင်ခနေက အစွမ်းအစရှိတယ် သမီး … ဖေဖေ သူနဲ့ခင် တာကြာပြီ … သမီးတောင် ရိုးရိုးပဲအောင်တဲ့စာမေးပွဲကို သူက ဂုဏ်ထူးတွေနဲ့အောင်တယ်"

"ဟွန်း"

သူမကတော့ ခနေအား စက်ပြင်သမားတစ်ယောက်ဟုပဲ မြင် မိသည်။ အထင်မကြီးမိ …

"ဖေဖေ"

"ပြော သမီး … "



www.burmeseclassic.com

www.burmeseclassic.com



"မနဆိုတဲ့လူက ဖေဖေ့လုပ်ငန်းတွေနဲ့ စည်းစိမ်ဥစ္စာတွေကို လုယူသွားရင်ရော ..."

"မနမှာ အဲဒီလောက်အထိ အောက်တန်းကျတဲ့စိတ်ဓာတ်တွေ မရှိဘူး ဖေဖေသိတယ် ..."

မန ... ရှင်က တာဝန်ကျေပြနေတယ်။

ကြည့်လေ ...

ခြံထဲမှာ သန့်ရှင်းရေးတွေလုပ်တယ်။ ပန်းပင်တွေစိုက်တယ်။ အိမ်က ကားကိုလည်း ပြောင်လက်သန့်စင်နေအောင် ပြုပြင်တယ်။ ဖေဖေ့ကို ဖားနေတာပါ။

"မန လုပ်နေတာတွေကို သမီးတစ်မျိုးမထင်နဲ့ ... စေတနာနဲ့လုပ်တာ"

"သမီးတော့ အထင်မကြီးဘူး"

"အိပိုးအိမ်"

"ဖေဖေက အမိပ္ပာယ်မရှိတာဘဲ ... သမီး လက်မခံဘူး"

"ဖေဖေ့စကားတွေကို သမီးက ဖယ်ရှားတာလား"

"ဘာမဟုတ်တဲ့ ဝပ်ရှော့က စက်ပြင်သမားတစ်ယောက်ကိုများ ဖေဖေ ဒီလောက်အထိ မမြှောက်စားသင့်ဘူး"

သူမ ... နှုတ်ခမ်းစူထားသည်။ မကျေမနပ် ဖြစ်မိ၏။

"မနကို ဖေဖေ မွေးစားမယ် ... သမီး လက်ခံပါ"

"လက်မခံဘူး"





"အိပိုးအိမ် ... အား ..."

ဗိုက်ထဲမှ အောင့်တက်လာသည်။ အခုတလော ... အောင့်တာက စိတ်လာသည်။

ကျန်းမာရေးမကောင်း။ စိတ်ပူပင်သောကရောက်လျှင် ပို၍ဆိုးဝါးလာတတ်သည်။

"ဖေဖေ ဘာဖြစ်တာလဲ"

"ဗိုက်အောင့်လို့ ... အခုတလော ဖေဖေ့ကျန်းမာရေး သိပ်မကောင်းဘူး သမီး ... ဖေဖေ့စိတ်တွေကို အနှောက်အယှက်မပေးစေချင်ဘူး"

ဖေဖေ့မှာ အူစာအိမ်ကင်ဆာဖြစ်ပြီဟု မပြောလိုပေ။

သမီးလေး အားငယ်သွားမှာစိုးသည်။ ဘာပဲဖြစ်ဖြစ် ... မိမိ စီစဉ်စရာရှိတာကိုတော့ စီစဉ်သွားရမည်ဖြစ်သည်။

မနအား အမွေစားအမွေခံသားအဖြစ် တရားဝင် မွေးစားမှ သမီး လေးစားမည်။ သမီးအား တရားဝင် စောင့်ရှောက်နိုင်မည်ဖြစ်သည်။

စီစဉ်ရမယ် ... သမီး မကျေနပ်လည်း မတတ်နိုင်။ မနကို ယုံကြည်မိသည်။ အားလည်း ကိုး၏။ သမီးလေးကို စောင့်ရှောက်နိုင်မည့် ယောကျ်ားတစ်ယောက်ဟု ထင်မိသည်။

"သမီး ဘာပဲဖြစ်ဖြစ် ဖေဖေ စီစဉ်တာကို လက်ခံပါ"

ဖေဖေ အခုတလော ပိန်ကျသွားသည်။ ဗိုက်အောင့်သည့်ဟု



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ ပြောနေတတ်၏။ အိပိုးအိမ် စိတ်ပူသွားမိသည်။

ဒါပေမဲ့ ... မနေအား မွေးစားမှာတော့ လက်မခံချင်။

"မနေ ဟန်ဆောင်ပြီး သဘောကောင်းချင်ယောင် ဆောင်နေတာဆိုရင်ရော"

"မဖြစ်နိုင်ဘူး ... "

"မနေအကြောင်း ဖေဖေ ဘယ်လောက်အထိ သိထားလို့လဲ"

"သိစရာ မလိုပါဘူး သမီး ... အပွေးမြင် အပင်သိတယ်၊ မနေနဲ့ဖေဖေ သိကျွမ်းခင်မင်နေတာ ကြာပြီပဲ"

သမီး ဘာပဲပြောပြော ဦးဆက်ပိုင် လက်မခံနိုင်တော့ပေ။

ဘယ်အရာမဆို ... အလေးအနက်မထားတတ်။ ငယ်စဉ်ကတည်းက လိုလေသေးမရှိ အလိုလိုက်ထားခဲ့သည်။ ဘယ်အရာမဆို သမီးစိတ်တိုင်းကျပဲ ဖြစ်စေခဲ့ရ၏။ သမီးမျက်နှာလေး တစ်ချက်လေး မျှပင် အညှိုးအနွမ်း မခံခဲ့ပေ။ ဖြည့်စွမ်းပေးခဲ့သည်။

အခု မိမိရောဂါဖြစ်နေပြီ။ သေချင်းတရားနှင့် ရင်ဆိုင်ရတော့မည့် အခြေအနေ။ သမီးကို စိတ်မချ ... စောင့်ရှောက်မည့်သူ လိုအပ်လာသည်။

"သမီးကတော့ မနေလာပြီး ဩဇာပေးတာမျိုး လုံးဝလက်မခံဘူးနော်"

အိပိုးအိမ် ပြောပြီး အပြင်ထွက်ဖို့ ဆိုင်ကယ်ဆီရောက်လာသည်။ သပ်ရပ်ပြောင်လက်နေသော ဆိုင်ကယ်ကို တွေ့ရ၏။ မနေပဲ





သန့်ရှင်းထားတာဖြစ်သည်။

"ဒိုး ... ဒိုး"

ဆိုင်ကယ်စက်ကို ခပ်ပြင်းပြင်း နှိုးပစ်လိုက်သည်။

"ဂူး"

"ဂူး"

အလကားလူ ... ဖေဖေကျေနပ်အောင် ဖားနေတာပဲ ဖြစ်သည်။ အလုပ်တွေ လုပ်ပြနေ၏။ အထင်မကြီးဘူး။ ဒီလူကို ဖေဖေ ဘာဖြစ်လို့များ အထင်ကြီးရတာလဲ။

"ဂူး"

"ဂူး"

"ဝေါ"

ဆိုင်ကယ်ကို ဝေါခနဲ တရကြမ်းမောင်းထွက်လာခဲ့သည်။ မနေကို ဒက်ဒီ မွေးစားမယ်ဆိုတာကိုတော့ အိပိုးအိမ် သဘောမကျမိ။ မကျေနပ်နိုင် ... ဖေဖေက ဆုံးဖြတ်ပြီးပြီတဲ့။

ဟွန်း ... လုံးဝပဲ။

ရှင် ... ဖေဖေကို စည်းရုံးသိမ်းသွင်းထားတာပဲနေမှာ။

ဖေဖေ့စည်းစိမ်ဥစ္စာတွေကို မက်မောနေတာပဲ ဖြစ်နိုင်သည်။ လောဘမရှိဘူးတဲ့။ ရိုးသားတယ်တဲ့။ မယုံဘူး ... ။ သူငယ်ချင်းအေမီတို့အိမ် ရောက်လာသည်။

"ပိုး ... ရှင် ဘာဖြစ်လာတာလဲ ... မျက်နှာကြီးရှုပ်လို့"



www.burmeseclassic.com

www.burmeseclassic.com



အေမီက မေးသည်။

သူမစိတ်ထဲမှာ မကျေနပ်ချက်တွေကို ဖွင့်ပြောမိ၏။

"ပိုး ... ဖေဖေ ဘာကြောင်တာလဲ၊ မဖြစ်နိုင်တာဘဲ ... ဘာမဟုတ်တဲ့လူတစ်ယောက်ကို စည်းစိမ်ဥစ္စာတွေရော၊ ပိုးကိုရော ထိုးအပ်ဖို့ စီစဉ်တာ"

"ဟုတ်တယ်လေ ... ဖေဖေက လုံးဝလက်မခံဘူး"

အေမီက ပိုးအိမ်ရဲ့ ကြွယ်ဝချမ်းသာမှုတွေကို သိနေသည်။ တစ်ဦးတည်းသော သမီးဖြစ်၍ ပိုးအိမ် လက်ညှိုးညွှန်ရာ ရေဖြစ်နေ၏။

အစ်ကိုဝမ်းကွဲ စတီဗင်နှင့် မိတ်ဆက်ပေးရန် ကြံမိသည်။ အိပိုးအိမ်ကို ရရင်ပြီးပြီ။

"ပိုး ... အရမ်းစိတ်ညစ်နေတယ် သိလား အေမီ"

"ဘာမှစိတ်မညစ်နဲ့ ... တို့အစ်ကိုတစ်ယောက် မွေးနေ့ပွဲရှိတယ် ... သွားမလား ပိုး ... "

"သွားလေ"

သွားတုန်းကတော့ အိပိုးအိမ် စိတ်ညစ်ပြေမလားဟု တွေးမိပြီး လိုက်ခဲ့မိသည်။ အေမီက သူ့အစ်ကိုဝမ်းကွဲ စတီဗင်နှင့်မိတ်ဆက်ပေး၏။

"ဒါက အိပိုးအိမ်တဲ့ ... အေမီ့သူငယ်ချင်းလေ ကိုကို၊ ဒါ ... ကိုယ့်အစ်ကိုဝမ်းကွဲ စတီဗင်တဲ့ ပိုး ... "





စတီဗင်က လူရည်သန့်သည်။ အသားအရေက ဖြူနုနေ၏။ ဘိုဆန်စွာ ချောမောသော ယောကျ်ားတစ်ယောက် ဖြစ်နေသည်။

ရင်တုန်သွား၏။ နှလုံးသားတွေထဲမှာ ဖွေးထွေးလှိုက်ခါသွားရသည်။ အိပိုးအိမ် ... ယောကျ်ားလေးတွေနှင့် တရင်းတနှီး မနေဘူးပေ။ ဆိုင်ကယ်တစ်စီးနှင့် ယောကျ်ားဆန်စွာ သွားလာနေထိုင်တတ်သည်။

သူမ ပေါင်းတာ မိန်းကလေးတွေပဲ။ စတီဗင်က ပထမဆုံးပင်။

ည ...

မီးရောင်က ပြာလဲ့လဲ့ ...

တေးသံသာတွေက မြူးကြွစွာ ထွက်ပေါ်နေသည်။

"အိပိုးအိမ်"

"ဟင်"

"ပျော်ရဲ့လား"

သူက တိုးတိတ်ညင်သာစွာဖြင့် အိပိုးအိမ်မျက်နှာနားကပ်ပြီး မေးသည်။ စိတ်တွေ လှုပ်ရှားသွားရ၏။

ပိုး ... ဘယ်လိုဖြစ်နေတာလဲ။ ငယ်စဉ်လေးတည်းက မိန်းမတစ်ယောက်ကဲ့သို့ နေထိုင်ပြုမူခြင်း မရှိခဲ့။ လွတ်လပ်စွာ နေမိသည်။ ဖေဖေကလည်း အလိုလိုက်၏။

ကိုစတီဗင်က သူမ ပခုံးလေးကို ဆုပ်ကိုင်ထားသည်။ ပိုးအိမ်



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ချက်တွေ အတော်လေး လျော့ပါးသွား၏။ ပျော်လာမိ၏။

"ကိုယ်မေးတာ ဖြေလေ"

"ပျော်တယ်"

"တကယ်"

"အင်း ..."

"ဟင်း ... ဟင်း ... ဟင်း"

စတီဗင် သဘောကျစွာ ရယ်နေမိသည်။ အေမီက ပြော၏။ အိပိုးအိမ်က ချမ်းသာသည်တဲ့။ စတီဗင်တို့ အကြိုက်ပဲ။ အိပိုးအိမ်က ချစ်စရာကောင်းစွာ ချောမောသော မိန်းကလေးပဲ။ မထင်မှတ်မိ။ နဖတ်အိစက်နေသည်။ ယောကျ်ားလေးတစ်ယောက်ကဲ့သို့ သွားလာနေပေမယ့် နှလုံးသားက နူးညံ့ကြောင်း စတီဗင် သဘောပေါက်ထား၏။

ကောင်မလေး ... ကြည်နူးနေသည်။ မြူးကြွနေ၏။

"ကိုစတီဗင်ရယ် ... ကျွန်မ အရမ်းပျော်တာပဲ"

သူမ ... တိုးတိတ်စွာ ညည်းညူနေမိသည်။ က,ပြီးတော့ အနားယူကြ၏။ ကိုစတီဗင်က သူမအား အရေးတယူရှိလွန်းသည်။

"အိပိုးအိမ်"

"ရှင်"

"မင်းနဲ့မိတ်ဆွေဖြစ်ရတာ ကိုယ့်မွေးနေ့မှာ အရမ်းကျက်သရေ မင်္ဂလာရှိတာပဲ" -





"အဟင်း"

သူမနှင့်မျက်နှာချင်း နီးကပ်စွာ ရှိနေသည်။ နွေးထွေးတဲ့ ငွေ့အသက်တွေက ရောထွေးနေ၏။

"အိပိုးအိမ်က အရမ်းရင်ခုန်ဖို့ကောင်းတဲ့ မိန်းမချောလေး တစ်ယောက်ပဲ"

"အဝိုတွေ"

"တကယ်ပြောတာပါကွာ"

"ဟင်း ... ဟင်း ... ဟင်း"

အိပိုးအိမ်စိတ်တွေ အပျော်ကြီးပျော်နေမိသည်။ လောက ကြီးကို မေ့နေ၏။

"ကိုစတီဗင်"

"ဟင်"

"ပိုး ... ရှင့်ကို မွေးနေ့လက်ဆောင် ပေးဦးမယ်နော်"

"မလိုပါဘူးကွာ ... ပိုးကြွရောက်ချီးမြှင့်တာကိုပဲ ကိုယ့်မွေးနေ့က ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံနေပြီ"

"အမှတ်တရပါနော် ... ပိုး ပေးပါရစေ"

အိပိုးအိမ် သူမ လက်သူကြွယ်လေးဆီမှ စိန်လက်စွပ်လေးကို ဆွတ်ယူပြီး အမှတ်တရမွေးနေ့လက်ဆောင် ပေးမိသည်။

"ကိုစတီဗင့်အတွက် အမှတ်တရပါ ... မွေးနေ့တိုင်း အသက် ကျော်ရှည်စွာ ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

တစ်ယောက်မျက်နှာ တစ်ယောက် စူးစိုက်ကြည့်ပြီး ရယ်
ကြသည်။ အိပိုးအိမ် အိမ်ပြန်ဖို့ပင် မေ့နေ၏။

"ဟဲ့ ပိုးအိမ် ..."

"ဟင် ... အေမီ"

ဘယ်ရောက်နေမှန်းမသိတဲ့ အေမီ ရောက်လာသည်။ ပြန်
သတိပေး၏။

ဟုတ်သားပဲ ... ညဉ့်နက်နေပြီ။ ဖေဖေ့ကိုလည်း ဘာ
မပြောခဲ့။

"ရှင်က လောကကြီးကိုတောင် မေ့နေပြီလား ဒေါ်အိပို
အိမ်"

အိပိုးအိမ် ထသည်။ ယိုင်ခနဲဖြစ်သွား၍ ကိုစတီဗင်က ဖေ
လိုက်ရ၏။

"ဆိုင်ကယ်နဲ့ပြန်လို့ မဖြစ်တော့ဘူးထင်တယ် ပိုး ... ကို
လိုက်ပို့ပေးမယ်"

"အိုကေ"

အိပိုးအိမ်ကတော့ ကိုစတီဗင်က သူမအနားမှာရှိနေတာ
ပျော်သလို ခံစားနေရသည်။

☆

အခန်း ( ၄ )

သမီး ပြန်မလာသေး၍ စိတ်တွေပူနေမိသည်။ တစ်ခါမှ
...ကဲ့သို့ မနေဘူးပေ။ သောကတွေ ဖိစီးလာသည်။

သမီး ... အိပိုးအိမ် ... မိတဆိုးလေး ...

ချစ်လွန်း၍ မိမိ အလွန်အမင်း အလိုလိုက်ထားခဲ့သည်။
မှားပြီလား ...

သမီးက မနေအား အမွေစားအမွေခံမွေး၏ သဘောမကျခဲ့။
လက်မခံ ... ဖခင်အပေါ် ဆိုးပြတာလား။

ယောက်ျားလေးတစ်ယောက်ကဲ့သို့ပင် ထင်တိုင်းသွားနေ
သည်။ မိမိ မတားဆီးခဲ့။

သမီးလေး စိတ်အနှောက်အယှက်ဖြစ်မှာမျိုး မိမိ မလိုလားခဲ့

"မနေ"

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ အန်ကယ် ..."

"သမီးလေး သွားတတ်တဲ့နေရာတွေ လိုက်သွားကြည့် အောင်"

ခနလိုက်ပြီး မကြည့်ချင်။ အိပိုးအိမ်က သူ့အပေါ် အမြင် စောင်းမှာပဲ စိုးမိသည်။

"သမီးလေး တစ်ခါမှ ဒီလိုမသွားတတ်ဘူးကွ ... အန်ကယ် စိတ်ပူနေတယ်"

အန်ကယ်က ကျန်းမာရေးမကောင်း။ စိတ်သောကရောက် လျှင် ကျန်းမာရေး ပို၍ထိခိုက်စေနိုင်သည် မဟုတ်လား။

အန်ကယ့်အား စိတ်ချမ်းသာစေချင်သည်။

"အန်ကယ်နဲ့ခနေ သွားမယ်"

"အန်ကယ် ... ကျွန်တော်နဲ့ကိုစိုးသွားရှာမယ် ... အန်ကယ် အနားယူပြီး နေခဲ့ပါ"

"မင်းတို့ချည်းသွားရင်လည်း သမီးတစ်မျိုးထင်နေဦးမယ် အန်ကယ်ကိုယ်တိုင် လိုက်မှဖြစ်မယ်"

ဦးဆက်ပိုင် ကိုယ်တိုင်လိုက်မှဖြစ်မည်ဟု ထင်မိသည်။ အပေါ် အမြင်မစောင်းစေလိုပေ။

"ကျွန်တော် လိုက်ရင် အိပိုးအိမ်က စိတ်များဆိုးနေမလာ ဘဲ"

"ရပါတယ် မောင်ရင် ... နောက်ဆို မင်း ဆုံးမရမှာပဲ ... အခုတည်းက အလေ့အကျင့်လုပ်ထားမှ"

ဦးဆက်ပိုင်က ဆုံးဖြတ်ထားပြီးသားဖြစ်သည်။ ခနကို ရှိသေ လေးစားရမယ်။

"သွားစို့"

"ဟုတ်ကဲ့"

အိပိုးအိမ်အပေါ် ကိုယ်လုံးဝ မလွှမ်းမိုးချင်တာ အမှန်ပါပဲ။

"အန်ကယ် ... ကျွန်တော့်ကိုတော့ အခွင့်အရေးတွေ မပေး စေချင်ဘူး ... အိပိုးအိမ် စိတ်ထဲမှာ အထင်မလွဲစေချင်ဘူး"

"ခနု"

"ဗျာ"

"အန်ကယ့်အနေနဲ့ မောင်ရင့်ကို ဘယ်လောက်အထိအားကိုး တယ်ဆိုတာ မင်းသိပါတယ်"

"ဟုတ်ကဲ့"

"အန်ကယ်ဟာ လူ့လောကကြီးထဲမှာ နေရဖို့ဆိုတာ အချိန် ကာလ သိပ်မကြာတော့ဘူး ခနု ..."

အန်ကယ့်အသံတွေက ကြေကွဲဝမ်းနည်းစွာ ဆို့နစ်နေသည်။

"အန်ကယ် သမီးအတွက်ပဲပူနေတယ် ... သောကတွေ ခအေးဘူး"

ကိုယ် စိတ်မကောင်းဖြစ်ရတယ်။ အန်ကယ်ဟာ ကိုယ့်ရဲ့ အကြီးမားဆုံးကျေးဇူးရှင်ပါ။ ဖခင်လိုပါပဲ ... ကိုယ် ဘယ်တော့မှ







www.burmeseclassic.com

www.burmeseclassic.com



အတ္တတွေ လောဘရမ္မက်တွေ မရှိပါဘူး။ အခွင့်အရေးလည်း မလိုချင်ဘူး။ မင်းကတော့ ယုံမှာမဟုတ်ပါဘူး။ သဘာဝပါပဲ။

ကိုယ်နဲ့အန်ကယ် ကားမောင်းပြီး သူငယ်ချင်းတွေအိမ်ကို လိုက်ရှာခဲ့ကြသည်။

နောက်ဆုံးတော့ ... အေမီတို့အိမ် ရောက်လာသည်။

"အိပိုးအိမ် လာလားကွယ်"

အန်ကယ်က မေးသည်။ အေမီဆိုတာက အတော်လေး ခေတ်မီတဲ့ မိန်းကလေးပဲ။ ပိန်ချုံးကျနေတဲ့ ဘော်ဒီကိုလှုပ်ခါပြီး ကိုယ့်ရှေ့မှာ ရပ်သည်။

"အိပိုးအိမ်လား ... စောစောကပဲ ပြန်သွားပြီလေ"

"ကျေးဇူးပါပဲ"

အန်ကယ်က ဇိုက်အောင့်လာပြီဖြစ်၍ ကားပေါ်ပြန်တက်သည်။

"ဒီမှာ ..."

"ဗျာ"

"ရှင်က မနေလား"

"ဟုတ်ပါတယ်"

"မဆိုးဘူး"

"ဗျာ"

"အိပိုးအိမ်က ပြောတယ် ... မနေကို ပိုးအိမ်အဖေက အမွေ





စားအမွေခံ မွေးစားမယ့်ကိစ္စ မကျေနပ်ဘူးတဲ့"

ကိုယ်ဆက်ပြီးမနေချင်တော့၍ သွားခွင့်ပြုရန် ပြောမိသည်။

"ရှင်က စက်ပြင်သမားဆို"

ယဉ်ကျေးမှု နားမလည်သော အမျိုးသမီးပဲဟု တွေးမိသည်။ ဒီလောက်အထိ မစပ်စုသင့်ပေ။

"ရှင်က စက်ပြင်သမားတစ်ယောက်လို့ မထင်မှတ်လောက်အောင်ပဲ ရုပ်ရည်က သန့်နေတယ်"

"ခွင့်ပြုပါဦး"

"မနေ"

"ဗျာ"

"အိပိုးအိမ်ကတော့ ရှင့်ကို လုံးဝလက်မခံဘူးနော်"

ကိုယ် သိပြီးသားပဲ။ ဘယ်လိုမိန်းမမှန်း မသိ။ အိပိုးအိမ် အပေါင်းအသင်းတွေထဲမှာ ဒီလိုမိန်းကလေးမျိုးရှိနေတာကိုက စိတ်အေးစရာဘဲ။

"မောင်ရင် ... အန်ကယ့်သမီးလေးရဲ့ အပေါင်းအသင်းတွေအကြောင်း အန်ကယ် သိပ်မသိဘူးကွယ်"

အန်ကယ်က အေမီကို သဘောမကျကြောင်းပြောသည်။ မျက်နှာ မကောင်းပေ။

"မနေ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဘာတွေပြောနေတာလဲ ခနု"

"အိပိုးအိမ်က ကျွန်တော့်အပေါ် အထင်အမြင်သေးနေကြောင်း ပြောတာပါ"

"ခက်တာပဲ ... ဒီမိန်းကလေးကြည့်ရတာ သိပ်ပြီးအခြေအနေ မဟန်ဘူး"

သမီးသူငယ်ချင်းတွေကို ဦးဆက်ပိုင် စိတ်မဝင်စားအားပေ။ စီးပွားရေးလုပ်ငန်းတွေထဲမှာပဲ လုံးပန်းနေမိသည်။

သမီးကို အလိုလိုက်ထားသည်။ မိမိ ကျန်းမာရေးမကောင်းမှ သမီးနှင့်ပတ်သက်ပြီး စိတ်ဝင်စားရမှန်း သိလာရတော့၏။

သမီး အခြေအနေက ဆိုးဝါးနေသည်။ သူငယ်ချင်းတွေကိုလည်း လိပ်စာနှင့်နာမည်သာ သိပြီးလူတွေမသိ။ သမီး မှတ်စုစာအုပ်ထဲမှာ ရှာရသည်။

"အေမီဆိုတဲ့ ကောင်မလေးကြည့်ရတာ နိုက်ကလပ်များ တက်လာလား မသိဘူး"

အတွေးကြောင့် သောကမီးတွေက ရင်ထဲမှာ တောက်လောင်လာရသည်။

"အား"

မိုက်ထဲမှာ အောင့်လာရသည်။

☆

အခန်း ( ၅ )

အိပိုးအိမ် အိပ်ခန်းထဲတန်းပြီး ဝင်လာခဲ့မိသည်။

ရင်ထဲမှာ ပေါ့ပ်ရွှင်နေ၏။ ဖေဖေနှင့်ဟိုလူ ခနုက သူမအားလိုက်ရှာနေသည်ဟု ပြောသည်။

ဟွန်း ... မုန်းလိုက်တာ ... ဘာဖြစ်လို့ ရှာရတာလဲ။

ခနု ရှည်ကြောတာပဲ ဖြစ်မယ်။ ဖေဖေက တစ်သက်လုံး အိပိုးအိမ် အလိုဆန္ဒတွေအတိုင်းပဲ ဖြစ်စေခဲ့တာ။

ရှင့်ကြောင့်ပဲ ... ဂရုမစိုက်ပါဘူး။

သူမ အိပ်ခန်းထဲဝင်လာပြီး အဝတ်အစားတွေပင် မလဲသေးဘဲ ခုတင်ပေါ် ပစ်လှဲချပစ်လိုက်မိသည်။

ပြီးတော့ ...

ကက်ဆက်ဖွင့်သည်။ မြူးကြွတဲ့ တေးသံတွေက ရင်ထဲသို့ တိုးဝင်ဖြတ်သန်းလာရ၏။ ကိုစတီဗင်ရဲ့ မွေးနေ့ပွဲလေးကို အမှတ်ရ



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

လွမ်းလိုက်တာ ...

စိတ်ညစ်နေတာတွေ ပျောက်ကင်းနေသလို ဖြစ်လာသည်။ အိမ်တောင် မပြန်ချင်။ ကိုစတီဗင့်ရင်ခွင်က နွေးထွေးနေသည်။

ရင်ထဲမှာ လှုပ်ရှားနေဆဲပင်။ ကျေးဇူးပဲ အေဗီ ...

မင်းကြောင့် ကိုယ့်ဘဝထဲမှာ ခင်မင်နှစ်သက်စရာကောင်းတဲ့ လူတစ်ယောက်နဲ့ ပတ်သက်မိသွားတာလေ။

"အဟက်"

"ဟင်း ... ဟင်း ... ဟင်း ... "

အိပ်ိုးအိမ် ... ရင်မောမိသည်။

"တီ ... တီ"

"တီ ... "

ဖေဖေ ပြန်လာပြီထင်တယ်။ စိတ်ထဲမှာ ရှုပ်သွားသည်။ မကျေနပ်ချက်တွေ ရောက်လာပြန်၏။

အလကားလူ ... အလကားလူ ...

အော်ဟစ်ချင်မိသည်။

ဖေဖေက ခုလို လူတစ်ယောက်ကို ဘာဖြစ်လို့ အခွင့်အရေးတွေ ပေးနေရတာလဲ။ အမွေစားအမွေခံ မွေးစားမယ်တဲ့။

ဖေဖေ့ကို ဖားနေတာ။ လူဆိုတာ ချမ်းသာကြွယ်ဝမှုတွေကို





မမက်မောဘဲနေမလား။ သူက ဘာမို့လို့လဲ ... စက်ပြင်သမားတစ်ယောက်ရဲ့စိတ်ဓာတ်က ဘယ်လောက်အထိ မြင့်မားမှာမို့လဲ။

"သမီး"

ဖေဖေ့အသံ ...

"တံခါးဖွင့်ပါဦး"

သူမ ... ထလိုက်သည်။

ဖေဖေနှင့် အတိုက်အခံစကားတွေ မပြောလိုပေ။ အိပိုးအိမ်စိတ်ကောက်ပြချင်သည်။ ခုနအား အမွေစားအမွေခံသားအဖြစ်လက်မခံလိုကြောင်း ဆန္ဒကျင်ရမည်။

"အိပိုးအိမ်"

"သမီး နားယူချင်တယ်"

"ခဏလေးဖြစ်ဖြစ် ဖေဖေ တွေ့ချင်လို့ပါ"

"ဟင့်အင်း ... သမီး အိပ်ချင်နေပြီ"

"ဖွင့်ပါဦး ... ဖေဖေ စကားပြောချင်လို့ပါ"

"သမီး မပြောချင်ဘူး ... ဒီအချိန်က အိပ်ချိန်ပဲ ဖေဖေ"

မိမိလုပ်ရပ်တွေကို သမီးလေးက မကျေမနပ်ဖြစ်နေကြောင်း ပြနေသည်။ နေကလည်း သမီးထင်သလို စည်းစိမ်ဥစ္စာတွေကို မက်မောခြင်းမရှိကြောင်း ရှင်းပြလို၏။

"အိပိုးအိမ် ... အိပိုးအိမ် ... သမီး"



www.burmeseclassic.com

www.burmeseclassic.com



သမီး ငြိမ်သက်နေသည်။ ငယ်စဉ်လေးတည်းက အလိုလိုက်ထားတဲ့ သမီးပါ။ နေပါစေ ... မနက်မှပြောတော့မယ်။

မိမိ ... ပြန်လာခဲ့သည်။

အင်း ... သမီးလေးမှာ မိခင်မရှိတော့လည်း မိမိပဲနေရာတကာ ပြောနေရသည်။

တစ်သက်လုံး ... အလိုလိုက်မိတာ မှားတယ်။

"အား ... "

ဗိုက်က အောင့်လာသည်။ ချွေးစေးတွေပင် ပြန်လာ၏။

ဆေးကိုယူပြီး ကမန်းကတန်း သောက်လိုက်မိသည်။

မောလိုက်တာ ... အိပ်ရာပေါ်မှာ အသာလှဲနေမိသည်။ သမီးကို လွှတ်ထားလို့မဖြစ်တော့ဘူးဟု ထင်မိလာ၏။ ထိန်းချုပ်ရမယ်။

မဖြစ်တော့ဘူး ... မိမိ မရှိရင် ... ဆက်ပြီး မတွေးရဲလောက်အောင် စိတ်တွေတုန်လှုပ်ချောက်ချားလာရသည်။

အိပ်လို့မရ ... အစာအိမ်ဆိုတော့ ဆေးပြင်းတွေသောက်၍မရ။ တရားမှတ်နေမိသည်။ မတတ်နိုင်ဘူး ... ကံတရားပဲ။

ညဉ့်အတော်နက်မှ ဦးဆက်ပိုင် မေ့ခနဲ အိပ်ပျော်သွားမိသည်။ နေကတော့ အန်ကယ်ဦးဆက်ပိုင် ကျန်းမာရေးအတွက် စိတ်ပူနေမိသည်။





ကိုယ့်ကျေးဇူးရှင်ပဲ ... အန်ကယ့်ဆန္ဒတွေကို လိုက်လျောဖို့ ကိုယ် ဆုံးဖြတ်ထားမိသည်။ အမိက မင်းအတွက်ပဲ အိပိုးအိမ်။

အန်ကယ် စိတ်သောကတွေ မအေးနိုင်အောင် ဖြစ်နေတာ [illegible]

"နေကို အန်ကယ် အားကိုးတယ် ... သမီးလေးအပေါ် ...တနာ အပြည့်အဝနဲ့ စောင့်ရှောက်နိုင်လိမ့်မယ်လို့လည်း ယုံကြည်တယ်"

အန်ကယ့်စကားတွေကို ကိုယ်ကြားယောင်နေမိသည်။

အိပ်၍မရ ... အခုလောက်ဆို ... အန်ကယ်တစ်ယောက် ...ည်း ဝေဒနာတွေ ခံစားနေရပြီလား။

"အန်ကယ့်အခြေအနေအမှန်ကို သမီးလေး မသိစေချင်ဘူး။ ...းငယ်ပြီး စိတ်ဓာတ်ကျသွားမှာစိုးတယ်"

အန်ကယ်က သမီးအပေါ် ကြီးမားတဲ့ချစ်ခြင်းမေတ္တာတွေ ...းသည်။

"သမီး အနာဂတ်အတွက် အန်ကယ်စိတ်ပူတယ် ... သမီး ...တစ်သက်တာ အေးချမ်းဖို့ အန်ကယ်ယုံကြည်တာ နေပဲ"

လုပ်ငန်းတွေကို ကိုယ်နားလည်စေရန် သင်ပေးသည်။

"မင်း ... ကျောင်းတစ်ဖက်တက်ပြီး လုပ်ငန်းတွေကို ဦးစီး ...ခဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်က တတွတ်တွတ်မှာသည်။ အန်ကယ့်ယုံကြည်
တွေအပေါ် ကိုယ်ဘယ်တော့မှ အလွဲသုံးစားမလုပ်ဘူး။

"ခနေ"

"ဟင် ... ကိုစိုး"

ကိုစိုး အနားရောက်လာသည်။

"ညက အိပိုးအိမ် နိုက်ကလပ်များတက်ပြီး ပြန်လာလား
ခနေ ..."

အန်ကယ် မမြင်တာဘဲ ကောင်းသည်ဟု တွေးမိလာသည်

"အိပိုးအိမ်က ဆိုးတယ် ... ဆိုင်ကယ်တစ်စီးနဲ့လျှောက်သွား
နေတာပဲ ... ဆယ်တန်းမှာ အာစရိက အကောင်းဆုံးထားပေး
မယ့် အမှတ်က တစ်ဘာသာလေးဆယ်နဲ့ပဲ အောင်တယ်လေ"

ကိုစိုးလည်း အိပိုးအိမ်အတွက် စိတ်မအေးနိုင်အောင် ဖြစ်
သည်။ ဆရာကြီးက အလိုလိုက်ထား၏။ စီးပွားရေးပဲ သမီးအ
ဂတ်အတွက် လုံးပန်းနေရရှာသည်။

"ဆရာကတော့ သမီးအတွက် ငွေရှာဖို့ တစ်ခုတည်းခေါင်း
မှာထားတာ"

ကိုယ်ကတော့ မင်းကို မဝေဖန်ချင်ပါဘူး။ မင်း ကိုယ့်အပေ
အထင်သေးတာလည်း သဘာဝကျတာပဲ။

ကိုယ်က စက်ပြင်သမား။ ပညာတော်တာ ... ရိုးသားတာ





ကိုယ့်ဝှက်ပဲ။ ကိုယ်ကျင့်တရားတွေကို အမြဲတမ်း ကိုယ်ထိန်း
ထားတယ်။

"ကိုစိုး"

"ပြော"

"ကျွန်တော်နဲ့ပတ်သက်ပြီး ကိုစိုး ဝေဖန်ပေးစမ်းပါ"

ကိုစိုးက ပြုံး၍ကြည့်သည်။

"မောင်ရင့်ကိုတော့ ဆရာအားကိုးတာ မမှားဘူးလို့ထင်
"

ဟုတ်တယ်လေ ... ဒီကောင်လေးက အမြဲတမ်း အလိုက်သိ
ကြိုးစားသည်။

သူ့မျက်ဝန်းတွေက ရိုးသားတယ်။ တည်ကြည်တယ်။

"အိပိုးအိမ်လေးကတော့ တစ်မျိုးထင်မှာပဲ ခနေ ... မောင်ရင်
ခံပါ"

"ကျွန်တော်ကတော့ အန်ကယ့်ဆန္ဒကိုပါပဲ ... တစ်နေ့နေ့
အိပိုးအိမ် နားလည်လာမယ်လို့ ထင်တာပဲ"

"အေးကွာ ... ခနေကို ဆရာ အားကိုးလောက်ပါတယ်"

ခနေလို လူငယ်လေးကို ဆရာရတာ ကံကောင်းတာပဲ။
အားကိုးလောက်တဲ့ အစွမ်းအစတွေ ရှိနေ၏။

"မောင်ရင်က လုပ်ငန်းတွေ အောင်မြင်အောင် လုပ်နိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပါကွာ ... ကိုစိုး ယုံတယ်"

ကိုယ် အိပ်ရာကထပြီး သန့်ရှင်းရေးအလုပ်တွေလု[illegible]

အန်ကယ့်ဆီ သွားတယ်။

အန်ကယ် နိုးနေပြီ။ အိပ်ရာပေါ်ကနေ အန်ကယ် မထ[illegible]

ဖြစ်နေသည်။

"ညက အိပ်ရေးပျက်သွားတယ် ခနဲ့"

"ကျွန်တော် ဘာလုပ်ပေးရမလဲ အန်ကယ် ..."

"အန်ကယ် အလုပ်ရုံတွေဆီ မလိုက်နိုင်တော့ဘူး [illegible]

သားပဲသွားပါ"

သားတဲ့ ... ကိုယ့်တစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြော[illegible]

ပတ်မှုတွေ ရပ်ဆိုင်းသွားသလို တောင့်တင်းအေးစက်သွားရ[illegible]

"သား"

"ဗျာ"

"မင်းဟာ ဖေဖေ့ရဲ့ သားတစ်ယောက်ပါပဲ"

အန်ကယ်က ကိုယ့်လက်တွေကို တင်းကျပ်စွာ ဆု[illegible]

ထားတယ်။ အားကိုးတကြီး ဖြစ်နေတယ်။

"မနက်ဖြန် သားကို အမွေစားအမွေခံသားအဖြစ် [illegible]

မယ်"

ရှေ့နေတွေနှင့် အားလုံးစီစဉ်ထားပြီးပြီဖြစ်[illegible]





အန်ကယ်က အားတက်သရော ပြောနေသည်။

"သား"

"ဗျာ"

"ဖေဖေလို့ ခေါ်ပါလား"

ဦးဆက်ပိုင် စိတ်ထဲမှာ နေအား သားတစ်ယောက်အဖြစ်

ခင်တွယ်လာမိသည်။

"ရှေးဘဝရေစက်ပဲ ထင်တယ်သား"

ဖေဖေလို့ ခေါ်ရမှာ ကိုယ်ဝန်လေးနေမိတယ် အိပိုးအိမ်။

မင်းကြောင့်ပါ ...

"သမီးလေးပြုံပြင်မှာ မင်းကြောက်နေတယ် မဟုတ်လား

ခနဲ့"

"ဟုတ်ကဲ့ အန်ကယ် ... အိပိုးအိမ် စိတ်အနှောက်အယှက်

ဖြစ်မှာ ကျွန်တော် မလိုလားဆုံးပါပဲ"

ကိုယ် အေးစက်တဲ့မျက်ဝန်းတွေနှင့် အန်ကယ့်ကို ကြည့်မိ

သည်။

"ကျွန်တော် ... အန်ကယ့်ကို ဖေဖေလို့ခေါ်ရတာ ဝန်မလေး

ပါဘူး ... ဒါပေမဲ့ ... အိပိုးအိမ်ကိုတော့ မနာကြည်းစေချင်ဘူး"

"သား"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"တရားဝင် စာချုပ်စာတမ်းတွေ လုပ်ပြီးရင်တော့ ဖေဖေ့ဆီ
ခေါ်ရမယ် ... ဖေဖေ စိတ်ချမ်းသာအောင် သားလုပ်ဆောင်ပေးပါ"

ကိုယ် မငြင်းဆန်ရက်။

"သား ... မင်းအလုပ်ဝင်ဖို့သွားတော့ ... ဖေဖေ့သားတစ်
ယောက်အနေနဲ့ရော လုပ်ငန်းကိုဦးစီးမဲ့လူတစ်ယောက်အနေနဲ့ရော
သား သေသေသပ်သပ် ဝတ်စားစေချင်တယ်"

အန်ကယ့်ဆန္ဒတွေက ကိုယ့်ဆန္ဒတွေပဲလေ။ ကိုယ်သန့်ရှင်း
သေသပ်စွာ ဝတ်စားပြင်ဆင်ရသည်။ အန်ကယ်က ကြည်နူးစွာကြည့်
နေသည်။

"သားက ရုပ်ရည်သန့်တယ် ... ခန့်တယ် ... ဖေဖေ စိတ်
ချမ်းသာလိုက်တာကွာ"

ကိုယ့်ပခုံးတွေကို ဖျစ်ညှစ်ပြီး ကျေနပ်ပီတိတွေနှင့် ပြော
သည်။ အန်ကယ်ဟာ ကိုယ့်အဖေလိုပဲ ကြင်နာယုယတတ်တယ်

ကိုယ် ဆုံးဖြတ်ထားမိသည်။ ဖေဖေ့ဆန္ဒတွေအတိုင်း တာဝ
တွေကို ထမ်းဆောင်ဖို့ ကိုယ် ဆုံးဖြတ်ထားမိသည်။

☆

အခန်း ( ၆ )

"ဒီမှာ"

ကားပေါ် လှမ်းတက်မယ့် ကိုယ့်ခြေလှမ်းတွေ တုန့်ခနဲရပ်
သွား၏။

အိပိုးအိမ် ...

မျက်ဝန်းတွေက တင်းမာခက်ထန်စွာ ရန်လိုသောမျက်ဝန်း
တွေ ဖြစ်နေသည်။

"ရှင် သိပ်ပြီး သားနားနေပါလား"

နှုတ်ခမ်းသားတွေကို တွန့်မဲ့စွာပြုံးသည်။

"ရှင်က ဖေဖေ့လုပ်ငန်းတွေအားလုံးကို ဦးစီးနိုင်ဖို့ စည်းရုံး
ရေးတော်တော်ကောင်းတာပဲ"

"ကိုယ့်ကို အထင်မလွဲပါနဲ့ အိပိုးအိမ် ... အန်ကယ်က နိုင်း
ထို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက ရှင့်ကို အရမ်းအထင်ကြီးနေတာပဲ ... သိပ်ပြီး အခွင့်အရေးမယူပါနဲ့ ... ကျွန်မ အမြင်ကတ်တယ်"

မင်းအမြင်ကတ်လည်း မတတ်နိုင်ဘူး အိုးအိမ်။

"ခုန"

"ပြောပါ အိုးအိမ်"

"ကျွန်မ ရှင့်ကို အပွင့်လင်းဆုံး ပြောစရာရှိတယ်"

"ဗျာ"

"ကျွန်မမှာချစ်သူရှိတယ် ... စတီဗင်တဲ့ ... ဘာပဲဖြစ်ဖြစ် ကျွန်မဖေဖေရဲ့လုပ်ငန်းတွေအားလုံး စတီဗင်ပဲ ဦးစီးသင့်တယ်လို့ ထင်တယ်"

"အန်ကယ့်ကိုပြောပါလား အိုးအိမ် ... ကိုယ်က ဘာပြဿနာမှ မရှိပါဘူး"

"အခုက ပြောချင်တာက ဖေဖေ့ကို အယုံမသွင်းပါနဲ့"

ကိုယ် ဘယ်တုန်းကမှ မင်းအဖေကို အယုံမသွင်းပါဘူး။

"ရှင့်ကို သားအဖြစ် မွေးစားတာ ကျွန်မ လုံးဝသဘောမတူဘူး ... ရှင် သိထားဖို့ လိုအပ်တယ်"

"မင်းကို အရှင်းဆုံးပြောမယ် အိုးအိမ် ... ကိုယ်ကတော့ မင်းအဖေဆန္ဒဆို ဘာမဆိုလိုက်လျောရလိမ့်မယ်"

သူ ... ပြောပြီး ကားပေါ်တက်သည်။





ကားကို ဝေါခနဲ မောင်းထွက်သွားတော့၏။ ဟွန်း ... အိုးအိမ် ဒေါသတွေပေါက်ကွဲပြီး ကျန်ရစ်တော့သည်။

ရှင် ... ဘာဖြစ်လို့ ဒီလောက်အထိ ခမ်းနားနေရတာလဲ။

သူများအိမ်မှာ မှီခိုနေပြီး မာန်မာနက အောက်မချချင်ဘူး။ အိမ်အား အရေးပင်မလုပ်။ အောက်ကျလည်းမခံ။ ဖေဖေ တစ် ာက်တည်းကိုပဲ ရှင် လူထင်နေတာ မဟုတ်လား။

စတီဗင်ကို ကျွန်မချစ်သူပါလို့ တမင်ရွဲ့ပြီး ပြောပစ်လိုက်မိ ည်။

"စတီဗင် ... ကျွန်မကို လာကယ်ပါဦး"

သူမ စတီဗင့်ကို ရွေးချယ်မယ်။ ရှင့်လို ဘာမဟုတ်တဲ့စက် သမားတစ်ယောက် လာပြီးလက်ဝါးကြီးအုပ်တာမျိုးတော့ လုံးဝ တ်မခံနိုင်ဘူး။

ရင်ထဲမှာ ... မခံမရပ်နိုင်အောင် ဖြစ်နေသည်။

ဒေါသတွေ ပေါက်ကွဲချင်လာသည်။

သူ ... ခုန ... ဖေဖေ့အထောက်အပံ့တွေနဲ့ သားသားနား ဖြစ်နေတယ်။ မနာလိုလိုက်တာ။ အရင်ကနဲ့တခြားစီပဲ။

ရှင် ဒီလောက်ကြီး ချောမောခန့်ညားနေတာ အမြင်ကတ် တ်တာနော်။

ဖေဖေ့ကို အယုံသွင်းနေတာ စည်းရုံးသိမ်းသွင်းနေတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ဆိုင်ကယ်ကို ခြေထောက်နှင့်ကန်ပစ်လိုက်သဖြင့် လဲ
သွားသည်။ ကိုစိုး ပြေးလာ၏။

"အိပိုးအိမ် ... ဘာဖြစ်လို့လဲ ဘယ်သူ့ကို မကျေနပ်လို့လဲ"

"ဟိုလူ့ကို မကျေနပ်တာ"

"နေလား ... အိပိုးအိမ်ကို ဘာလုပ်သွားလို့လဲ"

"မလုပ်ပါဘူး ... လုပ်လို့ရမလား"

"ဒါဖြင့် ဘာဖြစ်လို့ဒေါသတွေ ဖြစ်နေရတာလဲ"

"သူ သားနားနေတာ ကြည့်မရလို့"

"အိပိုးအိမ်ရယ် ... နေက ရိုးသားပါတယ်၊ မင်းအဖေ က
မာရေးမကောင်းလို့ လူယုံထားတာပါ"

"ဘာလူယုံလဲ ... သူကရော ဘယ်လောက်အထိ စိတ်
လို့လဲ"

အလကားပါ ... ဖေဖေယုံကြည်အောင် ဟန်ဆောင်လုပ်
နေတာ။

ရှင်လား ... ရိုးသားမှာ။

ဖေဖေက ယုံကြည်လွန်းနေသည်။ လုပ်ငန်းတွေပါ လွှဲအ
နေ၏။

"အိပိုးအိမ်ရယ် ... ဖေဖေက သမီးလေးဘဝရှေ့ရေးအတွ





ပါ"

"ဘာဆိုင်လဲ ... အိပိုးအိမ်တို့မှာ စားမကုန်အောင် ချမ်းသာနေတာပဲ ... အလုပ်မလုပ်ဘဲ ထိုင်စားဦး"

"မဟုတ်သေးဘူးလေ ... ငွေကြေး ချမ်းသာမှုဆိုတာ အထိန်းအသိမ်း မတက်ရင် ခဏလေး ကုန်သွားနိုင်တယ်လေ"

"ဘာပဲဖြစ်ဖြစ် အိပိုးအိမ်ကတော့ ဒီနေဆိုတဲ့လူကို အယုံအကြည်မရှိဘူး"

ကိုစိုး ဘာတတ်နိုင်မှာလဲ။ အိပိုးအိမ်က ခေါင်းမာလွန်းတဲ့ကောင်မလေးတစ်ယောက် ဖြစ်နေသည်။ နေအပေါ် အထင်သေးလွန်းနေ၏။

"မမ ... ဆရာကြီးက တွေ့ချင်တယ်တဲ့"

ဖေဖေ့ကိုလည်း သူမစိတ်ထဲမှာ မကျေမနပ် ဖြစ်နေမိသည်။ နေကို ဘာဖြစ်လို့ မြှောက်စားနေရတာလဲ။

အဓိပ္ပါယ်မရှိတာ။ အိပိုးအိမ် တွေ့ခဲ့စဉ်က စက်ဆီတွေပေကျံနေတဲ့ သူ့ရုပ်ရည်က အခုဖေဖေ မြှောက်စားထားတဲ့အခြေအနေနှင့် ဘာမှမဆိုင်ပေ။ လုပ်ငန်းတွေကို ဦးစီးနိုင်လောက်အောင် ဖေဖေ့အား အချိန်တိုတိုမှာပင် စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။

ဖေဖေက တွေ့ချင်တယ်တဲ့။

သူမ ... အပေါ်ထပ် တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့အသားအရေက ဖြူရော်ပြီး အင်အားမရှိသလိုကြီး ဖြစ်နေ၏။

“ဖေဖေ”

“သမီး”

သမီးမျက်ဝန်းလေးတွေက မကျေမနပ်ဖြစ်နေကြောင်း သိသာနေသည်။

“မနက်ဖြန် ... မနက်ကို ဖေဖေ အမွေစားအမွေခံ တရားဝင်မွေးစားမယ်”

“ဟင်”

အိပိုးအိမ် ကိုယ်လုံးလေး ဆတ်ခနဲ ဖြစ်သွားသည်။

“သမီး သဘောမတူဘူး”

ချက်ချင်း ကန့်ကွက်လိုက်မိသည်။

“မနေဟာ ရိုးသားပြီး အစွမ်းအစ ရှိတဲ့ ယောကျ်ားတစ်ယောက်ပဲ သမီး”

ဦးဆက်ပိုင်ကတော့ စီစဉ်စရာရှိတာတွေ စီစဉ်ရမည်ဖြစ်သည်။ သမီးကို စိတ်မချ။ မနေကလွဲပြီး သမီးကို အပ်နှံရန် လူမရှိပေ။

“ဘာမဟုတ်တဲ့လူတစ်ယောက်ကို ဖေဖေ ဘာဖြစ်လို့ယုံနေရတာလဲ ... သမီးကိုကျတော့ မယုံဘူး”

“ဖေဖေ သမီးကိုမယုံတာ မဟုတ်ပါဘူးကွယ် ... သားတစ်





ယောက်လိုချင်တာပါ”

“သမီးကို မချစ်တော့လို့လား ဖေဖေ ...”

“သမီးကို သိပ်ချစ်လို့ ဖေဖေ စီစဉ်စရာရှိတာတွေ စီစဉ်တာပဲ ... သမီးလေးကို တစ်ကောင်ကြွက်အဖြစ် လူ့လောကကြီးထဲမှာ ကျန်ရစ်စေချင်တာပါ”

“ဟင်း ... မနေကိုတော့ သမီးမောင်နှမတော်ရမှာရွံတယ်”

“သမီး”

သမီးကို ဟန့်တားမိသည်။ မနေလို ယောကျ်ားကောင်းတစ်ယောက်ကို သမီး လက်မခံဖြစ်နေ၏။

“တစ်နေ့ကျရင် မနေဟာ အင်ဂျင်နီယာတစ်ယောက်ဖြစ်လာတော့မယ် ... သမီး မညံ့ပါဘူး”

“သမီး အထင်မကြီးဘူး ... လုံးဝသဘောမတူဘူး ဖေဖေ”

“သမီး လက်ခံရမယ်”

“လက်မခံဘူး”

“ဒီတစ်ခါတော့ သမီးဆန္ဒတွေကို ဖေဖေ လက်မခံနိုင်ဘူး”

ဦးဆက်ပိုင်ရဲ့ အနာဂတ်က မရေရာ မသေချာတော့ပေ။ လူ့လောကကြီးထဲမှာ သက်တမ်းရှေ့နိုင်ဖို့ မဖြစ်နိုင်။

နောက်ထပ် ... တစ်နှစ်ပါပဲ။

မတွေးချင် ...



www.burmeseclassic.com

www.burmeseclassic.com



သမီးအတွက် သောကရောက်နေရသည်။ မိမိရောဂါဝေဒနာကိုလည်း သမီးလေး လုံးဝမသိစေချင်။ စိတ်ထိခိုက်သွားမှာ စိုးမိသည်။

"ဖေဖေ"

"ပြော ... သမီး"

"ဖေဖေ ဘာဖြစ်တာလဲ"

"ဗိုက်အောင့်နေတယ် သမီး ... အစာအိမ်ရောဂါလို့ ထင်တာပဲ"

"ဆရာဝန်က ဘာပြောလဲ"

"အစာအိမ် မကောင်းတာပဲပေါ့ သမီး ..."

သမီးကို ဘာမှအလေးအနက် ပြောမထားချင်ပေ။

"သမီးလည်း ဖေဖေ့ကို ပြောစရာရှိတယ်"

"ပြောလေ သမီး ..."

မထူးတော့။ သူမမှာ ချစ်သူရှိတဲ့အကြောင်း ဖေဖေ့ကို ပြောလိုက်မည်။ ခုနအပေါ် ဖေဖေ အားကိုးတကြီး ဖြစ်နေတာတွေ ချေဖျက်ပစ်ချင်မိသည်။ စတီဗင်ကို ညှိရမည်။

ခုန ... နင့်ကို အထင်မကြီးဘူး။

ဖေဖေ့ကို မသမာတဲ့နည်းလမ်းတွေနဲ့ ချဉ်းကပ်နေတာ အိပိုးအိမ် သိတယ်။





"ပြောလေ သမီး ..."

"သမီးမှာ ချစ်သူရှိနေတယ်"

"ဘာ ..."

ဦးဆက်ပိုင် အံ့သြတုန်လှုပ်စွာဖြင့် သမီးအား ကြည့်မိသည်။

ချစ်သူရှိသည်တဲ့။ သမီးက ယောကျ်ားလေးဆန်စွာ သွားလာနေတတ်ပေမယ့် ချစ်သူထားတာမျိုးတွေ ဘာတစ်ခုမှမလုပ်ခဲ့။

"စတီဗင်တဲ့ ဖေဖေ ..."

"စတီဗင်"

နာမည်ကြားရုံနှင့် လူတော်လူကောင်းတစ်ယောက် မဖြစ်နိုင်ဘူးဆိုတာ ဦးဆက်ပိုင် နားလည်သဘောပေါက်သွားသည်။

"အေမီ့အစ်ကိုပဲ ဖေဖေ"

ဦးဆက်ပိုင်ကို သမီး စိန်ခေါ်လိုက်ခြင်းဖြစ်ကြောင်း သိလာ၏။ ခုနကို မကျေနပ်တာပါ။

"သမီး လက်ထပ်မယ့် ယောကျ်ားတစ်ယောက်ကိုလည်း ဖေဖေ အားကိုးလို့ ရပါတယ်"

"သမီးချစ်သူကို ဖေဖေ တွေ့ချင်တယ်"

သမီးချစ်သူကိုတော့ အမြန်ဆုံးတွေ့ဆုံပြီး အကဲခတ်ရမည်။

"ခုနကို ဖေဖေ အားကိုးတာ မှားနေပြီ"

"သမီး မှားနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ကို သမီးအယုံအကြည် မရှိဘူး"

သမီးမှာချစ်သူရှိနေပြီဆိုတော့ မိမိအရမ်းလုပ်လို့ မဖြစ်သေး ပေ။ ဦးဆက်ပိုင် တွေဝေသွားရသည်။ သမီးက ခေါင်းမာ၏။ ထင်ရာ လုပ်တတ်သည်။

မဖြစ်သေးဘူး။

"မနက်ကို ဖေဖေ အလုပ်သမားတစ်ယောက်အဖြစ်ပဲ ထားပါ"

"ကောင်းပြီလေ ... သမီးစကားတွေကို ဖေဖေ စဉ်းစားမယ် သမီးဘက်ကလည်း သမီးချစ်သူကိုခေါ်လာပြ ... ဖေဖေသဘော မတူရင် မယူရဘူးနော်"

သူမ ... စတီဗင်နှင့် ညှိရမယ်။ အကူအညီတောင်းရမယ်။

ချစ်သူ ... စတီဗင်က အိပ်ိုးအိမ်ရဲ့ချစ်သူ ဖြစ်နိုင်ပါ့မလား။

အရက်တွေကို အလွန်အကျွံသောက်တတ်သော စတီဗင်။

ကောင်မလေးတွေနှင့် ထည့်လဲတွဲတတ်သော စတီဗင်။

ဆယ်တန်းပင် မအောင်သေး။

ဒါပေမဲ့ ... စတီဗင်က ဘိုဆန်စွာချောသည်။

အရပ်မြင့်မြင့်၊ အသားအရည်က ဖြူဝင်းအိနေသည်။ မိန်း ကလေးတွေကို ဆွဲဆောင်နိုင်စွမ်း ရှိနေ၏။

"ဖေဖေ အသက်ကြီးနေပြီ ... လူ့လောကကြီးထဲမှာ အချိန် အကြာကြီးနေရမှာ မဟုတ်တော့ဘူး သမီး ... "





ဦးဆက်ပိုင် စိတ်ထဲမှာ မနက်ကိုပဲ သားတစ်ယောက်ကဲ့သို့ အားကိုးချင်မိသည်။

'မနက်ဖြန် ရှေ့နေတွေနှင့် ချိန်းဆိုထားပြီးဖြစ်နေ၏။

မတတ်နိုင် ... သမီး မသိအောင် လုပ်ရမှာပဲ။

စတီဗင်ဆိုတဲ့ သမီးရွေးချယ်ထားတဲ့ချစ်သူကို မစွဲဘူးဟုထင် မိသည်။ ဗိုက်က အောင့်လာ၏။ အိပ်ရာမှပင် မထနိုင်။

တစ်ခါတလေ ... သမီးအလိုဆန္ဒတွေကို သိပ်ပြီးလိုက်လျော လို့ မဖြစ်နိုင်ဟု တွေးမိလာသည်။ လောကကြီးအကြောင်း ဘာမှ မသိရှာတဲ့ သမီးလေးအတွက် ရင်လေးနေရ၏။

ဖခင်တစ်ယောက်အနေနဲ့ စီစဉ်စရာရှိတာကိုတော့ ပြတ် သားစွာ စီစဉ်ခဲ့ရမည်ဖြစ်သည်။

★

www.burmeseclassic.com

အခန်း ( ၇ )

"အိပိုးအိမ်"

"ဟင်"

"ရှင့်အစ်ကိုက ချောတယ်"

"ဘာ"

မနုအား ရှင့်အစ်ကိုဟု ပြောလိုက်၍ သူမ ဒေါသဖြစ်ရသည်။ အေမီက ရယ်နေ၏။

"ညက အေမီကို လာမေးတယ် အိပိုးအိမ်ရောတဲ့ … ကျူပ် တခါတောင် ငေးကြောင်သွားတယ်"

"တော်ပါ"

"တကယ်ပြောတာ"

"စိတ်ညစ်နေရတဲ့ အထဲ"

ဖေဖေ့ထံ သူမရဲ့ချစ်သူအတုကို ခေါ်သွားရန် အကြံထုတ်





နေမိသည်။ ကိုစတီဗင်ကို ပြောရမှာလည်း ရှက်နေမိ၏။ အိပိုးအိမ် မှာ အတွေ့အကြုံမရှိ။ အေမီ့ကိုပြောလျှင် သူမအား လှောင်ပြောင် ယ်မောမှာ ကြောက်မိသည်။

"ယှုအစ်ကိုက တကယ်ပဲချောတာပါ … မိန်းကလေးတွေကို ဆောင်နိုင်တယ်နော်"

"တော်စမ်းပါ အေမီရာ … ပိုး အရမ်းစိတ်ညစ်နေတာ သိ သား … ဖေဖေက မနုကို အခြောက်တိုက် မြှောက်စားလွန်းနေ တယ်"

"ရှင်နဲ့လက်ထပ်ပေးဖို့များ ကြံစည်နေလားမှ မသိတာဘဲ"

"ဟင်"

သူမ အထိတ်တလန့် ဖြစ်သွားရသည်။ ဖေဖေက ပြောမရ။ မနုအား အလွန်အမင်း ယုံကြည်အားကိုးနေတော့သည်။

"ရမလား … ဝေးသေးတယ်၊ အိပိုးအိမ် ဆန္ဒမပါဘဲ မလုပ်ပါ ဘူးနော်"

"မနုက မဆိုးပါဘူးဟယ် … အားကိုးလောက်ပါတယ်"

"တော်စမ်းပါ"

သူမတွေ့ချင်နေတာက ကိုစတီဗင်ပဲ။

ဖေဖေ့ဆီ ခေါ်သွားရမည်။

"အေမီ"

"ပြော"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အစ်ကို ဘယ်မှာရှိနေနိုင်မလဲ"

အကြိုအဖမ်များတဲ့ ကိုစတီဗင် ဘယ်မှာရှိမှန်း အေမီ မသိ ပေ။

"သွားရှာရအောင်"

"ရှာလေ"

"ဘယ်မှာ ရှိနိုင်မလဲ"

"ရှာရမှာပဲဟယ်"

အေမီကတော့ ကိုယ့်အစ်ကိုအကြောင်း သိနေသည်။

သဗ္ဗတ်အူထက် ရှုပ်တတ်၏။ အိပ်ိုးအိမ်နှင့်တော့ နီးစပ်ချင်မိနေသည်။ အေမီလည်း ငွေကြေးသုံးစွဲရမည် ဖြစ်၏။

"အိုပ်ိုးအိမ် ကားယူလာတာနဲ့အတော်ပဲ"

သူမ ... ကားယူလာမိသည်။ ဆိုင်ကယ် မစီးချင်တော့။

"အိပ်ိုးအိမ်"

"ဟင်"

"ကိုကို့ကိုရှာပြီး ရှင်ဘာလုပ်မှာလဲ"

"တွေ့ချင်တယ် ... ပြောစရာရှိတယ် ... အကူအညီတောင်းစရာလည်းရှိနေလို့"

"လာ ... သွားရှာကြမယ်"

ကိုကိုစတီဗင်က ဟိုတယ်တစ်ခုခုမှာ ကောင်မလေးတစ်ယောက်နဲ့ပဲဖြစ်ဖြစ် ... လောင်းကစားဝိုင်းမှာပဲဖြစ်ဖြစ် ... စား





သောက်ဆိုင်တစ်ခုခုမှာ အရက်တွေပဲ အလွန်အကျွံသောက်နေသား။

ကောင်းသောတွေ့ခြင်းနဲ့တွေ့ပါစေဟုသာ ဆုတောင်းနေရသည်။

ကံကောင်း၏။ ကိုကို့ကို သူ့အခန်းမှာပဲ တွေ့သည်။

"အိပ်ိုးအိမ်ပါလား"

"ကိုကို့ကို တွေ့ချင်လို့ လိုက်လာတာလေ"

"ကိုစတီဗင် ... အားလားဟင်"

"အားပါတယ် အိပ်ိုးအိမ် ..."

အိပ်ိုးအိမ် အပြင်ထွက်မည် ကြံစည်တုန်း အိပ်ိုးအိမ်ရောက်လာခြင်း ဖြစ်သည်။ ဘားတစ်ခုခုသွားမလား စဉ်းစားနေခြင်း ဖြစ်၏။

"ရှင်နဲ့ကိုကိုပဲ လွတ်လွတ်လပ်လပ်သွားကြပါ ... ကျွန်မနေခဲ့မယ်"

အေမီက အဒေါ်အိမ်ဖြစ်၍ နေခဲ့တော့မည်ပြောသည်။ အိပ်ိုးအိမ်လည်း ကိုစတီဗင်အား လွတ်လွတ်လပ်လပ် တွေ့ချင်တာနှင့်အတော်ပဲဖြစ်သွားရတော့၏။

ကားနှင့်ထွက်လာခဲ့သည်။ စားသောက်ဆိုင်တစ်ခုရဲ့ သီးသန့်ခန်းလေးထဲ ဝင်လာခဲ့ကြ၏။

"အိပ်ိုးအိမ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဘာစားမလဲ"

"ကိုစတီဗင်လည်း လွတ်လွတ်လပ်လပ်မှာစားနော် ... အား

မနာနဲ့"

အစားအသောက်တွေ မှာသည်။ ကောင်မလေးရှေ့မှာဖြ

၍ စတီဗင် သူတော်ကောင်းယောင် ဆောင်ကာ အစားအစာတွေ

မှာ၏။

"ပိုးအိမ်"

"ဟင်"

"ကိုယ့်ကို ဘာပြောစရာရှိနေလို့လဲ"

"ရှိတယ်"

"ပြော ... "

သူမ ... နှုတ်ခမ်းလေးတွေက စေ့ကပ်နေသည်။

ရှက်လာရ၏။ ယောကျ်ားလေးတစ်ယောက်ကို သူမ

စတင်ရမလို ဖြစ်နေသည်။

"ပိုးအိမ် ပြောလေ ... ဘာအကူအညီလိုလဲ ... အားမနာ

မင်းမှာအကူအညီတစ်ခုခု လိုအပ်နေတယ်ဆိုတာ ကိုယ်သိနေ

တယ်"

ပိုးအိမ်လက်လေးကို မသိမသာ ဆုပ်ကိုင်ဖျစ်ညှစ်ပြီး အား

ပေးသလို လုပ်ပစ်လိုက်သည်။





စတီဗင်က မိန်းကလေးတစ်ယောက်ကို ဘယ်လိုနည်းနှင့်

ည်းရုံးသိမ်းသွင်းရမည်ဆိုတာ သိနေ၏။

ဒီကောင်မလေးက အတွေ့အကြုံမရှိသေးတာ သိသာသည်။

လောကကြီးအကြောင်း ဘာမှမသိသေးတဲ့ ကောင်မလေး။

ငွေကြေး ပြည့်စုံသည်။ ရုပ်ရည်ကလည်း ချစ်စရာကောင်း

နေ၏။ စတီဗင့်အကြိုက်ပဲ။ လက်လွှတ်ခံလို့ မဖြစ်ဘူး။

"ကိုစတီဗင်"

"ပြော"

"ပိုးမှာ အခက်အခဲတစ်ခုဖြစ်နေလို့"

"အင်း ... ကိုယ် ဘာကူညီရမလဲ"

"ဟို ... "

"အားမနာပါနဲ့"

မနနှင့် ဖေဖေ့အကြောင်းတွေကို ပြောပြလိုက်မိသည်။

သူမ အခက်အခဲတွေ ပြောပြ၏။

"ပိုး ... ခက်နေတာက ချစ်သူအတုအဖြစ် ကိုယ့်ကိုပြဖို့လား"

"ဟုတ်တယ်"

သူမ ရှက်ရွံ့စွာဖြင့် ခေါင်းလေးကို ငုံ့ပစ်လိုက်မိသည်။

"ပိုး"

"ဟင်"

"ဘာရှက်နေတာလဲ"

"ကျွန်မ"



www.burmeseclassic.com

www.burmeseclassic.com



"မော့စမ်းကွာ"

သူမ မေးစေ့လေးကိုဆွဲပြီး မော့စေသည်။ တကယ်တမ်း
တော့ ... သတ္တိမရှိ။ အသားလေးများပင် တဆတ်ဆတ်တုန်ယင်
သည်။

"ဘာရက်စရာရှိလဲ ... ကိုယ်အရမ်းအံ့သြပြီး ပျော်သွားတ
ပိုးအတွက် ကိုယ်ကူညီမယ်"

"ဟင်"

"ပိုးဖေဖေဆီ ကိုယ်သွားတွေ့ပေးမယ် ... နောက် ဘာ
ချင်သေးလဲ"

"ဟင့်အင်း"

"ဟင်း ... ဟင်း ... ဟင်း"

စတီဗင် သဘောကျစွာ ရယ်မိသည်။ အိပိုးအိမ် ...
နုပါသေးတယ်ကွာ။ အမြစ်မဲ့တဲ့ သီးလေးပဲ။

စတီဗင်ရဲ့ ညွတ်ကွင်းထဲသို့ မင်း ခဏလေးဝင်လာမှာ

"စားလေ ပိုး ..."

"ဟုတ်"

"မရှက်နဲ့နော်"

ပိုး ... ရှက်လို့ သေတော့မယ်။ အေးစက်နေတဲ့ လ
ချောင်းလေးတွေကို သူက ဆုပ်ကိုင်ဖျစ်ညှစ်ထား၍ နွေးထွေး
စေသည်။





ပိုး မရုန်းဖယ်မိ။

"ပိုး"

"ရှင်"

သူမ ... မော့ကြည့်သည်။ အကြည့်ချင်း ဆုံမိနေ၏။

"ကိုယ်က အတုဘဝကို မလိုလားဘူးကွာ"

"ရှင်"

သူမ အထိတ်တလန့်နှင့် သူမလက်လေးကို ရုန်းဖယ်မိသည်။

"ကိုယ် မင်းရဲ့ချစ်သူအစစ် ဖြစ်ချင်တယ်"

"ဟင့်အင်း ... ကျွန်မရှက်တယ် ... အဲဒီလောက်ကြီး ကျွန်မ
ကို စိုက်မကြည့်နဲ့ ..."

သူမ ... ခေါင်းလေးကို ရွတ်အတင်းပင် ရှောင်ဖယ်တိမ်း
ရှောင်နေမိသည်။

"ပိုး"

"ဟင်"

"ကိုယ် ပိုးကိုချစ်တယ်"

သူမ တုန်လှုပ်သွားမိသည်။ နှုတ်ခမ်းသားလေးတွေကို တင်း
ကျပ်စွာ စေ့ကပ်ထားမိ၏။

"ချစ်သူအစစ်ဘဝကိုပဲ ကိုယ်လိုလားတောင့်တနေမိတယ်
ပိုးရယ်"

သူ ... တိုးတိတ်ညင်သာစွာ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ... ရင်တွေတလှပ်လှပ် ခုန်နေသည်။

အကြည့်ချင်း မဆုံရဲ၊ ကိုစတီဗင်ဟာ ဘယ်လိုလူစားမျိုး[illegible] ဆိုတာ သူမ သိထားသည်။

ဒုက္ခပါပဲ ... ငြင်းဆန်၍မရ၊ ချစ်တဲ့အကြောင်းတွေကို သူ[illegible] တတွတ်တွတ်ပြောနေသည်။

"ပိုးရယ် ... ဘာဖြစ်လို့ စိတ်အပင်ပန်းခံနေရတာလဲ ... ကိုယ်တို့နှစ်ယောက် အပွင့်လင်းဆုံး ဆက်ဆံကြမယ်နော်"

ပိုးလက်ကလေးကို အကဲစမ်းကြည့်မိသည်။

ပြီးမှ ... ကောင်မလေးနား ကပ်ထိုင်သည်။

"အမေ့"

ပိုး ... လန့်သွားသည်။

"ကိုယ်က ပိုးကို ကိုက်မစားပါဘူးကွာ ... ကိုယ့်ပုံစံက ဘီလူ[illegible] သဘက်နဲ့တူနေလို့လား"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ ... "

"ဟို ... ဟို ... ကျွန်မ ရှက်လို့သေတော့မယ် ... ရှင် အနား[illegible] မကပ်နဲ့ မနေတတ်ဘူး ... "

"ပိုးရယ်"

မင်းဟာ တကယ်ပဲရိုးသားတယ် ပိုး ...

ဘာမှမသိဘူး။ ခက်တာက ... ကိုယ့်ညွတ်ကွင်းထဲကိုမှ မင်[illegible]





[illegible]ဘာ မှတ်အတင်းတိုးဝင်လာတာပဲ။ မင်းလိုကောင်မလေးမျိုးကို ညည်းရုံးသိမ်းသွင်းရတာ လွယ်တယ်။ စတီဗင် ဝီတိတွေဖြစ်နေမိသည်။

ပိုး ...

ပိုး ...

မင်းသိပ်ပြီး နုနယ်ပါသေးလား။ အချစ်ကို မင်း စတင်ခံစားဖို့ ခြေလှမ်းပြင်နေတာပါလား။

"ပိုး"

"ဟင်"

"စား"

စတီဗင် ခွံ့ကျွေးတော့ ပိုးရှက်ရှက်နှင့်စွာ စားနေသည်။

လုံးဝမငြင်းဆန်။ ပိုးပခုံးကို သိုင်းဖက်မိ၏။

မငြင်း ...

စားသောက်ပြီးတော့ ကျသင့်ငွေကို စတီဗင်က ဟန်ဆောင်ရှင်းဖို့ပြင်သည်။

"ပိုး ... ရှင်းပါ့မယ်"

"နေပါကွာ ... ဒီနေ့တော့ ကိုယ့်ချစ်သူပိုးအတွက် ကိုယ်အကုန်အကျခံပါရစေ"

တရားဝင်အောင် တမင်လုပ်ပစ်လိုက်ခြင်းသာ ဖြစ်သည်။

"ဟင့်အင်း ... ပိုးပဲရှင်းမယ် ... အမှတ်တရလေ"



www.burmeseclassic.com

www.burmeseclassic.com



ပိုးက ရှင်းပေးသည်။

"ပိုး"

"ရှင်"

"မောင်လို့ခေါ်ပါလား"

"ရှင်"

"ကိုစတီဗင် ဆိုတာကြီးက စိမ်းတယ်"

ပိုးလက်လေးကို ဆုပ်ကိုင်ထားပြီး မောင်ဟု အတင်းအကျပ်ခေါ်စေသည်။

"မခေါ်ရင် မထဘူး"

"ဟာ ... ပိုးရှက်ပါတယ် ... လောလောဆယ်တော့ မခေါ်သေးဘူးနော်"

"ပိုးရယ်"

တရားဝင်သွားပြီ။ ချစ်သူတွေအဖြစ် လုံးဝအသိအမှတ်ပြုသွားပြီ ဖြစ်သည်။

"ပိုးဖေဖေနဲ့ ဘယ်တော့လာတွေ့ရမလဲ"

"မနက်ဖြန်"

"အိုကေ"

မိန်းကလေးတစ်ယောက်ရဲ့ မိဘတွေကို တွေ့ဆုံတာ စတီဗင်အတွက် ပထမဆုံးလုပ်ဆောင်ခြင်းပင် ဖြစ်သည်။ အိပိုးအိမ်ကလက်ထပ်သင့်၏။ ငွေကြေးချမ်းသာပြည့်စုံသော အသိုင်းအဝိုင်းကတစ်ဦးတည်းသောသမီး။





"မောင် ... မိန်းကလေးရဲ့ အသိုင်းအဝိုင်းထဲကို လိုက်တွေ့တာ ပထမဆုံးပဲ ပိုး ... အဲဒါ ဘာဖြစ်လို့လဲ သိလား"

"ဘာဖြစ်လို့လဲ"

"ပိုးကိုချစ်လို့"

"ဟင်း"

အိပိုးအိမ် ... စတီဗင့်ဆီမှာ အချစ်ဆိုတာ မရှိတာတော့အမှန်ပဲ။ မင်းကို မချစ်ဘူး ... စတီဗင်က ဘယ်မိန်းကလေးကိုမှလည်း ချစ်မှာမဟုတ်ဘူး။ မင်းပိုင်ဆိုင်မယ့် စည်းစိမ်ဥစ္စာတွေကို မက်မောမိလို့လေ။

"သွားစို့"

ပိုးလက်လေးကို ဆုပ်ကိုင်ပြီး အပြင်ထွက်လာခဲ့သည်။ သိန်းပေါင်းများစွာတန်သော ကားသော့ကို ပိုးကပေးသည်။

"ရှင် မောင်းနော်"

မိမ်ရှိလိုက်တာ။ စတီဗင် မြောက်ကြွကြွပင် ဖြစ်သွားချင်မိသည်။

မနက်ဖြန် ... ပိုးဖေဖေနဲ့ တွေ့ရမယ်။

အရေးကြီးဆုံးက ပိုးကို အပိုင်စည်းရုံးသိမ်းသွင်းနိုင်ရန်ပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

အိပိုးအိမ်အား အတွဲနှင့်တွေ့လိုက်၍ ကိုယ် အရမ်းအံ့ဩသွားမိတယ်။ မင်းမှာ ချစ်သူရှိနေတာပါလား။ ကိုယ် အလုပ်ကိစ္စတစ်ခု ဆွေးနွေးရန် ရောက်လာတာပါ။

မိတ်ဆွေတွေလည်းပါတယ်။ အန်ကယ့်လုပ်ငန်းက မိတ်ဆွေတွေ။ အစာအိမ်ကင်ဆာဖြစ်နေတာလည်း အားလုံးသိနေသည်။

စိတ်မကောင်း ဖြစ်နေကြ၏။

"ဟိုမှာ ကိုဆက်ပိုင်သမီးလေး မဟုတ်လား ခနု ..."

ကိုယ်ပင် မျက်နှာပူသွားမိတော့သည်။

"ဒီကောင်လေး ကျုပ်သိတယ် ... အရမ်းရုပ်ချောတဲ့ကောင်လေးပဲ ... စတီဗင်တဲ့"

ကိုယ် ဘာပြောရမှန်းမသိ။

"ခနု"





"ဗျာ"

"မင်း တားသင့်တယ်"

"အိပိုးအိမ်က ကျွန်တော့်စကားတွေကို နားထောင်မှာမဟုတ်ဘူး"

ကိုယ့်ကို မင်း အဖက်တောင်လုပ်မှာမဟုတ်ပါဘူး ပိုးရယ်။

"စတီဗင့်အမေကိုယ်တိုင်က မိန်းမလည်ကြီး ... မကောင်းမှုမှန်သမျှ အကုန်လုပ်တယ်"

ကိုယ် မကြားချင်။ ဘယ်လိုတားဆီးရမလဲ။

"အခုဆိုရင် မောင်ရင်က ကိုဆက်ပိုင်ရဲ့အမွေစားအမွေခံသားတစ်ယောက် တရားဝင်ဖြစ်သွားပြီပဲ ခနု ..."

အန်ကယ်က ရှေ့နေတွေနှင့် တရားဝင်စာချုပ်ချုပ်သည်။

"ကောင်မလေးကို တရားဝင်တားပိုင်ခွင့်ရှိသွားပြီ ခနု ... ကိုဆက်ပိုင်က သူ့သမီးရှေ့ရေးအတွက် မောင်ရင့်ကို မွေးစားတာပဲ"

အိပိုးအိမ်ကို ကိုယ် ပိုင်စိုးပိုင်နင်း မလုပ်လိုတာတော့ အမှန်ပဲဖြစ်သည်။ အန်ကယ့် စိတ်ချမ်းသာမှုအတွက်ပါ။

"အန်ကယ်တို့ ပြောတာတွေကို ပြန်ပြောပြလိုက်ပါ"

ခက်တယ် အိပိုးအိမ်ရယ် ... ကိုယ်မပြောချင်ဘူး။ မင်း ရွေးချယ်တာပဲ ... ။

"စတီဗင်က တော်တော်လေး ဆိုးသွမ်းနေလို့ အန်ကယ်

www.burmeseclassic.com



ပြောရတာပါ မေနု ... ”

ကိုယ့်အတွက် ကြီးမားသော အခက်အခဲကြီးတစ်ခု ဖြစ်နေသည်။

အိပ်ိုးအိမ် လက်ခံမလား။ အန်ကယ် နေမကောင်းဘူး။

အစာအိမ်ကင်ဆာ ...

စိတ်သောကပူပန်မှုတွေနှင့် ရင်ဆိုင်ရလျှင် ဝေဒနာပြင်းထန်လာရသည်။ သမီးသာ ဒီလိုရှုပ်ပွေတဲ့ ယောက်ျားတစ်ယောက်နှင့် ပတ်သက်နေတာ သိလျှင် ... ကိုယ့်စိတ်တွေ မသက်သာ။

ဝပ်ရှော့မှာ စက်ပြင်သမားဘဝက လွတ်လပ်ပျော်ရွှင်ရသေးသည်။

အခု ...

စိတ်မသက်သာ။

ကိုယ်ရင်မဆိုင်လိုသော အခြေအနေတွေကို ရင်ဆိုင်နေရသည်။

လုပ်ငန်းတွေ ဆွေးနွေးကြ၏။

“မင်းနဲ့အလုပ်လုပ်ရတာ ပိုပြီးအောင်မြင်တယ်ကွာ ... ကိုဆက်ပိုင်ကတော့ လူကဲခတ် အလွန်တော်တာပဲ”

ကိုယ် မပျော်ဘူး ... အိပိုးအိမ်က ကိုယ့်ကိုအထင်သေးနေတာပဲ။ တစ်ယောက်ပခုံးတစ်ယောက်ဖက်ကာ ထွက်သွားတဲ့မြင်





ကွင်းကို ကိုယ်မမြင်ချင်ဘဲ အမှတ်မထင် တွေ့မြင်ခဲ့ရတယ်။

ကိုယ် ပြန်ရောက်တော့ အန်ကယ်က ကိုယ့်ကိုခေါ်တွေ့၏။

“မေနု”

“ပြောပါ အန်ကယ် ... ”

“ဖေဖေလို့ခေါ်ပါ သားရယ် ... ”

အန်ကယ့်ကို စိတ်ချမ်းသာစေချင်တာပဲ ကိုယ်သိနေတယ်။

“ဖေဖေ”

“သားရယ်”

အန်ကယ်က လူ့လောကကြီးထဲက မလွဲမသွေ ထွက်ခွာသွားရတော့မည့် လူသားတစ်ယောက် ဖြစ်နေသည်။

“သမီးလေးကိစ္စ ဖေဖေ ဆွေးနွေးချင်တယ် သား ... ”

“ဗျာ”

အိပိုးအိမ်ကို အတွဲနှင့်တွေ့ခဲ့ကြောင်း ကိုယ်ပြောမထွက်။ ဖေဖေ့မိတ်ဆွေတွေ ပြောခိုင်းတာလည်း မပြောဖြစ်။

“သမီးမှာ ချစ်သူရှိတယ်တဲ့”

“ဟင်”

“စတီဗင်တဲ့သား ... ”

“အိပိုးအိမ်က ပွင့်လင်းသားပဲဖေဖေ ... စတီဗင်ဆိုတာကို ဖေဖေ တွေ့ဖူးလား”



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် တွေ့မယ်"

"ပိုးက လက်ထပ်မှာလား"

"ဖေဖေကတော့ အသေအချာကြည့်ဦးမယ် ... သဘောတူ ချင်မှတူမှာပါ သား"

စတီဗင်က လူရှုပ်လူပွေ တစ်ယောက်ဆိုတာ ကိုယ်ဘယ်လို ဖွင့်ပြောရမလဲ အိပိုးအိမ်။ မင်းဘဝ ရှေ့ရေးပါ။

"သား"

"ဗျာ"

"မင်းကို ဖေဖေ အမွေစားအမွေခံအဖြစ် မွေးစားတည်းက မင်းဟာ သမီးရဲ့အစ်ကို ဖြစ်သွားပြီ"

"ဗျာ"

"မင်း ဆုံးမပိုင်ခွင့်ရှိတယ်သား"

ကိုယ် ဘယ်လိုဆုံမရမလဲ။ အိပိုးအိမ်က လက်ခံမလား။

ဖေဖေ့မျက်ဝန်းအကြည့်တွေက ကိုယ့်ကိုအားကိုးတကြီး ဖြစ်နေသည်။ သမီးအတွက် သောကတွေရောက်နေကြောင်း သိသာ လွန်းနေ၏။

"ဖေဖေက အပွင့်လင်းဆုံးပြောရင် သားနဲ့လက်ထပ်စေချင် တာပါ"

"ဟင်"





ဖေဖေ့ကို မကြည့်ရဲ။ ကိုယ့်တစ်ကိုယ်လုံး ရှက်သွေးတွေ ဖြန့် ...ကာ နွေးနွေးကြီး ဖြစ်သွားရသည်။

"ဖေဖေက သေလှူပါ"

ပြောရင်း ... ဖေဖေ့မျက်နှာက နာကျင်မှုဝေဒနာတွေ ခံစား ...ရသလို ရှုံ့မဲ့လာသည်။

"အား ... ကျွတ် ... ကျွတ် ... ကျွတ်"

"ဖေဖေ"

ဓာချွေးတွေ ပြန်လာသည်။ ကိုယ်စိတ်ပူပြီး ဆေးခန်းပို့ဖို့ ...

"ဖေဖေ ဆေးသောက်လိုက်ပါ့မယ် သားရယ်"

အိပိုးအိမ်က ပြန်မလာသေးပေ။ ချစ်သူနဲ့ ပျော်နေမှာပါပဲ။ ... ဘာဖြစ်နေလဲဆိုတာ အိပိုးအိမ်မှ မသိတာပဲဟာ။

"ဖေဖေ ဆေး ... "

"အေးကွယ်"

"အိပိုးအိမ်ကိုတော့ ဖေဖေ့ရောဂါအခြေအနေ အမှန်အတိုင်း ...ပြသင့်တယ်လို့ထင်တာပဲ"

"မပြောနဲ့သား ... ဖေဖေ သေတော့မှာကို သမီးလေး ကြို ...သိစေချင်ဘူး"

"ပိုး မသိတော့ ဆိုးချင်တိုင်း ဆိုးနေမှာပေါ့ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ... သား လုံးဝမပြောပါနဲ့ ... ဖေဖေ့ဘဝရဲ့နောက်ဆုံးအခြေအနေအထိ သမီးပျော်ရွှင်နေတာပဲ မြင်တွေ့ချင်တယ်ကွာ"

ဖေဖေက တားနေ၍ ကိုယ်ဘာမှ ဆက်မလုပ်တတ်တော့ပေ။

"ဖေဖေ့ကို စိတ်ချမ်းသာစေချင်တယ် မဟုတ်လား သား"

"ဟုတ်ကဲ့"

"သမီးလေးကို ဘာမှမပြောပါနဲ့ သားရယ်"

ကိုယ် ဖေဖေ့ဆန္ဒတွေကို ဖြည့်ဆွမ်းပေးရမယ်။

ဖေဖေ စိတ်ချမ်းသာပါစေ။ ကြေကွဲနေတဲ့ မျက်ဝန်းတွေ ဖေဖေက ကိုယ့်ကိုကြည့်သည်။

"သား"

"ဖေဖေ"

"သားအနေနဲ့ အမုန်းခံပြီး သမီးလေးဘဝရှေ့ရေးအတွက် ကာကွယ်စောင့်ရှောက်ပေးပါ"

ကိုယ် ကတိပေးရသည်။

"ဖေဖေ့ရဲ့ နောက်ဆုံးအချိန်တွေမှာ စိတ်အေးချမ်းမှုတွေပဲ အဆုံးသတ်စေချင်မိ၏။

အိပ်မိုးအိမ်ကတော့ ဘာမှမသိ။ ကိုယ့်အပေါ် ရွံရှာမုန်းတီးသော မျက်ဝန်းတွေနှင့် ရင်ဆိုင်နေရသည်။





ဘယ်လိုရှင်းပြရမလဲ အိပ်မိုးအိမ်။ မင်းအတွက်ပါ ...

"ဖေဖေ"

"ပြော သား ... "

"အိပ်မိုးအိမ်ကို သားနဲ့လက်ထပ်စေချင်တဲ့စကားတွေ မပြောနဲ့"

ဖေဖေ ငြိမ်သက်နေသည်။

အိပ်မိုးအိမ် ပြန်မလာသေး၍ ကိုယ်စိတ်တော့ပူမိ၏။ ဖေဖေ့ကာနေသည်။ နှုတ်ကမပြောပေမယ့် မျက်ဝန်းတွေက မျှော်နေ၏။ စိတ်ထိခိုက်ကြေကွဲရတယ် အိပ်မိုးအိမ် ... ။

☆

www.burmeseclassic.com

အခန်း ( ၄ )

ဖေဖေက နေအား သား ... သားနှင့် ပါးစပ်ဖျားက မချ

ကိုဘဲ အိပိုးအိမ် ကြည့်မရ။

နေကလည်း ဖေဖေတို့ ... မုန်းလိုက်တာ ... အမြင်က

နေမိသည်။

ဒီနေ့ ... မောင်နဲ့ဖေဖေ တွေ့ရမယ်။

အိပိုးအိမ် ရွေးချယ်လိုက်ပြီပဲ။ ဟန်ဆောင်ကောင်းတဲ့

ထက် မောင်က အဆင့်အတန်းရှိသေးသည်။

ဘာအခြေအမြစ်မှ မရှိတဲ့နေကို ဖေဖေ ဘာဖြစ်လို့ ဒီလော

အထိ ဦးစားပေးနေမှန်း မသိပေ။

မနေ ... ရှင် ဟန်ဆောင်နေတာ။ ကျွန်မရဲ့ အမွေစည်

တွေကို အချောင်တစ်ဝက် ယူချင်နေတာပါ။

ဖေဖေ နေမကောင်းဘူးထင်တယ်။ အသားအရည်က





ွေးဖျော့တော့နေသည်။ အိပိုးအိမ်ကို ဘာမှမပြောပေ။ နေကိုပဲ

အစအရာရာ တိုင်ပင်နေတတ်တာပဲ မကျေနပ်။ သမီးအရင်းထက်

င် ချစ်နေသေးသည်။

သူမ ... ဖေဖေဆီသွားမည်ပြုစဉ် နေနှင့်ဆုံမိသည်။

အခုတလော ... နေ သန့်ပြီး ခန့်နေသည်။ ဖေဖေ့ငွေကြေး

တွေနှင့် ထင်တိုင်းလုပ်နေခြင်း ဖြစ်သည်။

"အိပိုးအိမ်"

"ဟင် ... "

သူမမျက်နှာလေးက ရုတ်ခြည်းပင် တင်းမာခက်ထန်သွား

သည်။

"ကိုယ် ပြောစရာရှိလို့"

"ပြော ... "

လေသံက မာသည်။ နေကတော့ တောင်းပန်ရိုကျိုးတဲ့ အမူ

အရာတွေ ရှိနေ၏။

"ကိုစတီဗင့် အကြောင်းပါ"

"ဘာ ... အဲဒါ ရှင်နဲ့ဘာဆိုင်လဲ"

"ကိုယ် ပြောသင့်တာတော့ ပြောထားရမှာပဲ ပိုး"

"ကျွန်မကို အိပိုးအိမ်ပဲခေါ်ပါ ... အဖျားဆွတ်ပြီး ခေါ်စရာ

ဆိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အိပိုးအိမ် ဆတ်ဆတ်ခါမျှ တားဆီးပိတ်ပင်ပစ်မိသည်။

ပိုးတဲ့ ... ရှင် ခေါ်စရာလား။

"ကိုစတီဗင်က လူရှုပ်လူပွေ တစ်ယောက်လို့ ပတ်ဝန်းကျ

က တော်တော်လေး ဝေဖန်ကြတယ် အိပိုးအိမ် ... "

"ဘာ ... "

အိပိုးအိမ် ဒေါပွသွားမိသည်။ မောင့်ကိုများ လူရှုပ်လူ

တစ်ယောက်လို့ ရှင်က ပြောတယ်။

ရှင် ... မနာလို ဝန်တိုနေတာ မဟုတ်လား။ နီကွေးဒေ

သူ့နှုတ်ခမ်းအစုံက အရင်က စက်ပြင်သမားတစ်ယောက်နှင့် လုံ

ဆန့်ကျင်ဘက် ဖြစ်နေသည်။

"မင်းဖေဖေ မိတ်ဆွေတွေက ကိုယ့်ကိုပြောတာ"

"အမိပ္ပာယ်မရှိတာ ... မောင့်ကိုတောင် ရှင်တွေ့ဖူးလို့လာ

"တွေ့ဖူးတယ်လေ ... မင်းတို့နှစ်ယောက် စားသောက်

သီးသန့်ခန်းထဲက ထွက်သွားကြတာပဲဟာ"

"ဟင်"

ဖေဖေ့မိတ်ဆွေတွေ တွေ့သွားတာ သူမ ရှက်သွားမိသ

"အိပိုးအိမ်"

"ဘာလဲ"

"ကိုယ့်ကို မရှုံ့ပါနဲ့ ... မင်းဘာဖြစ်ချင်လဲဆိုတာပဲ ပြော





အိပိုးအိမ် ဘာဖြစ်ချင်လဲ ဟုတ်လား။ ရှင့်ကို ဒီကနေ ထွက်

သွားစေချင်တာ။

"ပြောလေ အိပိုးအိမ် ... "

"ရှင် ... ဖေဖေ့အနားမှာ ရှိနေတာ မမြင်ချင်ဘူး"

"ဖေဖေသေမှ ကိုယ်ထွက်သွားနိုင်မယ်"

"ကျွန်မအဖေကို ဖေဖေလို့ မခေါ်ပါနဲ့"

"အဲဒါ ... ကိုယ့်ကိစ္စပါ"

ဖေဖေ စိတ်ချမ်းသာရေးအတွက် ကိုယ်ဘယ်အတိုင်းအတာ

ဆို လုပ်ဆောင်ပစ်ဖို့ ဝန်မလေးဘူး အိပိုးအိမ်။

ကိုယ် ပျော့ညံ့လို့ မဖြစ်ဘူး။ အိပိုးအိမ်က မာသည်။ မာန်ရှိ

သည်။

ကိုယ်က မင်းကိုစည်းရုံးသိမ်းသွင်းပြီး စည်းစိမ်တွေ ခံစားနေ

ာလို့ မင်းထင်နေတာ မဟုတ်လား။

မင်းမှားနေပြီ ပိုး ... အရာအားလုံး မင်းအတွက်ပါပဲ။

"ရှင့်ကို အမွေစားအမွေခံသားအဖြစ် တရားဝင်မွေးစားလိုက်

မဟုတ်လား"

ဖေဖေ ...

ရက်စက်တယ်။

အိပိုးအိမ် တားဆီးပိတ်ပင်နေသည့်ကြားမှပင် မနေအား မွေး



www.burmeseclassic.com

www.burmeseclassic.com



စားသည်။ မကျေနပ်ဘူး ... အိပ်ိုးအိမ် လုံးဝမကျေနပ်ဘူး။

"စတီဗင့်ကို မင်းအဖေရှေ့ မခေါ်သင့်ဘူး"

"မောင်က ကျွန်မနဲ့လက်ထပ်မယ့်ယောကျ်ားပဲ ... ဖေ

တွေ့သင့်တယ် ... ဖေဖေကိုယ်တိုင်လည်း ကျွန်မချစ်သူနဲ့တွေ

တောင်းဆိုတာပဲ"

"မင်းအဖေ လူ့လောကကြီးထဲမှာမရှိမှ မင်းကြိုက်သလို

ပါ အိပ်ိုးအိမ် ..."

"ဘာရှင့် ... ကျွန်မတို့မိသားစုကိစ္စ ရှင် ဝင်ပါစရာမလိုပါ

"ကိုယ်ပါရမယ် ... ဖေဖေ့စိတ်တွေ မင်းအတွက် သော

မရောက်စေချင်တာ"

"အပိုတွေ"

"ဦးဆက်ပိုင်က မင်းအဖေပါ ... ဖေဖေ့စိတ်တွေ ဘာဖြ

လဲ မင်းလေ့လာသင့်တယ်"

"အဲဒါ ကျွန်မကိစ္စ ... ရှင် နေရာတကာ ဝင်မစွက်သင့်

ဘူး"

"ကိုယ် တောင်းပန်ပါတယ် အိပ်ိုးအိမ်"

"ဖယ်နော် ..."

သူမ မောင့်ကိုပဲ လက်ထပ်မယ်။ ရှင်နဲ့ယှဉ်ပြိုင်နိုင်

အစွမ်းအစရှိတဲ့ ယောကျ်ားတစ်ယောက်ကိုပဲ ရွေးချယ်ရမယ်





"စတီဗင်ဆိုတဲ့လူကို မင်း မရွေးချယ်ပါနဲ့"

"ကျွန်မကိစ္စပါ ... မောင်နဲ့ကျွန်မ လက်ထပ်မယ် ... ရှင် မနှောက်ယှက်ပါနဲ့ ... နှောက်ယှက်လည်း ကျွန်မက နောက်ဆုတ်မယ် မထင်နဲ့"

"ကိုယ့်စကားတွေကို မင်းနားထောင်ပါ"

"နားမထောင်နိုင်ဘူး"

မောင်နဲ့ချိန်းထားသည်။ အေးစက်တဲ့ မျက်ဝန်းတွေနှင့် သူ့ကိုကြည့်မိ၏။

"ကိုစိုး"

"ဘာလဲ အိပ်ိုးအိမ်"

"မောင် ဆိုင်ကယ်နဲ့လာလိမ့်မယ် ... စောင့်နေပါ"

"ဟုတ်ကဲ့"

မနေကတော့ ဖေဖေ့အတွက်ပဲ စိုးရိမ်သောကတွေပဲ ဖြစ်နေသည်။

အိပ်ိုးအိမ်က ပြောမရ ...

အင်းလေ ...

မိသားစု ကိစ္စပဲ ...

"ခနေ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ လူတစ်ယောက် ..."

မြို့ဝမှာ

လူတစ်ယောက် ...

ဂျင်းဘောင်းဘီ အပြာရောင်နှင့် အနက်ရောင်တီရှပ်ကို ဝတ်ထားသည်။

"စတီဗင်ဆိုတာ ထင်တယ် ... အမြင်ကတ်စရာကောင်းလိုက်တာ"

ကိုစိုး ခြံနားကပ်သွားသည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ မောင်ရင် ..."

"ကျုပ် စတီဗင်ပဲ ... အိပိုးအိမ်နဲ့ချိန်းထားလို့"

"ဪ ... ဝင်ပါ"

ကိုစိုး တံခါးဖွင့်ပေးလိုက်သည်။

လေသံကလည်း မာလိုက်တာဟု ထင်မိနေ၏။

"မောင်"

အိပိုးအိမ် ထွက်လာသည်။

မောင့်ပုံစံကိုမြင်တော့ အိပိုးအိမ် အထိတ်တလန့်ဖြစ်သွားရ၏။

"မောင် ဒီလို ဝတ်စားပြင်ဆင်မှုများနဲ့ ဖေဖေသဘောကျပါ့မလား"





"ဘာဆိုင်လဲကွာ ... ခေတ်လူငယ်ပဲဟာ ... မောင်က သဘာဝအတိုင်းပဲ တွေ့မြင်စေချင်တာ"

ဒုက္ခပါပဲ ...

မောင်ပုံစံက အနောက်တိုင်း ဆန်လွန်းနေသည်။

ဖေဖေ သဘောကျပါ့မလား ...

ဟိုလူ ...

ခနလည်း ရှိနေမှာပဲ ...

"မောင်ကလည်း ဖေဖေတို့အမြင်ကောင်းအောင်တော့ ဝတ် လာမှပေါ့"

"မောင့်ပုံစံက ဘာဖြစ်နေလို့လဲ ... ပိုး မင်းအဖေ သဘော မကျနိုင်ဘူးဆိုရင်လည်း မောင်ပြန်မယ်"

အိပိုးအိမ်ကို အောက်ကျနောက်ကျခံပြီး မဆက်ဆံနိုင်ပေ။

တမင် အပေါ်စီးကနေ ဆက်ဆံရှုနေခြင်းသာ ဖြစ်သည်။

စတီဗင် မျက်နှာ အငယ်မခံနိုင်။

ချမ်းသာတဲ့ အသိုင်းအဝိုင်းတွေထဲ မာန်မာနနှင့်ဝင်လာခြင်း ဖြစ်သည်။

"ကဲပါ ... မောင်ရယ် ဖေဖေနဲ့သာတွေ့လိုက်ပါတော့ ... မထူးတော့ပါဘူး"

မောင့်ပုံစံက ဆောင့်ကြွားကြွား ဖြစ်နေ၍ ဖေဖေ သဘော



www.burmeseclassic.com

www.burmeseclassic.com



ကျမှာ မဟုတ် ...

ခုနက ဘေးကနေ ဖေဖေ့စိတ်တွေကို အနှောက်အယှက်ပေး နေမှာပဲ ...

"လာလေ မောင် ... "

အိပ်ိုးအိမ်တို့က ချမ်းသာသည်။

ခြံကျယ်ကြီးထဲမှာ တိုက်ကြီးက အတော်လေး ခန့်ညားလှပ နေ၏။

တစ်ဦးတည်းသော သမီး ...

ဒါကြောင့်လည်း ...

ခုနဆိုတဲ့လူက အိုးအိမ် ဖခင်အား အပိုင်ကပ်ခြင်းဖြစ်မည်။

စတီဗင် လောဘတွေ အကြီးအကျယ်တက်နေမိသည်။

အိုးအိမ် ...

မင်း ထောင်ချောက်မိပြီ ...

စတီဗင်က ကျားပဲ ...

ကျားခံတွင်းထဲ မင်းတိုးဝင်လာခဲ့တယ် ...

သဘောကျနေမိသည်။

လှပခမ်းနားတဲ့ အခန်းတစ်ခုထဲသို့ သူဝင်လာ၏။

အဘိုးကြီးတစ်ယောက် ...

အိပ်ရာပေါ်မှာ လဲလျောင်းနေသည်။





"ဖေဖေ ... "

"သမီး ... "

"မောင် ရောက်လာပြီ"

ဦးဆက်ပိုင် ထသည်။

သမီးချစ်သူတဲ့ ...

"ထိုင်ပါ မောင်ရင် ... "

စတီဗင်

နာမည်နှင့်လိုက်ဖက်စွာ အနောက်တိုင်းဆန်လွန်းသည်။

ရုပ်ရည်ကတော့ သန့်နေ၏။

မျက်လုံးတွေ ...

ကောက်ကျစ်စဉ်းလဲမည့် မျက်ဝန်းတွေဟု ထင်မိသည်။

မရိုးသားဘူး ...

"မောင် ... ဒါ ဖေဖေလေ ဦးဆက္ကပိုင်တဲ့ ... ဖေဖေက နေမကောင်းဘူး ... ဗိုက်ခဏခဏ အောင့်နေတယ်တဲ့"

အိုးအိမ်က မိတ်ဆက်ပေးသည်။

စတီဗင် မာနမချချင် ...

ယောက္ခမ တော်ရမည့် လူတစ်ယောက်အား စတီဗင် အောက်ကျခံရမလား ...

အခုတည်းက ...



www.burmeseclassic.com

www.burmeseclassic.com



အောက်စည်းက ဝင်လိုက်ရင် နောက်ဘယ်တော့မှ နလန်ထူမှာ မဟုတ်တော့ဘူးဟု ထင်မိသည်။

"ဖေဖေ ... ဒါ မောင်လေ စတီဗင်တဲ့"

"မောင်ရင် ... "

"ပြောပါ အန်ကယ်"

"မြန်မာနာမည် မရှိဘူးလားကွယ်"

"ကျွန်တော့်မာမီ မွေးတည်းက ဒီနာမည်ပဲရှိတယ် ... ဘာဖြစ်လို့လဲ အန်ကယ်"

"မေးကြည့်တာပါ"

ဦးဆက်ပိုင် စိတ်မာတက်ကျစွာ အင်အားပင် မရှိတော့ ...

စတီဗင်ဆိုတဲ့ သူငယ်ကို မျက်စိထဲ မတွေ့ ...

သမီးလေး ဒုက္ခရောက်တော့မှာ သေချာတယ် ...

"အား ... "

ဗိုက်က အောင့်လာသည်။

"ဖေဖေ ... "

ခနက ဝင်ပြီးဖေးမသည်။

စတီဗင်က ထပြီး ပြန်ဖို့အတွက် ပြင်ဆင်နေ၏။

"မောင် ပြန်တော့မလို့လား"

"အင်း ... "





"ဖေဖေ ဒီမှာ ... "

"ကိုယ်ဘာမှ မလုပ်နိုင်ဘူး ... ဟိုမှာ လူရှိသားပဲ"

ခနက ပျာပျာသလဲနှင့် ဖေဖေ့ကို ပြုစုနေသည်။

အိပိုးအိမ်လည်း အမြင်ကတ်တယ် ...

သူမနှင့်မောင်ကိစ္စ ခန ကြားဝင်ပတ်သက်နေသည်ဟု ထင်မိသည်။

မောင်က ပြန်ဖို့ပြင်၏။

အခန်းအပြင်ထွက်လာသည်။

"မောင့်ကို ငွေမက်တဲ့ အချောင်းသမားဆိုတဲ့ အကြည့်မျိုး ကြည့်တာ မောင်လက်မခံနိုင်ဘူး ... "

ဖေဖေ့ဘက်ကလည်း နည်းနည်းပါးပါး တင်းမာစွာဆက်ဆံခဲ့သည်။

သဘောမကျသော ဖေဖေ့မျက်ဝန်းတွေကို အိပိုးအိမ်အကဲခတ်မိ၏။

"ဟိုလူ့ကို အမြင်ကတ်တယ် ... ပိုး ပျော့နေလို့ မဖြစ်ဘူးနော် ... ခံသွားရလိမ့်မယ်"

မောင့်ကို ပိုးကားနှင့်လိုက်ပို့ပေးလိုက်ရသည်။

★

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

"သမီး"

"ပြောပါ ဖေဖေ"

"စတီဗင်နဲ့ သမီးကို သဘောမတူနိုင်ဘူး"

"ဖေဖေ"

"နေဦး သမီး ... ဖေဖေ လူကဲခတ်မညံ့ဘူး ... စတီဗင်က လူရှုပ်လူပွေ တစ်ယောက်ပဲ"

"ဟင်"

ခနေ ...

ရှင်ပြောလိုက်ပြီလား ...

မောင့်ကို လူရှုပ်လူပွေ တစ်ယောက်လို့ ရှင်ပြောလိုက်တာပဲ ...

"မောင့်ကို လူရှုပ်လူပွေလို့ ခနေပြောလိုက်တာ မဟုတ်လား





ဖေ ..."

အိပ်ိုးအိမ် မခံမရပ်နိုင်စွာဖြင့် ပြောလိုက်မိသည်။

"ခနေနဲ့ဘာမှ မဆိုင်ဘူး ... ဖေဖေ့ကို ဘာမှလည်း မပြောဘူး၊ ဖေ့စိတ်ထဲမှာ ဖြစ်လာတာ ... ကိုယ့်ချစ်သူ မိန်းကလေးတစ် ယောက်ရဲ့အဖေပေါ် ဆက်ဆံတာ ရင့်သီးလွန်းတယ်"

"ဖေဖေ့ဘက်ကလည်း တင်းမာတာပဲ ... သမီးကြည့်နေ တယ် ... ဖေဖေက ခနေကလွဲပြီး တခြားလူတွေကို အမြင်စောင်း နေမှာပဲဟာ ..."

"သမီး မှားနေတယ် ... ဖေဖေ ဘက်မလိုက်ဘူး ... သမီး ဖေဖေ့ရင်သွေး ..."

"သမီး မမှားဘူး ဖေဖေ ... ကိုယ်နဲ့ သွေးသားမတော်စပ်တဲ့ လူတစ်ယောက်ကို ဖေဖေယုံကြည်နေတာ မှားနေတယ်"

"တော်စမ်း သမီး ..."

"မောင်နဲ့သမီးကိစ္စမှာလည်း ခနေပဲနောက်ကွယ်ကနေ တာပါ ..."

ခနေ ထွက်လာခဲ့သည်။

သားအဖချင်း လွတ်လပ်စွာ ပြောဆိုနိုင်ရန်ဖြစ်၏။

သူ့အခန်းထဲ ရောက်လာသည်။

ဖေဖေ့ကို သနားတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ရှိုးသားစွာပါ ...

ကိုယ် မင်းဖေဖေ ပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေ ဘယ်တော့မှ လက်မခံဘူး ... မယူဘူးဆိုတာ အိပိုးအိမ် သိလာမှာပါ။

"မနု ... "

"ဟင်"

ကိုစိုး ရောက်လာသည်။

"ဆရာခေါ်နေတယ်"

"ပိုး ရှိနေတယ် ... ကျွန်တော် မသွားချင်ဘူးဗျာ"

"ပိုး ထွက်သွားပြီ ... သူ့အိပ်ခန်းထဲမှာ ဆရာတော်တော် နေမကောင်းပုံပဲ"

"ဟင်"

ကိုယ် စိတ်ပူပြီး ကမန်းကတန်း ဖေဖေ့အခန်းဆီဝင်ခဲ့၏။

"အား ... ကျွတ် ... ကျွတ်"

"ဖေဖေ"

စကားမပြောနိုင် ...

ကိုယ် ဆေးယူပြီး တိုက်ရသည်။

"ညနေ ဆေးခန်းထပ်ပြရအောင် ဖေဖေ ... "

ဖေဖေက မနုကိုကြေကွဲတဲ့ မျက်ဝန်းတွေနှင့်စူးစိုက်ကြည့်သည်။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ စိုစွတ်နေရှာ၏။





"သား ... "

"ဗျာ"

"သမီးမိုက်တယ်"

ဦးဆက်ပိုင်အား သမီးသည် ရိုင်းစိုင်းစွာ ဆက်ဆံပြောဆိုသည်။

တစ်ဦးတည်းသော သမီး ...

သမီးအနာဂတ်အတွက် စီးပွားရေးကို အားကြိုးမာန်တက် ရှာခဲ့သည်။

တစ်ခါတစ်လေ ...

အစားအသောက်ပင် မမှန်ခဲ့ ...

စက္ကန့်တိုင်း ...

သမီးဘဝတစ်သက် စည်းစိမ်ချမ်းသာတွေ အပြည့်နှင့်နေစေ ကြံစည်တွေးတော လုပ်ဆောင်နေခဲ့မိသည်။

မနုကို ပုတ်ခတ်၏။

မိမိ မမှားဘူး ...

မနုက ရိုးသားတည်ကြည်တဲ့ကလေး ...

စတီဗင်နဲ့ တခြားစီးပဲ ...

ဒီကောင်လေးမျက်ဝန်းတွေက မာန်မာနတွေကို ကောက်ချစ်သည်ဟု ထင်မိသည်။

www.burmeseclassic.com



"ဖေဖေ"

"ဟင်"

"သက်သာလား"

"အင်း"

ခဏ အနားယူနေသည်။

သမီးနှင့်စကား အခြေအတင်းပြောရတာ အင်အားတွေယ
ကုန်ခမ်းလာ၏။

"မနု"

"ဗျာ"

"စတီဗင့်ကို ဖေဖေ လုံးဝ သဘောမကျဘူး"

"လူငယ်တွေ သဘာဝကို ဖေဖေ့အမြင်နဲ့တော့ မကြည့်
နဲ့"

"မဟုတ်ဘူး မနု ... ဒီကောင် ကောက်ကျစ်မယ် ... သမီး
ကို ချစ်တာမဟုတ်ဘူး ... စည်းစိမ်ဥစ္စာတွေမက်လို့ပဲ ... လူ
လူပွေ တစ်ယောက်လို့ထင်တယ်"

ဖေဖေက လူတွေနှင့်ပတ်သက်ပြီး ကောက်ချက်ချတ
အလွန်တော်သည်ဟု မိတ်ဆွေအပေါင်းအသင်းတွေက ပြောပြ
သည်။

"သား"





"ဗျာ ဖေဖေ"

"ဖေဖေ့ ဆန္ဒကသားနဲ့သမီးကို လက်ထပ်ပေးချင်တယ်"

"ဗျာ"

ကိုယ် အံ့ဩတုန်လှုပ်သွားမိသည်။

ဖေဖေ့မျက်ဝန်းတွေထဲမှာ ကိုယ့်ကိုအားကိုးတကြီးဖြစ်နေ
...

"ပိုးသိသွားရင် ပြဿနာတွေ ပိုပြီးကြီးထွားသွားလိမ့်မယ်
ဖေဖေ ..."

"ဖေဖေသိတယ် ... မင်းကို သိစေချင်လို့ ပြောပြထားတာပါ
သားရယ် ..."

သမီးက ရိုင်းသည်။

စတီဗင်နှင့်လက်ထပ်မည်ဟု တင်းမာစွာပြော၏။

"သမီး စတီဗင်နဲ့ လက်ထပ်မှာဓိတော့ ဖေဖေမလိုလားဘူး
တားဆီးရမှာပဲ သား ..."

တစ်နေ့ ...

သမီး ဒုက္ခရောက်ဦး ...

မနုက စောင့်ရှောက်မှာ သေချာသလောက်ဖြစ်သည်။

ဦးဆက်ပိုင် ယုံမိ၏။

အားလည်း ကိုးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး စတီဗင့်ကိုယူရင်တော့ ဖေဖေ အနှမြှဖြတ်ရလိမ့်မယ်"

"ဖေဖေ ... "

"မင်း ဘာမှမပြောနဲ့တော့ ... ဖေဖေ ရှာဖွေထားတာ ဒီလို မိုက်မိုက်မဲမဲ သုံးဖြုန်းပစ်ဖို့ မဟုတ်ဘူး"

ဦးဆက်ပိုင် စိတ်မာသည်။

မလုပ်၍ မဖြစ်ပေ။

စတီဗင်က လူရှုပ်လူပွေ ... ။

အပွေးမြင် အပင်သိသည်။

"ဖေဖေ ပြတ်သားရမယ် ... သမီးလေး ဒုက္ခရောက်လာတဲ့ တစ်နေ့ သားကူညီထောက်ပံ့လိုက်"

သမီးရှေ့ရေးအတွက် မိမိစီစဉ်သွားရမှာမည်ဖြစ်သည်။

"သားကိုတော့ ဖေဖေ အကြွင်းမဲ့ယုံကြည်တယ်"

ကိုယ် ဖေဖေ့ဆန္ဒတွေကို ဘယ်လိုမှ မဖယ်ရှားနိုင်တော့ဘူး

ဖေဖေဟာ အမြော်အမြင်ကြီးမားတဲ့ လူတစ်ယောက်ပါ ...

မင်းအတွက် စိတ်ချအောင် စီစဉ်နေတာပဲ ...

"သား ... "

"ဗျာ ... ဖေဖေ"

"ဘာပဲဖြစ်ဖြစ် ... သမီးကို မင်းအလိုမလိုက်ဖို့ ဖေဖေ့ ကတိပေးပါ"





ကိုယ် စည်းစိမ်ဥစ္စာငွေကြေးတွေ မမက်ဘူးဆိုတာ ဖေဖေ ယုံကြည်နေတာပဲ ... ကိုယ်ဝမ်းသာတယ် ...

"ဖေဖေ့ရောဂါက တစ်နေ့တစ်ခြား ပိုဆိုးလာတယ် ... လူ့ ဘဝကကြီးထဲမှာ ကြာကြာနေရတော့မှာ မဟုတ်ဘူးထင်တယ်"

ဖေဖေက ကိုယ့်လက်တွေကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

အားကိုးသော မျက်ဝန်းတွေနှင့်ကြည့်နေ၏။

"ဖေဖေ ... "

"ဟင် ... "

"အားမငယ်ပါနဲ့ ... ပိုးအတွက် ကျွန်တော့်ဘဝတစ်သက်လုံး စောင့်ရှောက်သွားမှာပါ"

"ဖေဖေ ယုံတယ် ... "

ဖေဖေ့ယုံကြည်မှုတွေကို ကိုယ်အလွဲသုံးစား မလုပ်ပါဘူး။

"ဒီညနေ ဆေးခန်းသွားပြရအောင်နော်"

"အင်း ... "

"ဖေဖေ"

"ပြော"

"အခြေအနေမှန်တွေအားလုံး ပိုးသိအောင် ပြောပြလိုက်တာ ကောင်းဆုံးပဲ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သမီးက မိမိအပေါ် အထင်လွဲနေပြီဖြစ်သည်။

ဖခင်ဝေဒနာကို အလေးအနက်ရှိမှာ မဟုတ်တော့ပေ။

"မပြောတော့ပါဘူးသားရယ် ... ဖေဖေ စီစဉ်ရမှာ ရှိတာ
ပဲ စီစဉ်သွားမယ်"

ဝေဒနာတွေက ပြင်းထန်လာသည်။

အောင့်သထက် အောင့်လာ၍ အခြေအနေမကောင်း
မှန်း သိလာ၏။

သမီးအတွက် မိမိအကောင်းဆုံးဖြစ်အောင် စီစဉ်
တစ်နေ့ကျရင် သမီးလေး အမြင်မှန်ရမှာပေါ့လေ ...

"သမီးကို စောင့်ရှောက်ပေးဖို့ ဖေဖေမှာချင်တယ် ...
လည်း နောင်တရမှ အမှားတွေကို သိမှာပါ ... စတီဗင် လက်ထဲ
တော့ စည်းစိမ်ဥစ္စာတွေ တစ်ပြားတစ်ချပ်မှ မပေးဖို့ ဖေဖေ့ကို
ကတိပေးပါ"

"စိတ်ချပါ ဖေဖေ ... သား ကတိပေးပါတယ် ... လုပ်
တွေလည်း တိုးတက်အောင် ကြိုးစားပါ့မယ်"

"ဖေဖေ အကြွင်းမဲ့ ယုံကြည်ပါတယ် သား ... "

ဦးဆက်ပိုင် သားကိုတွဲပြီး ဆေးခန်းသွားရသည်။

မိတ်ဆွေတွေနှင့်တွေ့တော့ သားလိမ္မာကြောင်း လုပ်
တွေလုပ်တာတွေတော်ကြောင်း ပြောပြကြ၏။



"ကိုဆက်ပိုင် အရေးကြီးတာက ခင်ဗျားသမီးလေးပဲ စတီ
ဗင်ဆိုတဲ့ ကောင်လေးက မဟန်ဘူးနော် ... ခင်ဗျား ရှာဖွေထား
သမျှ ပြုတ်ပြုတ်ပြုန်းသွားမယ် ... စေတနာနဲ့ သတိပေးတာပါ"

ကိုယ်ဘယ်လိုမှ တားနိုင်စွမ်း မရှိခင်မှာပင် ဖေဖေ့မိတ်ဆွေ
က ပြောပြလိုက်သည်။

ဖေဖေဝေဒနာတွေက ပို၍ပင် ဆိုးဝါးလာရတော့၏။

အစာအိမ်က စိတ်နှင့်ဆိုင်သည်တဲ့ ...

သောကတွေများလျှင် အစာအိမ်မှ အက်ဆစ်ဓာတ်တွေ ပို
ထွက်တတ်သည်တဲ့ ...

ဖေဖေ့ကို စိတ်ချမ်းသာစေချင်တယ် ပိုး ...

မင်းကို အသိပေးလိုက်ရင် ကောင်းမလားဟု တွေးမိလာ
သည်။

နောက်ပိုင်း ...

ပိုးက ကိုယ့်ကို ပို၍ ရန်သူတစ်ယောက်လို သဘောထား
တိုက်ခိုက်လာသည်။

☆

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၁ )

"ပိုး"

"ဟင်"

"မောင်တို့ လက်ထပ်ကြရအောင်"

စတီဗင့်အတွက် အရေးကြီးတာက အိပိုးအိမ်နှင့်လက်ထပ်ဖို့ပင် ...

အိပိုးအိမ်က ချမ်းသာသည်။

တစ်ဦးတည်းသော သမီး ...

စတီဗင့်အတွက်က ...

ငွေလိုနေသည်။

အိပိုးအိမ်ကို လက်ထပ်လိုက်ရင် အားလုံး အိုကေသွားပြီ ဖြစ်၏။

"အိပိုးအိမ် မောင်နဲ့လိုက်ခဲ့"





"ဟင်"

ဒီလိုမျိုးကျတော့ အိပိုးအိမ် အထိတ်တလန့်ဖြစ်သွားရသည်။

ဖေဖေ့ကျန်းမာရေး မကောင်း ...

ဘာရောဂါလဲဆိုတာ သူမ လုံးဝမသိပေ။

အစာအိမ်တဲ့ ...

သူမက ခနကို မကျေနပ်တာ ...

ဖေဖေ့ လုပ်ငန်းတွေအားလုံး ခနဦးစီးနေတာထက် စတီဗင်ကို ဦးစီးစေချင်မိသည်။

"ပိုး ဖေဖေက လုံးဝသဘောမကျသလိုပဲ ... မောင့်ကို ဒီလိုမျိုး ဆက်ဆံတာမျိုး မောင် လုံးဝ လက်မခံနိုင်ဘူး"

"ဖေဖေက လူကြီးလေ ... ပိုး မောင့်နောက်လိုက်ခဲ့တော့မယ် ... မောင်တို့ လက်ထပ်ကြမယ်"

အိပိုးအိမ်ကို လက်ထပ်ဖို့ အကြံအကျယ် ကြံစည်နေမိသည်။

"ဖေဖေ နေမကောင်းဘူး မောင် ... "

"ဘာရောဂါလဲ"

"အစာအိမ် ... "

"ဟာ ... အစာအိမ်က ဘာမှအရေးမကြီးဘူး ... အရေးကြီးတာက ပိုးနဲ့ဝေးမှာကို မောင်စိုးရိမ်နေတယ်"

ပိုး ကိုယ်လုံးလေးအား သူ့ရင်ခွင်ထဲမှာ ထွေးပွေ့ထားမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အတွေ့အကြုံမရှိသော ပိုး ...

ချစ်သူရည်းစား မထားဘူး၍ စတီဗင့်အပေါ် အဟုတ်ထင်မှတ်ကာ စွဲလမ်းနှစ်သက်နေတော့သည်။

စတီဗင်က မိန်းမကျွမ်းကျင်သူ ...

ကောင်မလေးတွေ အများကြီးနှင့်တွဲနေသည်။

ဘာမှ ခံစားချက် မရှိ ...

ငွေကြေးပဲ ...

ချမ်းသာသော ကောင်မလေးတွေပဲ အမိဖမ်းသည်။

အခု ...

အိပိုးအိမ်တဲ့ ...

အကောင်ကကြီးသည်။

အလွတ်မခံနိုင် ...

"ပိုး ... "

"ဟင်"

"မောင်နဲ့ပိုး တရားရုံးတစ်ခုခုမှာသွားပြီး လက်ထပ်ကြအောင်"

ပိုး ...

တွေဝေနေမိသည်။





မောင့်ကိုလည်း မခွဲနိုင်ပါဘူး ...

ဖေဖေကတော့ ပိုးကို အမွေဖြတ်မှာ မဟုတ် ...

ချစ်သည်။

စတီဗင့်ကို လက်ခံမှာပဲ ...

အိပိုးအိမ် သိနေသည်။

"အိပိုးအိမ်"

"ဟင် ... "

"မောင့်ကို မချစ်ဘူးလားကွာ ... ဟင်"

စတီဗင် ညုတုတုလေး ပြောပစ်လိုက်မိတော့သည်။

ကိုယ်လုံးလေးအား တင်းကျပ်စွာ ပွေ့ဖက်ထားပစ်လိုက်မိ၏။

"ပိုး စဉ်းစားပါရစေနော်"

"မောင့်ကို လက်ထပ်ဖို့ ပိုးက စဉ်းစားဦးမယ် ... ဟုတ်လား ဘာလဲ မောင့်ကို အထင်သေးတာလား ပိုး ... "

စတီဗင် ဒေါကန်သွားမိသည်။

ဘယ်မိန်းမကိုမှ အောက်ကျခံ၍ မဆက်ဆံခဲ့ပေ။

အထက်ကပဲ ...

သူတို့သားအမိက အမြဲတမ်း ဟန်တစ်ခွဲသားနှင့်နေတာပါ

"မောင့်ကို အထင်သေးတာ မဟုတ်ပါဘူး ... "ဖေဖေ့နေ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းလို့ပါ"

"ပိုး ဖေဖေက လောလောဆယ်ကြီး ဘာမှမဖြစ်နိုင်ပါဘူး ... နေနဲ့ လက်ထပ်ပေးလိုက်မှာ ကိုယ်ကြောက်တယ်"

အိပိုးအိမ် တိုက်ကြီးပေါ်တက်နေဖို့ပဲ စတီဗင် စဉ်းစားကြံ စည်နေမိသည်။

သူ့အခန်းက ဗုဒ်ထားတာ ပြန်အပ်ရတော့မည်။

"ဘယ်လိုပဲ ပိုး"

"စဉ်းစားဖို့တော့ အချိန်ပေးပါနော် ... မောင်နဲ့ကျွန်မ လက်ထပ်မှာပါ"

စတီဗင် မကျေနပ် ...

ဒေါသတွေနှင့် အိပိုးအိမ်အား တုန့်ပြန်ပစ်ချင်မိသည်။

မင်းဟာ ငါးကြီးဖြစ်နေလို့ ငါမလွှတ်ပစ်လိုက်တာပဲ အိပိုး အိမ် ... အချစ်ဆိုတာ ငါ့မှာ မရှိဘူး ...

"မောင်"

"ပြော"

"ဖေဖေက အမွေဖြတ်လိုက်ရင်ရော ... "

"ဖြတ်တော့လည်း မောင်ရှာဖွေကျွေးမှာပါ ... မောင်က အစွမ်းအစရှိတဲ့ ယောကျ်ားပါ ... မင်းက အထင်သေးတာလား"

မောင်က တာဝန်ယူတယ်ဆိုတော့လည်း အိပိုးအိမ် အား





တက်မိသည်။

ဖေဖေက အမွေတော့ ဖြတ်ပစ်လိမ့်မည် မဟုတ်ဟု ထင်မိ၏။

သမီးကို ချစ်သည်။

သံယောဇဉ်ကြီး၏။

ဖေဖေ သံယောဇဉ်တွေကို အလွယ်တကူ ဖြတ်တောက်နိုင်ခြင်းရှိမှာ မဟုတ် ... ။

"မောင်ကတော့ အိပိုးအိမ်နဲ့ရှုံးမှာ နှစ်ဦးသဘောတူ လက်ထပ်ထားချင်တယ်"

"ဟင် ... "

"အတူနေဖို့ ကိစ္စကတော့ နောက်မှပဲ ဖြည်းဖြည်းစီစဉ်ကြတာပေါ့ ပိုး ... "

သူမ ...

တွေဝေစွာ စဉ်းစားနေမိသည်။

ဖြစ်ပါ့မလား ...

"အိပိုးအိမ်ကတော့ ဖေဖေကျေနပ်တဲ့အထိ အချိန်စောင့်ကြည့်ချင်တယ် မောင် ... "

"မောင် မစောင့်နိုင်ဘူးကွာ ... အချစ်ကို လက်လွှတ်ဆုံးရှုံးသွားရမှာ ကြောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ငါးမရ ရေချိုးပြန်မှ ဖြစ်မည်။

သူမကို လက်လွှတ်ခံလို့ မဖြစ်ဘူး … ။

စတီဗင် စိတ်ထဲမှာ အိပိုးအိမ်ကိုလည်း လက်ထပ်လိုတဲ့ ဆန္ဒ မရှိ …

ငွေကြေးပဲ လိုအပ်တာပါ …

တိုက်ခန်းတစ်ခန်းတော့ မာမီ့အတွက် ဝယ်ပေးချင်သည်။

"မောင့်ဘဝက ပိုးတို့လောက်မှ မချမ်းသာတာပဲ ပိုး အထင် သေးမှာပေါ့ … လောလောဆယ် မောင့်အမေ ဆေးကုဖို့ ပိုက်ဆံ တောင် မရှိဘူး ပိုး … "

"ဟင် … မောင့်မာမီ ဘာဖြစ်လို့လဲ"

မောင့်မာမီက ခန့်ညားချောမောတဲ့ မိန်းမကြီးတစ်ယောက် ပင် …

တစ်ချိန်က …

မင်းကတော်တစ်ယောက် …

မောင့်ကို ပိုသနားကြင်နာနေမိသည်။

ချမ်းသာရာကနေ တဖြည်းဖြည်း စီးပွားကျသွားသည်ဟု အေမီက ပြော၏။

ငွေကြေးသုံးစွဲမှုကအစ သူမပဲ အကုန်အကျခံခဲ့သည်။

ဖေဖေက အိပိုးအိမ် သုံးစွဲရန် ဘဏ်မှာ ငွေထည့်ပေးထား





ကြိုက်သလောက်သုံးပဲ …

"မောင့်မာမီ နှလုံးသွေးကြောကျဉ်းတဲ့ ရောဂါဖြစ်နေတယ် … "

"ဆေးခန်းပြပါမောင် … ကျွန်မ ပေးမှာပေါ့"

"အားနာတယ်ကွာ … ကိုယ် မယူချင်ဘူး … ပိုးနဲ့လက်ထပ် ရင် မာမီလည်း စိတ်သောကတွေငြိမ်းအေးသွားမယ် ပိုး"

မာမီ့မှာ ဘာရောဂါမှ မရှိပေ။

"မောင် … "

"ဟင်"

"မောင့် သဘောဆန္ဒတွေကို ပိုး လိုက်လျောပါ့မယ်"

"ပိုးရယ် … "

စတီဗင် ဝမ်းသာအားရနှင့်အိပိုးအိမ်အား ဖက်တွယ်ထားမိ သည်။

"မောင် ပိုးကိုချစ်တယ် … ပိုး ဖေဖေ သဘောကျအောင် ကြိုးစားပြမှာပါ ပိုး … "

ဖေဖေ လက်ခံပါ့မလားဟု ပိုးစိတ်တော့ ပူမိသည်။

လက်ခံမှာ မဟုတ် …

နေကြောင့်ပါ …

မောင့်ကို လူရှုပ်လူပွေတစ်ယောက်ဟု မနေပြောတာပဲနေ



www.burmeseclassic.com

www.burmeseclassic.com



"ခုနကို စိတ်မချဘူး ... ပိုး ဒီကောင်က ချောင်းနေမှာ မော...
အထင်တော့ ပိုးကို အဖေ့နား အကောင်းကပ်တာတော့ မဖြစ်နိုင်
ဘူး ..."

"ဟုတ်တယ်မောင် ... ပိုးလည်း အဲဒီလိုပဲ ထင်နေမိတယ်"

မောင့်စကားတွေကို ပိုးအကြွင်းမဲ့ ယုံကြည်နေမိသည်။

"မာမီ့ဆီသွားရအောင်နော် ပိုး ..."

"ပိုး ရှက်တယ်"

"ဘာ ရှက်စရာရှိလဲ ... ပိုးမှာ အမေမှ မရှိတာဘဲ အမေ
အဖြစ် ပိုး သတ်မှတ်စေချင်တယ်ကွာ ..."

ပိုးကို စတီဗင် အပြတ်စည်းရုံးသိမ်းသွင်းနေမိသည်။

မာမီနှင့်တွေ့သွားလျှင် အားလုံး အိုကေသွားမှာပဲဖြစ်၏။

မာမီက တစ်ဖက်သားကျေအောင် အပြောကောင်းသူဖြစ်
သည်။

"မာမီ"

"ဟင် ... သား ... ဩော် သမီးလေးပါလာတာလား ...
ချစ်စရာလေးကွယ်"

ဒေါ်ရှိစီကတော့ ပိုးအကြောင်းတွေ သားဆီမှ သိထားပြီး
ဖြစ်သည်။

အထာသိနေ၏။





ကောင်မလေးက မိန်းမချောလေး ...

ချမ်းသာသည်တဲ့ ...

"မာမီ နေမကောင်းဘူးဆိုလို့ ပိုးလာကြည့်တာလေ"

ပိုးမှာ အမေမရှိတော့ မောင့်မာမီကိုပဲ အမေအဖြစ်
သတ်မှတ်မိသည်။

"မာမီ ဆေးခန်းမပြဘူးလားဟင်"

"မာမီ့မှာ အသက်ကြီးမှ ငွေကြေးနွမ်းပါးနေရတယ်ကွယ်"

သားနှင့်ညှိနှိုင်းထားပြီးသားဖြစ်သည်။

ဒေါ်ရှိစီ့ပုံစံက မယုံကြည်နိုင်အောင် ပိရိနေသည်။

ခန့်ညားနေ၏။

"မာမီ့ဆေးဖိုး ပိုးကန်တော့ပါရစေ"

သုံးသိန်းတန် ချက်ရေးပြီး မာမီ့ကို ပေးလိုက်သည်။

"ဟင် ... သမီးလေးရယ် ဒီလောက်အများကြီး မာမီမယူချင်
ဘူး ..."

ဒေါ်ရှိစီကျေနပ်စွာဖြင့် ပီတိတွေ ဖုံးနေသည်။

ငွေသုံးသိန်းကတော့ မိမိအတွက် အခက်အခဲတွေဖြေရှင်းနိုင်
...

"ယူပါမာမီ ... အားမနာပါနဲ့ ပိုးမှာ မိခင်မှ မရှိတာ မာမီ့ကို
အားကိုးပြီး ကုသိုလ်ယူတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရှိစီစိတ်ထဲမှာ နည်းသည်ဟုပင် ထင်သည်။

"အေးလေ ... သမီးလေးက ကန်တော့တော့လည်း မေ
လက်ခံရမှာပဲပေါ့လေ"

"မာမီ ... "

"ပြောလေ ... သား"

"သားတို့နှစ်ယောက် ဒီနေ့ပဲ တရားရုံးမှာသွားပြီး လက်မှ
ထိုးကြမယ်"

"ဟင် ... မာမီ ဘာလုပ်ပေးရမလဲကွယ် ... သမီးလေ
ဖေဖေက သဘောကျရဲ့လား"

"လောလောဆယ်တော့ လက်မှတ်ထိုးထားပြီး အတူမေ
သေးပါဘူး ... မာမီ"

"ဘာကွယ့် ... "

မာမီက မသိဟန်ဆောင်ကာ မေးနေသည်။

တကယ်တော့ ...

မာမီ့အကြံအစည်တွေပဲ ...

ပိုးရှေ့မှာ မာမီမသိသလိုနှင့် စတီဗင်ရှင်းပြနေမိသည်။

"မဖြစ်နိုင်ဘူးသား ... သမီးလေး ဖေဖေ ကျေနပ်တဲ့အ
အချိန်ယူစမ်းပါ ... မာမီ လက်မခံဘူး ... "

မာမီက အိုက်တင်ကြီးနှင့် အကြောက်အကန် ငြင်းဆန်





သည်။

"သားကတော့ ပိုးနဲ့မခွဲနိုင်ဘူး မာမီ ... ဟို ခနဆိုတဲ့ကောင်
က ပိုးဖေဖေကို အပိုင်သိမ်းသွင်းနေတာ ... သား နောက်ကောက်
ကျသွားမယ် ... "

"သမီးလေးက ဒီလို သစ္စာမဲ့တဲ့ မိန်းကလေးတစ်ယောက်
ဟုတ်ပါဘူးနော် သား ... "

ဒေါ်ရှိစီကတော့ သားလုပ်ရပ်အတွက် သဘောကျနေမိ
သည်။

ကောင်မလေးက သုံးသိန်းတောင် ပက်ခနဲပေးနိုင်တယ်။

"မာမီ ... "

"ဟင်"

"သားတို့ သွားတော့မယ်"

"လူကြီးမိဘတွေ စိတ်ဆင်းရဲအောင်တော့ မလုပ်ကြနဲ့နော်
မာမီလည်း သားအတွက် ဘာတာဝန်မှမကျေနိုင်ဘူး ဖြစ်နေတယ်"

"ကိစ္စမရှိပါဘူး မာမီ ... ဖေဖေက ပိုးကို အရမ်းချစ်ပါတယ်"

"သမီးလေးက မာမီ့သမီးလေးပါပဲ"

ဒေါ်ရှိစီက သဘောကျကျေနပ်စွာဖြင့် ကျန်ရစ်ခဲ့တော့
သည်။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

"အိပိုးအိမ်"

"ဘာလဲ ခနဲ့"

"ကိုယ် ပြောစရာရှိတယ်"

"ပြော"

"ဖေဖေ့ အခြေအနေပဲ"

ကိုယ့်အနေနှင့်ပိုးကို ပြောသင့်တာပြောဖို့ ဆုံးဖြတ်လို
သည်။

ပိုးက ဖေဖေ့ကို ဂရုမစိုက်။

ချစ်သူနှင့်ပဲ သွားလာနေသည်။

ဖေဖေ စိတ်ထိခိုက် ကြေကွဲမှုတွေ ခံစားနေရ၏။

"ဖေဖေ ... ဘာဖြစ်လဲပြော"

"ဖေဖေ့ ရောဂါက အစာအိမ်ကင်ဆာ ... "

"ဟင်"

ဖေဖေ မသိအောင် ကိုယ်တမင်ပြောပြလိုက်ခြင်းသာ ဖြ





သည်။

"ဖေဖေက မင်းကို အသိမပေးစေချင်ဘူး ... မင်း စိတ်ထိ
ခိုက်မှာ စိုးလို့ပဲ ... "

ဖေဖေ့မှာ အစာအိမ်ကင်ဆာ ဖြစ်နေသည်ဆိုတဲ့ အချက်ကို
ကျွန်မ နောက်ကျမှ သိရ၍ အံ့ဩတုန်လှုပ်သွားရသည်။

ပိုးဘာဖြစ်လို့ မသိရတာလဲ ...

"မင်း စိတ်ထိခိုက်မှာ မင်းအဖေက အရမ်းစိုးရိမ်တယ်"

သူမရဲ့ သံယောဇဉ်တွယ်တာရာ ဖေဖေ ...

လူ့လောကကြီးထဲက ထွက်သွားရတော့မယ့် အခြေအနေ
ဖြစ်နေသည်။

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လာ၏။

"ပိုး ... "

"ဟင် ... "

"ကိုယ်က မင်းဖေဖေအတွက်ပါ ... မင်းဘာမှ မပူပါနဲ့ မင်း
ရည်းစားဦးစွာတွေကို ကိုယ်တစ်ပြားတစ်ချပ်မှ မယူပါဘူး ... မင်းကို
အားလုံး လွှဲပြောင်းပေးအပ်မှာပါ"

"ဟင် ... "

ကျွန်မမှားပြီ ...

မောင်နဲ့လက်ထပ်ခဲ့သည်။

နှစ်ဦးသဘောတူ လက်ထပ်ခဲ့ခြင်းသာဖြစ်နေ၏။

ဖေဖေသိရင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ပိုးအတွက် စိတ်သောကတွေရောက်နေတယ် ကိုယ်ပြောချင်တာ ဖေဖေဟာ လပိုင်းတွင်းပဲ လူ့လောကကြီး ကနေ ထွက်သွားရတော့မယ် ဆိုတာပဲ"

သူမ ...

ကြေကွဲ ထိခိုက်စွာ ငိုကြွေးမိသည်။

ဖေဖေ ...

လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မှာပါလား

"ဖေဖေဟာ မင်းအတွက် စိုးရိမ်နေတာပါ"

"ခနေ"

"ပြော"

"ပိုးနဲ့ စတီဗင့်ကို ဖေဖေ လက်ခံသဘောတူအောင် ရှင်း ပေးပါ"

လက်ခံမှာ မဟုတ် ...

"ကျွန်မ ဖေဖေ့ဆီသွားမယ်"

"ဖေဖေ့အခန်းထဲမှာ မိတ်ဆွေတွေရှိတယ်"

ဖေဖေ့ကို ပိုးအလွန်အမင်းတွေ့ချင်နေမိသည်။

စိတ်ချမ်းသာစေချင်၏။

ဖေဖေ့အခန်းဝရောက်တော့ ညှိသည်တွေရဲ့ အသံ ကြားနေရသည်။

"ခနေဟာ လူတော်လူကောင်း တစ်ယောက်ပဲ ဆက်ပိုင် ခင်ဗျား သမီးရဲ့ချစ်သူက လူရှုပ်လူပွေတစ်ယောက်ပဲ စောစော





စီး လုပ်စရာရှိတာတွေ လုပ်ခဲ့ပါ"

သူမ ခြေစုံရပ်သွားသည်။

ပြန်ခါနီး နှုတ်ဆက်ရင်း စကားတွေ ပြောနေကြခြင်းဖြစ် သည်။

"စတီဗင်ဆိုတဲ့ကောင်လေးအကြောင်း ကိုယ်အသိဆုံး ... မိန်းမတွေဆီက ချူစားတယ် ... တကယ်တော့ လောင်းကစား သမား မူးယစ်ဆေးသမားပဲ"

"ဟင် ..."

မောင့်အကြောင်းတွေက ဘာတစ်ခုမှ အကောင်းမရှိပေ။

"အိပိုးအိမ်က ရှိုးသားတယ် ... ချစ်စရာကောင်းတယ် ... ခနေနဲ့ လိုက်ဖက်တယ် ဆက်ပိုင်"

ဖေဖေ့ သူငယ်ချင်းတွေက ခနေနှင့်လက်ထပ်ပေးရန် အကြံ ပေးနေကြခြင်းပဲဖြစ်သည်။

"ခနေက အနာဂတ်အတွက် လူတော်လူကောင်း တစ် ယောက်ပဲ ဆက်ပိုင် ... မင်းလုပ်ငန်းတွေကိုလည်း ဦးစီးနိုင်တယ် လူကြီးလူကောင်း တစ်ယောက်လည်း ဆန်တယ်ကွာ"

"ကိုယ်သိတယ် ... ဒါကြောင့်လည်း ခနေလက်ကို အပ်တာ ပေါ့ ..."

စတီဗင့်အကြောင်းတွေကို ခနေပြောတာ မဟုတ်ဘဲ ဖေဖေ့ မိတ်ဆွေတွေက ပြောခြင်းဖြစ်သည်။

ခနေအား အထင်လွဲနေမိတာပဲ ...

"ကိုယ်သိပါတယ် ... ခနေ ရှိတော့ သမီးလေး ဘယ်လိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် ဒုက္ခမရောက်နိုင်ပါဘူးလေ ...”

သူမ အမှားအယွင်းကြီး တစ်ခုကို သူမ ကျူးလွန်သွားမိပြီ ဖြစ်၏။

မောင်နှင့်လက်ထပ်ထားသည်။

ဖေဖေသိရင် ...

ဆက်မတွေးရဲတော့ ...

ဖေဖေနှင့် မျက်နှာချင်းဆိုင်ရမှာပင် ကြောက်ရွံ့နေမိသည်။

မောင် ...

ရှင် တကယ်ပဲ လူရှုပ်လူပွေတစ်ယောက်လား ...

အိပ်ိုးအိမ်ဘဝကို ဖျက်ဆီးပစ်ဖို့ ရှင်ကြံစည်ခဲ့တာလား မောင်

မနေကရော ...

မောင့်ထက် လူကြီးလူကောင်း ဆန်လွန်းသည်ဟုတွေးမိလာသည်။

မနေကို ပိုးအထင်လွဲနေတာပါ ...

မှားသွားပြီ ...

မောင့်ကို သတိထား ဆက်ဆံဖို့ အိပ်ိုးအိမ် ဆုံးဖြတ်ထားမိသည်။

☆

အခန်း ( ၁၃ )

“ပိုး”

“မောင်”

“မင်း ဖေဖေက မောင်နဲ့သဘောမတူဘူး မဟုတ်လားကွာ”

“လောလောဆယ် ဖေဖေ့မှာ အစာအိမ်ကင်ဆာ ရှိနေတယ် မောင်”

“မကြာတော့ဘူးပေါ့ ...”

ဖေဖေသေဆုံးမှာကို ဝမ်းသာနေတဲ့ မောင့်မျက်ဝန်းတွေအား ပိုး အံ့ဩထိတ်လန့်စွာ မြင်လိုက်ရသည်။

“မောင်က ပိုးနဲ့နီးရတော့မှာမို့ ရုတ်တရက် ဝမ်းသာသွားတာပါ”

မောင်က စကားနှင့်လျော့ချလိုက်ခြင်းသာ ဖြစ်သည်။

“ပိုး”



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါမောင် ..."

"မောင်စိတ်မကောင်းမိဘူးကွာ ... ဖေဖေ့အနားမှာ မောင်လည်းနေပြီး ပြုစုချင်တယ်"

စတီဗင် စကားမှားသွားသည်။

ပိုးကြည့်ရတာ ဖခင်အတွက် စိတ်မကောင်းဖြစ်နေပုံပင်။

အဘိုးကြီးသေမှ ကောင်းမယ် ...

စတီဗင် အုပ်ချုပ်နိုင်မှာ မဟုတ်လား ...

"မင်းအဖေဆုံးသွားရင် ခနဆိုတဲ့လူက မင်းပိုင်တဲ့အမွေတွေ တစ်ဝက်ရမှာ မဟုတ်လားပိုး"

"ရမယ် မောင်"

"မတရားတာပဲ ..."

ဖေဖေ မသေသေးဘဲနှင့် မောင်အမွေကိစ္စ ပြောနေသည်။

ပိုး စိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။

မောင့်မျက်ဝန်းတွေက လောဘရမ္မက်တွေ တက်နေသလိုပင်။

"ပိုး"

"ဟင်"

"မောင့်မိန်းမနဲ့ မောင်အတူနေချင်ပြီ"

"ရှင်"





မောင်က သူမလက်တွေကို တင်းကျပ်စွာ ဖျစ်ညှစ်ဆုပ်ကိုင်ထားပြီး အသေအချာ ငုံ့ကြည့်နေသည်။

အံသြစရာကောင်းလောက်အောင် သူမ ရင်မခုန်တော့ပေ။

မောင့်မျက်ဝန်းတွေက လောဘရမ္မက်တွေ တက်နေသည်။

ပိုး သဘောမကျမိ ...။

ဖေဖေ့မိတ်ဆွေတွေ ပြောတဲ့ စကားတွေကို ကြားယောင်လာမိသည်။

မောင် ...

ပိုးကို ငွေကြေးကြောင့် လက်ထပ်တာပဲ ...

"မောင့်မှာ အသုံးစရိတ်ပြတ်နေပြီ ပိုး"

"ပိုးရဲ့ ဘဏ်စာရင်းမှာလည်း ငွေနည်းနေပြီမောင်"

မောင့်အကြည့်တွေက သူမထံဆတ်ခနဲ ရောက်လာသည်။

"မောင် ကုမ္ပဏီ တစ်ခုထောင်ချင်တယ် ပိုး"

"ခဏလောက်နေပါဦးမောင်ရယ် ... ဖေဖေ နေမကောင်းသေးဘူး ... မောင်နဲ့လက်ထပ်ထားတာတောင်မှ အသိပေးလို့ မဖြစ်သေးဘူး"

"ပိုး မင်းက မောင့်ကို မယုံကြည်တဲ့ သဘောမျိုးပြောနေတာလား"

"မဟုတ်ပါဘူးမောင် ... ဖေဖေ့ရောဂါ အခြေအနေ မောင်အသိဆုံးပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



မောင့်မျက်ဝန်းတွေက သိသိသာသာကြီး ခက်ထန်မာကျော နေသည်။

"မင်း အဖေကို မောင်နဲ့လက်ထပ်ထားတာ ဖွင့်ပြောလိုက်" ပိုး ပျာပျာသလဲနှင့်မောင့်ကို တောင်းပန်နေမိသည်။

ရှင်က ...

ငွေမက်တာ မဟုတ်လား ...

ပိုး ငွေပေးမယ် ...

"မောင် ..."

"ဘာလဲ ... ပိုး"

"မောင် သုံးဖို့ငွေငါးသိန်းလောက်ရမလား"

"ဟာကွာ ... သူဌေးမကြီးရဲ့ ခင်ပွန်းဖြစ်ပြီး ငွေငါးသိန်း လောက် ဘာလုပ်ရမှာလဲ ပိုး ... ကလေးကလားကွာ"

မောင့်စကားတွေက လောဘတက်နေတဲ့ စကားတွေပင် ဖြစ်နေသည်။

"ပိုးနာမည်နှင့် ဘဏ်မှာ ငွေကုန်ပြီ"

"မင်းအဖေ ဘယ်လောက်အထိ ချမ်းသာတယ်ဆိုတာ မောင် သိတာပဲ"

"ဟင်"

"မောင် ကုမ္ပဏီတစ်ခုလောက် ဦးစီးချင်တယ် ... မင်း စီစဉ် ပေးပါ"





"လောလောဆယ်တော့ မဖြစ်နိုင်သေးဘူးလို့ ပြောပြီးပြီပဲ ...င်ရယ် ... ပိုး တောင်းပန်ပါတယ်"

မောင့်အကြည့်တွေက ဒေါသတွေနှင့် တဝင်းဝင်းတောက် ...သည်။

မောင်သည် ဟန်ဆောင်ကောင်းတဲ့ လူတစ်ယောက်ဆိုတာ ... မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။

"ပိုး ..."

"ရှင်"

"မောင့်ကို သိန်းနှစ်ဆယ်လောက်တော့ပေးကွာ"

မောင်သည် သူမဲအားပွေ့ဖက်ကာ ချော့မော့ပြောနေသည်။

"ပေးမယ် မဟုတ်လား အချစ် ..."

"အင်းပါ ..."

"မောင့်အပေါ် ငြိုငြင်ချင်နေပြီလား ပိုးရယ်"

မောင့်စကားသံတွေက ပိုးနားထဲသို့ နူးလောင်စွာ တိုးဝင် ...သည်။

မောင့်အနမ်းတွေက နာကျင်စူးရှစွာ သူမနှလုံးသားထဲ စီးဝင် ...သည်။

ပိုး ငွေစာရင်းမှာ ငွေနည်းနေတာကိုပဲ မောင်မကျေနပ်။

"မင်းတမင် ပြန်မထည့်တာ မဟုတ်လား ပိုး"

"ပိုး အသုံးစရိတ်များလှချည်လားလို့ ဖေဖေစစ်ဆေးမှာ စိုးလို့



www.burmeseclassic.com

www.burmeseclassic.com



ပါ"

"မင်း ဆင်ခြင်ပေးတာပဲ"

ပိုး ...

မောင့်ကို ဘာမှမပြောလိုတော့ ...

သူ့ဇနီးမယားဖြစ်သွားတာကိုက ပိုးရှုံးနေပြီ။

မောင်တောင်းတဲ့ငွေ သိန်းနှစ်ဆယ်ကို ထုတ်ပေးလိုက်ရ၏။

"မိန်းမ ..."

ပိုး မကြားချင် ...

"ပိုး ..."

"ရှင် ..."

"ပိုးဖေဖေ လက်ခံလာအောင်တော့ ပြောကွာ ... မောင်လည်း သမက်တစ်ယောက် အနေနဲ့ ပြုစုသင့်တယ် မဟုတ်လား မင်းဆီ မောင်ဝင်ထွက်ချင်တယ်"

စတီဗင်က တမင်အကျပ်ကိုင်ပြောနေခြင်းဖြစ်သည်။

ပိုး ကြောက်နေ၏။

"ပိုး ..."

"ဟင်"

"ဓနနဲ့တော့ ရှုပ်မယ်မကြံနဲ့နော် ... ပြဿနာတွေ မိုးမီးလောင်သွားမယ်ဆိုတာ မှတ်ထား ..."

ပိုး မျက်ဝန်းတွေကို စေ့စေ့စိုက်ကြည့်ပြီး ပြောလိုက်သည်။





"မောင့်ကို စွန့်ခွာပစ်ဖို့ စဉ်းစားတိုင်း မင်းဘဝတစ်ခုလုံး ...သိက္ခာတွေ ဘယ်လောက်မဲ့သွားမယ်ဆိုတာလည်း ထည့်စဉ်း... ..."

သူမ ပါးပြင်လေးအား သူ့လက်ဝါးနှင့်ခပ်ဆတ်ဆတ်လေး ...လိုက်ပြီး ခြိမ်းခြောက်စကားတွေ ပြောလိုက်သည်။

"မောင် ပြောတာကြားလား ပိုး"

မောင်က သူ့အတွင်းစရိုက်တွေကို ကြမ်းတမ်းစွာလှစ်ဟ ...ဆိုနေသည်။

ပိုး ဘာဆက်လုပ်ရတော့မလဲ ...

အမိက ...

ဖေဖေ မသိဖို့ပဲ ...

သမီးကို မိုက်မဲတဲ့ သမီးအဖြစ် ဖေဖေ လူ့လောကကြီးထဲက ...က်ဆုံးထွက်ခွာသွားသည်အထိ မသိရှိသွားစေချင်ပေ။

အားငယ်သလိုကြီး ခံစားလာရသည်။

ဓနရယ် ...

ပိုး ဘာဆက်လုပ်ရတော့မလဲ ...

အားကိုးတကြီးနှင့် ဓနအား တမ်းတမိသွားသည်။

☆

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

"ဖေဖေ"

"သမီး"

"သမီးကို ဖေဖေ ဘာရောဂါတွေဖြစ်နေလဲဆိုတာ ပြော

လား"

ဖေဖေ့လက်တွေကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

ဓနု ...

အစ်ကိုအဖြစ် သတ်မှတ်ထားရတော့မလိုဖြစ်နေသည်။

ဖေဖေ့မျက်ဝန်းတွေက အားငယ်စွာဖျော့တော့နေ၏။

ဝေဒနာအတော်လေး ပြင်းထန်နေပုံရသည်။

"ဖေဖေ ဘာရောဂါပဲဖြစ်ဖြစ် အရေးကြီးတာက သမီးလေ

ဘဝ အေးချမ်းလုံခြုံဖို့ပဲ"

"ဖေဖေ ဘာဖြစ်စေချင်လဲ ... သမီးအတွက် စိတ်ချပါ သ





နေပါပြီ"

"ဟင် ..."

ဦးဆက်ပိုင် အံ့ဩသွားမိတော့သည်။

သမီးလေး လိမ္မာနေပြီတဲ့ ...။

"ဝမ်းသာလိုက်တာ သမီးလေးရယ် ... ဖေဖေ မသေခင်

ကြားချင်ဆုံးစကားတွေပါပဲ"

"မောင်နဲ့သမီး ကိစ္စခေါင်းထဲ မထည့်ပါနဲ့တော့ ဖေဖေ"

"ဟင် ... သမီး အဆက်အသွယ်ဖြတ်လိုက်ပြီလား"

"အင်း ..."

"ဝမ်းသာလိုက်တာ သမီးလေးရယ်"

ဖေဖေ့ရဲ့ အတိုင်းမသိ ဝမ်းသာမှုတွေကို ကြည့်၍ ပိုးမျက်ရည်

ဥင် ဝဲကျလာရတော့သည်။

"အင်း ..."

"ဝမ်းသာလိုက်တာ သမီးလေးရယ်"

ဖေဖေ့ရဲ့ အတိုင်းမသိ ဝမ်းသာမှုတွေကိုကြည့်၍ ပိုးမျက်ရည်

ဥင် ဝဲကျလာရတော့သည်။

"သမီး ..."

"ရှင် ဖေဖေ ..."

"ဖေဖေ့မှာ အစီအစဉ်တစ်ခု စိတ်ကူး ဆန္ဒပဲ အရေးကြီးတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ ... သမီး သဘောမတူရင်လည်း အတင်းအကျပ် မလုပ်ပါဘူး လို့ ကြိုတင်ပြောထားပါရစေ”

“ပြောပါ ဖေဖေ ...”

“သမီးနဲ့ခနကို ဖေဖေကိုယ်တိုင် လက်ထပ်ပေးခဲ့ချင်တယ်”

ပိုးရင်ထဲသို့ အပ္ပလုံးကြီးတစ်လုံးက ဆောင့်တက်သွားတော့သည်။

“သမီး ...”

“ရှင်”

“သမီး ဆန္ဒတွေကို ဖေဖေသိချင်တယ်”

ဖေဖေက စကားပြောရင်း မောပန်းစွာဖြင့် အသက်ကို ပြင်းပြစွာဖြင့် ရှူသွင်းနေရင်း အနားယူနေသည်။

“သမီးလေး ဆန္ဒမရှိရင်လည်း ဖေဖေ အတင်းအကျပ် မစီစဉ် ပါဘူးလေ ...”

ပိုး မဖြေနိုင် ...

ဖေဖေက ဆက်မမေးတော့ ...

“သမီးလေး သွားတော့”

“ဖေဖေ ...”

“ပြော”

“ခနကို သမီးအရင်လို မမုန်းတော့ပါဘူး ... လက်ထပ်ဖို့ ...





...ဘာ့ လောလောဆယ် သမီးမဆုံးဖြတ်ပါရစေနဲ့ဦးနော်”

ပိုး ...

မွှန်းကျပ်သွားသည်။

တရားဝင်လက်ထပ်ခဲ့မိတဲ့ မိုက်မဲမှုတွေအတွက် အပြင်းထန် ...း ရိုက်ခတ်မှုတွေကို ပိုးရင်ဆိုင်ဖြတ်သန်းရတော့မှာပါ။

အနာဂတ်က မလှပနိုင်တော့ဘူး။

“ခနကို သမီးအားကိုးပါ ... ခန အဆုံးအဖြတ်တွေကို သမီး ...ခံပါ”

“ဟုတ်ကဲ့ ဖေဖေ ... သမီး နောင်တတွေရနေပါပြီ ... လေး ...းနက်နက် ကတိပေးပါတယ် ... ခနဟာ သမီးရဲ့အစ်ကိုတစ် ...ဘက်ပါ”

“သမီးရယ် ... ဖေဖေ ဒီလောက်အခြေအနေလေး ဖြစ်လာ ...ဲ ဝမ်းသာကျေနပ်ပါပြီ ... ဖေဖေ သေပျော်ပါပြီ”

“ဖေဖေရယ် ...”

ပီတိတွေ ဖုံးလွှမ်းနေတဲ့ မျက်ဝန်းတွေနှင့် ကြည့်နေသည်။

“ဖေဖေ အနားယူလိုက်ဦးနော်”

“အေး ... အေး”

ဖေဖေ့ကို ဆေးတိုက်သည်။

ဖေဖေ့ရှေ့မှာ မျက်ရည်မကျအောင် ထိန်းချုပ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့အခန်းမှာ အပြင်ထွက်လာပြီး သူမအခန်းသို့ ပြေး
လာခဲ့သည်။

"အဟင့် ... အဟင့်"

ခေါင်းအုံးပေါ် မျက်နှာအပ်ကာ ငိုကြွေးမိသည်။

"တီ ... တီ"

"တီ ... "

သူမ ဟန်းဖုန်းက အသံမြည်လာသည်။

မောင် ...

မကိုင်၍မဖြစ် မောင်က ကြမ်းသည်။

"ဟဲလို ... "

"ပိုးလား"

မောင် အရက်တွေ သောက်ထားပုံပင်။

"ပိုး ... မင်း ဘာအချိုးချိုးတာလဲ ... မင်း ငါ့ကို ရှောင်နေတာ မဟုတ်လား"

"ဖေဖေ နေမကောင်းလို့ပါ ... ရှောင်နေတာမဟုတ်ပါဘူး ... လွန်ခဲ့တဲ့ သုံးရက်လောက်ကမှ တွေ့ခဲ့ကြသေးတာပဲ"

"မင်း မသိချင်ယောင်ဆောင်နေတာလား ပိုး ... မိန်းမဆိုတာ လင်ယောက်ျားရဲ့အနားမှာ အမြဲရှိနေရတယ်ကွ"

ဒုက္ခပါပဲ ...





ဖေဖေ့ကို မောင်နဲ့မပတ်သက်ပါဘူးလို့ ပြောထားမိသည်။

"ပိုး ... "

"ဟင်"

"မောင် မင်းနဲ့တွေ့ချင်တယ် ... မောင်ပြောတာ ကြားလား"

"ဖေဖေ နေမကောင်းဘူး မောင် ... ပိုး တောင်းပန်ပါတယ် မောင် ... တစ်ပတ်လောက် မတွေ့ကြသေးဘူးနော်"

"မရဘူး ... မင်းအခုပဲ လာခဲ့ပါ ... မင်းကို အရမ်းလွမ်းနေပြီ ပိုး ... "

"ကျွန်မ ... ကျွန်မ"

"ဘာ ကျွန်မလဲ ... မင်း မလာရင် မောင်လိုက်လာမှာနော်"

"အမလေး ... မောင် မလိုက်လာပါနဲ့နော်"

"ပိုး မင်းငါ့ကိုစွန့်ခွာဖို့ မကြိုးစားနဲ့နော် ... မင်း အရှက်ကွာတွေကို ငါ့ဆွဲကွက်ထောက်ထားမှာ မဟုတ်ဘူး"

"ကျွန်မ လာခဲ့ပါမယ် မောင်"

သူမ ...

တောင်းပန်နေမိသည်။

ရှင် တော်တော်ကောက်ကျစ်တာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ပိုးကို အကျပ်ကိုင်ပြီး ငွေတွေညှစ်တော့မည်ဖြစ်သည်။

ရင်ထဲမှာ ထူပူနေမိ၏။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထား

သည်။

ပိုး သွားရမှာပဲ ... ။

မသွားလို့တော့ မဖြစ်ဘူး ... ။

မောင် လိုက်လာလျှင် ဖေဖေ စိတ်ထိခိုက်ရမည်။

"ပိုး ..."

"ဟင်"

မနေ ...

အကြောင်းနာမျက်ဝန်းတွေနှင့် အမှတ်မထင် ရင်ဆိုင်မိသွား

သည်။

"ပိုး ဘာအခက်အခဲတွေဖြစ်နေလဲ ... တစ်ခုခုဖြစ်ရင် ကိုယ့်

ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးနော်"

ပိုး ပျာယာခတ်နေတာ ကိုယ်အကဲခတ်မိနေသည်။

ပြဿနာတစ်ခုခုနှင့် ရင်ဆိုင်နေရပြီဟု ထင်မိ၏။

"ပိုး ဘာမှ မဖြစ်ပါဘူး မနေ ... ဖေဖေ့ကိုသာ ဂရုစိုက်ပါနော်"

ပိုး စိတ်အပူဆုံးက ဖေဖေပဲဖြစ်သည်။

မနေရယ် ...





ကျွန်မရဲ့မိုက်မဲမှုအတွက် ကျွန်မတစ်ယောက်တည်း ခံပါ့

မယ်။

စတီဗင်က မနေအပေါ် အနိုင်ကျင့်အကျပ်ကိုင်မှာ မလိုလား

ဘူး ... ။

ပိုး ရင်ဆိုင်မယ် ...

ဖြေရှင်းမယ် ...

သူမ ထွက်လာခဲ့မိသည်။

ကားပင် မယူ ...

ဆိုင်ကယ်လေးနှင့်ပင် မောင့်ဆီအပြေးအလွှားရောက်လာရ

သည်။

☆

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၅ )

"မင်း ဘာဖြစ်လို့ ကားမယူလာရတာလဲ ပိုး"

"ကျွန်မ အလွယ်တကူ ဆိုင်ကယ်ပဲယူပြီး ထွက်လာခဲ့တာပါ မောင်"

"ကားကို မောင်စီးမှာ ကြောက်လို့တော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး ကျွန်မစိတ်တွေ ဖေဖေ့ကြောင့် ရှုပ်ထွေးနေလို့ပါ"

"မင်း အဖေက ဘာဖြစ်လို့လဲ"

"အစာအိမ်ရောဂါပဲ မောင်"

"ရောဂါခါနီးပြီလား"

"ဟင်"

ရှင် သိပ်ရက်စက်တဲ့လူပဲ ...

ဖေဖေ့ကို သေစေချင်နေတာ သိသာသည်။





ပိုး အံသွားလေးတွေကို တင်းကျပ်စွာ ဖိကပ်ထားမိသည်။

"ပိုး ... "

"ဟင်"

"မောင်တို့ အတူနေရအောင်ကွာနော်"

"ဟို ... ဟို"

"မောင် ခွဲမနေချင်တော့ဘူး ပိုးရယ်"

ပိုးရဲ့ စည်းစိမ်းဥစ္စာတွေကို အပြည့်အဝ သုံးစွဲနိုင်ဖို့ ပိုးနှင့် အတူတွ နေမှဖြစ်တော့မည်။

ပိုးတို့မှာ သိန်းပေါင်းများစွာ တန်တဲ့ကားတွေ ရှိနေ၏။

"ဘယ်လိုလဲ ပိုး"

"မဖြစ်နိုင်ဘူး မောင် ... ဖေဖေက ကျန်းမာရေးမကောင်းဘူး ... ပိုးကို အိမ်ထောင်မပြုစေချင်သေးဘူးတဲ့"

"ဘာကွ ... "

ပိုး ပခုံးနှစ်ဖက်ကို ကြမ်းတမ်းစွာဆုပ်ကိုင်သည်။

"မင်း ဘာအချိုးချိုးတာလဲ ပိုး"

"မောင်ပိုးကို ပြန်မလွှတ်ရင် ပိုးနေမယ် ... ဒါပေမဲ့ ဖေဖေက အမွေဖြတ်မှာပဲမောင်"

"ဘာကွ ... "

"မောင်နဲ့ကျွန်မကို လုံးဝသဘောမတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



အမြင်ကတ်ကတ်နှင့် အမှန်အတိုင်းပြောပစ်လိုက်သည်။

မောင်လောဘတွေတက်နေတာ ဟန်ပင်မဆောင်နိုင်။

ပိုးကို ချစ်တာမှ မဟုတ်တာ ...

ငွေ ... ပိုးရဲ့ စည်းစိမ်တွေကို လိုချင်တာ ...

ပိုး ...

ဖေဖေ့ဆီက အမွေမလိုချင်တော့ဘူး ...

ရင်ထဲမှာ မွန်းကျပ်နေမိသည်။

"မောင် မှားသွားတယ် ပိုး ... မာမီကလည်း ပိုးကို မာမာ ထန်ထန် ဆက်ဆံတာ သဘောမကျဘူး"

မောင့် မာမီကတော့ ပိုးအပေါ် ချိုသာစွာဆက်ဆံသည်။

ပိုး အထင်မကြီးတော့ ...

"မောင့်မှာ စီးစရာ ဘာမှမရှိဘူးပိုး ... ဆိုင်ကယ်ထားခဲ့ နော်"

ပိုး ...

မပေးချင် ...

ဘယ်လို လုပ်ရမလဲ ...

"မင်း မနေကို ကြောက်နေတာလား ပိုး"

မောင်က အခုတလော မနေကို ထည့်သွင်းပြီး ပြောပြောနေ တတ်သည်။





"မောင် လိုက်ရမလား"

"ဟင် ... "

ကျွန်မ အထိတ်လန့်ဆုံး စကားလုံးတွေကို မောင်က သိနေ သည်။

"ပိုး"

"ဟင်"

"မောင့်ကို စကားပြောပါဦးကွာ"

မောင့်ကိုပိုး အရှုံးပေးလိုက်တာ အကောင်းဆုံးဖင်။

ဖေဖေ ရှိနေသည်။

"ရှေ့လေ မောင် ... "

"ဒီလို လိမ္မာမှပေါ့ ... ပိုးပဲ စဉ်းစားကြည့်လေ ... မောင် တစ်ယောက်တည်း ပြုစုပေးမယ့် ဇနီးမယားကလည်း မရှိ စိတ် လေပြီး ဖြစ်ချင်တိုင်း ဖြစ်နေတယ်ကွာ"

ပိုးကတော့ မောင့်စကားတွေကို နားမဝင်တော့ ...

တကယ်ဆို ...

ဖေဖေ နေမကောင်းဘူး ...

ရှင် ကိုယ်ချင်းစာသင့်သည်။

"ပိုး ပြန်တော့မလား ... မောင်ခြံရှေ့ လိုက်ပို့ပေးမယ်နော်"

"ရပါတယ် မောင် ... ပိုး အငှားကားနဲ့ပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ အိမ်အထိတောင် လိုက်ပို့ခွင့် မရှိဘူးလား"

ပိုး ဘာမှ မပြောလိုတော့ ...

တောင်းပန်ပြီး ပြန်ခဲ့ရ၏။

နေရယ် ...

ရှင့်ကို တစ်နေ့တစ်ခြား လေးစားပြီး အားကိုးလာမိသည်။

ပိုး ဘာထက်လုပ်ရတော့မလဲ ...

"မေနှ ..."

"ဘာလဲ ပိုး"

"ပိုးကို မေးသေးလားဟင်"

"ဖေဖေ အိပ်နေတယ်"

"ဟင်း ..."

"ပိုး"

"ဘာလဲဟင်"

အဖြစ်မှန်တွေကို မေနှ သိအောင် ပြောပြလိုက်ရင်ကောင်း မလားဟု တွေးမိသွားသည်။

မပြောချင် ...

ရှက်နေမိသည်။

"ပိုး ဖြစ်နေတာတွေပြောမှ ကူညီနိုင်မယ် ထင်တယ်"

ပိုး အကြည့်တွေက အင်အားပျော့တော့စွာ မေနှဆီရောက် သွားသည်။





ရှင်ဟာ ရိုးသားတယ် ...

တည်ကြည်တယ် ...

"မေနှ ..."

"ပြောလေ"

"ပိုးနဲ့ ကိုစတီဗင်တို့ လက်ထပ်ထားတယ်"

မေနှထင်ထားတဲ့အတိုင်းပင် စတီဗင်ဘက်မှ အပိုင်ချည်ထား ပြီးသား ဖြစ်နေသည်။

ပိုးကို အပြစ်မတင်ချင်။

"ပိုးရဲ့ နောင်တတွေက အရမ်းနောက်ကျသွားပြီ မေနှ"

ကိုစတီဗင်ရဲ့ အပြုအမူတွေကို ပြောပြမိသည်။

"နောက်ဆို တစ်ခုပြီးတစ်ခု တောင်းတော့မယ် ... ကျွန်မ ဘာလုပ်ရမလဲ"

"ပိုးမှာ အပြစ်မရှိပါဘူး"

ပိုးမှားခဲ့တာ ...

သဘောထားသေးသိမ်တာ ...

အသိဉာဏ်နည်းသော သမီးဘဝရှေ့ရေးအတွက် ဖေဖေ စိုးရိမ်ခဲ့တာပါ။

မေနှ အနားမှ သူမ လှည့်ထွက်လာခဲ့မိတော့သည်။

★

www.burmeseclassic.com

အခန်း ( ၁၆ )

"မင်း တော်တော်ညံ့တာပဲသား ... ကောင်မလေးကို မင်း အမိအရ ကိုင်တွယ်ထားသင့်တယ်"

စတီဗင်က ငွေပဲ

မိန်းမတစ်ယောက်ကို အလုပ်ရှုပ်ခံပြီး အတူမနေချင်ပေ။

အေမီ ရောက်လာသည်။

"ကိုကို ထောလှချည်လား ... ဆိုင်ကယ်လေးရတာနဲ့ ကျေနပ်မနေနဲ့ဦးနော် ... ပိုး ဘယ်လောက်ချမ်းသာလဲဆိုတာ အေမီ အသိဆုံးပဲ"

အေမီကလည်း ပိုးအပေါ် ရသလောက်ယူလာခဲ့သူပဲ။

"အေမီ ... "

"ပြော"

"ပိုးနဲ့ မနေ အခြေအနေ ညီမလေး အကဲခတ်ကြည့်စမ်း ... ပိုးတို့အိမ်ကိုလည်း မကြာခဏသွားစမ်းပါ ... "





"မနကို အေမီ အပိုင်ကိုင်လိုက်ရင်ရော ... "

"ကောင်းတယ် အေမီ ... သားရော အေမီပါ သူဌေးဖြစ်ပြီ ... ဟင်း ... ဟင်း"

သူမ သဘောကျစွာ ရယ်မောနေသည်။

ပိုးကိုပင် စိတ်မဝင်စားကြောင်း အေမီသိထားသည်။

"အဘိုးကြီး မြန်မြန်သေသွားမှ အမွေက များများကျန်မှာ ာ်ကြာ ဟိုကောင်လေး အကုန်သိမ်းသွားမယ်"

ဒေါ်ရိစီ လောဘရမ္မက်ကြီးစွာဖြင့် ပြောမိသည်။

"သား သိပ်ပြီး အချိန်မဆွဲသင့်ဘူးနော်"

"သားနဲ့ လက်ထပ်ရင် ပိုးဖေဖေက အမွေဖြတ်မှာတဲ့"

"ဘာပြောတယ်"

မိမိသားအား မတူမတန်ပြော၍ ဒေါ်ရိစီ ဒေါသဖြစ်ရသည်။ ကြီးကျယ်လိုက်တာ ...

"ပိုး ဒီအတိုင်းပဲပြောလား သား"

"ဟုတ်တယ် မာမီ"

"ပိုး ကိုယ်တိုင် သားကို စိတ်ကုန်နေပြီလား"

"ထင်တာပဲ"

"ဒါဆို နိုးရိမ်ရတယ်သား ... သူ့ အဖေမသေချင် ပိုးကိုအကျပ် င်ရမယ် ... မင်း မမေ့နဲ့"

"ဒါကြောင့်လည်း သားရသလောက် ယူနေရတာပေါ့ မာမီ"

"ပိုးအဖေ ဆုံးသွားရင် သားအတွက် မျှော်လင့်ချက်ရှိမယ်

www.burmeseclassic.com



နော်"

"သားလည်း အဲဒါပဲ စဉ်းစားနေတာ မာမီ"

"အေမီ ..."

"ရှင် အန်တီ"

"ပိုးဆီကို ညည်းသွားစမ်း ... အန်တီရီစီက ချေးမနဲ့အတူ နေချင်တဲ့အကြောင်း ပြောပြ"

"ဟုတ်ကဲ့"

ပိုးဆီ အေမီရောက်သွားတော့ စိတ်ဓာတ် အတော်လေးကျ နေသော ပိုးအား တွေ့လိုက်ရသည်။

"မင်းအဖေ ဘာဖြစ်တာလဲ ပိုး"

"အစာအိမ်ပါ ..."

အေမီ့ကိုလည်း ပိုး အယုံအကြည် မရှိတော့ပေ။

ပိုးဘဝကို ဖျက်ဆီးပစ်ဖို့ ကြံစည်သူတွေထဲမှာ အေမီပါနေ သည်။

ဒါပေမဲ့ ...

ပိုး အချိုသတ်ရမည်။

နောက်ဆုတ်၍ မဖြစ်တော့ ...

"ပိုး ..."

"ဟင်"

"အန်တီ ရီစီက ချေးမနဲ့ အတူနေချင်တယ်လို့ အေမီ့ကိုပြော ခိုင်းတယ်"





"ဘာ ..."

ပိုး မျက်နှာမှာ သွေးမရှိတော့သကဲ့သို့ ဖြူရော်သွားသည်။ အေမီ ကျေနပ်သွား၏။

"ရှင့် အဖေကြောင့် ကိုကိုနဲ့အတူမနေနိုင်သေးရင်လည်း လုပ် ...်းတစ်ခုလောက် မနန့်တိုင်ပင်ပြီး လွှဲပေးလိုက်ပါလား"

အေမီရဲ့ စကားတွေကို ပိုးဘယ်နည်းနှင့်မှ လက်မခံနိုင်ပေ။

"လုပ်ငန်းတွေကို ကိုယ်မပိုင်ဘူး အေမီ ... မနပဲ ပိုင်တာ"

"ကိုကိုက လျှောက်ရမ်းရင် မင်းတို့မိသားစုပဲ ဂုဏ်သိက္ခာ ...ဆင်းရမှာနော် ပိုး"

ပိုး ...

ဒေါသတွေကို မျိုသိပ်ထားလိုက်၏။

"ပိုး ... ရှင်ကိုယ်တိုင် ကိုကိုစတီဗင့်ကို ရွေးချယ်ခဲ့တာပဲ ...ုတ်လား ..."

ပိုး သေချင်လောက်အောင် စိတ်ဒွေဟတွေ ခံစားခဲ့ရ ...ည်။

မလှပ်သာ ... မလွန့်သာတော့ ...

ကြီးမားတဲ့ အခက်အခဲ ဒုက္ခတွေနှင့် ပိုးရင်ဆိုင်ရတော့မည် ...်သည်။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

"ပိုး"

"ဟင်"

"ကိုစတီဗင့်ကို ချစ်လား"

"ဘာ ..."

"မင်းချစ်သူအတွက် မင်းစိတ်သောကတွေရောက်နေလား လို့ မေးတာ"

ပိုးအတွက် ရှင်ဘာဖြစ်လို့ စိုးရိမ်ပူပန်နေရတာလဲ ...

"ခနေ ... ကျွန်မ ကိစ္စမှာ ဝင်မပါပါနဲ့နော်"

"မင်း အခက်အခဲတွေ စိတ်ဒုက္ခတွေနဲ့ ရင်ဆိုင်နေရတာ ကိုယ် မကြည့်ရက်နိုင်ဘူး ပိုး"

မင်းမျက်ဝန်းတွေက ကိုယ့်အပေါ် အားကိုးတွယ်တာနေတဲ့ မျက်ဝန်းတွေပဲ ဖြစ်နေသည်။





ပိုးမျက်နှာလေး ညှိုးနေသည်။

ကိုယ် ရှာဖွေစုဆောင်းနေတာလည်း မင်းအတွက်ပါ။

"ပိုး ..."

"ပြောလေ ..."

"ကိုစတင်ဗင်က ဘာပြောလဲ ... ပြဿနာတွေကို မင်းတစ်ယောက်တည်း မခံစေချင်ဘူး"

"သူက ပိုးဆီက တစ်ခုပြီးတစ်ခုတောင်းဆိုနေတယ် ... ဘဏ်မှာရှိတဲ့ ငွေလည်းကုန်ပြီ ... ဆိုင်ကယ်လည်း ပေးလိုက်ရတယ်"

"ဟင် ..."

"ဆိုင်ကယ်လေးကိုတော့ ပြန်ယူထားပါလား ပိုး"

"ဘာဖြစ်လို့လဲ"

"ကိုယ်နဲ့ပိုး တွေ့ဆုံတဲ့ အမှတ်တရလေးလေ ..."

"ဟုတ်သားပဲ ..."

ပိုး စိတ်ထဲမှာတောင် သူသုံးဖြုန်းပစ်လိုက်မှာ စိုးရိမ်မိသလိုလို ပူပင်သွားမိသေးသည်။

"ခနေ ..."

"ဟင်"

"လုပ်ငန်းတွေကို ရှင်ပဲဦးစီးပါ ... ပိုးအတွက် အလွယ်ဆုံးက



www.burmeseclassic.com

www.burmeseclassic.com



မပေးလိုက်ပါနဲ့နော်"

"ပိုးဘက်ကရော ..."

"ဟင် ..."

"ကိုစတီဗင့်ကို သံယောဇဉ်ပြတ်နိုင်လား ပိုး ..."

"အစကတည်းက မချစ်ဘူး ... ရှင့်အပေါ် အရွဲ့တိုက်

တွဲလိုက်တာ ...'"

"ကိုယ်သိတယ် ... ဒါကြောင့် မင်း မမှားသင့်တာ မှား

တာပဲ"

"ကျွန်မအပြစ်ပါ ... ကျွန်မ စဉ်းစားဆင်ခြင်တုံတရားကင်း

တာပဲ"

ဖေဖေက အမြော်အမြင်ကြီးစွာ စီစဉ်ခဲ့သည်။

ပိုး ကန့်ကွက်ခဲ့မိ၏။

မထေမဲ့မြင်ပြုမိသည်။

"ဖေဖေ့ဆီ သွားလိုက်ဦးနော် ပိုး ... ကိုယ် အလုပ်သွား

တော့မယ်"

"အင်း ..."

ခနေ ထွက်သွားသည်။

ပိုး နောင်တတွေနှင့် အတူ ခနေကျောပြင်အား ကြည့်မိသည်။

ဖေဖေ့အခန်းထဲသို့ လေးလံသော ခြေလှမ်းများဖြင့် ဝင်လာ





ခဲ့သည်။

"ဖေဖေ နေကောင်းလား"

"ခုတလော ဖေဖေ နေကောင်းသလိုပဲ သမီး"

ပိုးအတွက် ဖေဖေ စိတ်ချမ်းသာနေတာပဲ မဟုတ်လား ...

ဖေဖေ့ လက်လေးကို ဆုပ်ကိုင် ဖျစ်ညှစ်ထားမိသည်။

"သားရော ..."

"အလုပ်သွားတယ် ဖေဖေ"

သမီးလေးကလည်း အိမ်မှာပဲနေပြီး ဖခင်အား ပြုစုနေ

သည်။

စိတ်ချမ်းသာရ၏။

ကျန်းမာရေးပင်ကောင်းလာသည်။

ဖေဖေ့ကြည့်ရတာ နည်းနည်းတော့ နေကောင်းနေသလို

င်။

"တီ ... တီ"

"တီ ... တီ"

ပိုး အထိတ်တလန့်နှင့် ဟန်းဖုန်းကိုကြည့်မိသည်။

မောင်လား ...

ဟုတ်တယ် ...

မောင်ဆက်နေကျ ဖုန်းနံပါတ်ပေါ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရှေ့ကနေ ပြန်ထွက်လာခဲ့သည်။

အဝေးရောက်မှ ဖုန်းကို ဖွင့်ပြီးနားထောင်လိုက်သည်။

"ဟဲလို ..."

"ပိုးလား ..."

မာမီ့အသံ ...

မောင့်မာမီ အသံဖြစ်နေ၍ ပိုး၍ ထိတ်သွားရသည်။

"သမီးလေး ... မာမီ သမီးနဲ့တွေ့ချင်တယ် ... မာမီထ
ရမလား ..."

"ပိုး ... ဖေဖေ နေမကောင်းဘူး မာမီ ... ပိုး အပြင်ထွ
ခက်နေတယ်"

မတွေ့ချင် ...

တစ်ခုခုကို အကျပ်ကိုင်တောင်းဆိုတော့မယ်ဆိုတာ သိသ
နေသည်။

ရင်ထဲမှာ ထိတ်နေ၏။

"အကြောင်းပြချက် မပေးပါနဲ့ပိုး ... မင်းလာပါ"

မောင့်ထက်ပင် မာမီက ကောက်ကျစ်နေသည်။

ပိုး ကြောက်လာမိ၏။

"ကျွန်မလာခဲ့ပါ့မယ် မာမီ"

မထူးတော့ ...





ဝင့်ကြွေးပဲ ...

ဖုန်းပိတ်ပြီး ဖေဖေ့ဆီပြန်လာခဲ့သည်။

"ဘယ်ကလဲ သမီး"

"သူငယ်ချင်းဆီကပါ ... ပိုး အပြင်ခဏ သွားလိုက်ဦးမယ်
နော်"

"အေး ... အေး"

ဖေဖေ့ကို ထားခဲ့ပြီးထွက်လာခဲ့မိသည်။

သူမ ...

အငှားကားနှင့်လာခဲ့သည်။

မာမီ့မျက်နှာက မကောင်း ...

"သမီးလေးလာ ... အငှားကားနဲ့တောင် လာရသလား
ကားရော ..."

"ခနယူသွားလို့ပါ"

"သမီးတို့အိမ်မှာ ကားတွေအများကြီးရှိတာပဲ"

"ဖေဖေ့အတွက် ထားရလို့ပါ မာမီ ... ပိုးကို ဘာပြောစရာရှိ
လို့လဲ"

"သမီးတို့ အိမ်ထောင်ရေးအတွက်ပဲ သမီး ..."

"ရှင် ..."

"သားစိတ်လေနေပြီ ... အရမ်းလည်း ပျက်စီးနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သမီးစွန့်ပယ်မထားသင့်ဘူးလို့ မာမီပြောမလို့"

ဒေါ်ရိုစီ တမင်ဒုက္ခပေးဖို့ ကြံစည်ခြင်းသာဖြစ်သည်။

"ဖေဖေ နေမကောင်းတဲ့ အချိန်မှာ ကျွန်မဘာဝကို နာလည် ပေးပါ မာမီ"

"မာမီ လက်မခံဘူး သမီး ... သားအတွက် ထည့်ပြီးစဉ်းစား သင့်တယ်"

ကိုစတီဗင်က မိန်းမတစ်ယောက်ကို အတည်အတံ့ ချစ် တတ်လို့လား ...

မိန်းမတွေကို ဖျက်ဆီးနေတာပါ ...

ပိုး မကြမ်းရဲ ...

ဖေဖေ ရှိနေသည်။

"ပိုး ... "

"ရှင် ... "

"ဘယ်လိုလဲ"

"ကျွန်မ နေနဲ့တိုင်ပင်ပြီး စဉ်းစားပါ့မယ်"

"မာမီ့သားက တောကြိုအုံကြားက စက်ပြင်သမားတစ် ယောက် မဟုတ်ဘူးနော် ပိုး ... "

နေကိုပါ ပြောဆို ပုတ်ခတ်လာသည်။

ရှင်တို့မက်တာ အမွေတွေပဲ ...





ပိုး ...

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိ သည်။

ရှင်တို့လောဘကြီးလွန်းတယ် ...

မောင် ရောက်မလာခင် ပိုးပြန်ဖို့ စဉ်းစားနေမိသည်။

"ပိုးပြန်မယ် မာမီ ... မောင်နဲ့နေဖို့ ပိုးကို အချိန်အတိုင်း အတာ တစ်ခုတော့ ပေးပါ ... "

"ပိုး ... ညည်း အမြန်ဆုံး စဉ်းစားပါ ... နောက်မှ မာမီ့အဆိုး မဆိုနဲ့နော်"

ပိုး လေလံစွာ ပြန်လာခဲ့ရတော့သည်။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

"ကျွန်မနဲ့မောင်နဲ့ အတူနေဖို့ မောင့်မာမီကိုယ်တိုင်က အကျပ်ကိုင်နေပြီ ခနု ..."

ပိုးမှာ ရင်ဖွင့်စရာက ခနုပဲရှိနေသည် မဟုတ်လား။

ခနု မျက်ဝန်းတွေက အကြင်နာတွေနှင့်စိုးရိမ်ပန်မှုတွေ ရောယှက်နေသည်။

"ပိုး ဆန္ဒက"

"မပတ်သက်ချင်တော့ဘူး"

"ဟင် ..."

"သူတို့က လူလိမ်လူညာတွေပဲဟာ"

"ပိုးရယ် ..."

ခနု နှုတ်ခမ်းတွေဆီမှ ညည်းညူသံထွက်လာသည်။

အကြည့်ချင်းဆုံမိသွား၏။





မောင့်မျက်ဝန်းတွေက အလိုရမ္မက်ကြီးစွာ ပူလောင်သော မျက်ဝန်းတွေဖြစ်၍ ခနု မျက်ဝန်းတွေလို အေးချမ်းမနေပေ။

"ခနု ..."

"ဟင်"

"ကျွန်မဆီက ပစ္စည်းဥစ္စာတွေကို နည်းမျိုးစုံနဲ့ယူကြမှာသေချာတယ်"

ပိုးဆန္ဒကတော့ ကွာရှင်းပစ်ချင်မိသည်။

"လျော်ကြေးပေးကွာမယ်ဆိုရင်တောင် မတရားတောင်းဆိုကြမှာပဲ ခနု"

ပိုးအတွက် ခုပ်လည်းစူး စားလည်းရူးရမည့် အခြေအနေခင်။

"ဖေဖေရှိနေလို့ သူတို့ဆန္ဒကို ပိုးလိုက်လျောနေတာပါ"

ဖေဖေ့ကို စိတ်သောကတွေ မရောက်စေချင်၍လည်း ဖြစ်သည်။

"ခနု ..."

"ပြော"

"ပိုးမှာထားမယ် ... ဖေဖေ မရှိတော့ရင် ပိုး ဘာအမွေမှ မယူဘဲ သူတို့နဲ့ လိုက်နေမယ် ... ဆင်းရဲဒုက္ခခံမယ်"

"ပိုး ကိုစတီဗင် ကျေနပ်အောင် လုပ်ငန်းတစ်ခုခု လွှဲပေးလိုက်ပါလား ပိုး ..."

"ဖေဖေပိုင်တဲ့ စည်းစိမ်တွေ ကုန်တာတောင် သူတို့က

www.burmeseclassic.com



ကျေနပ်မှာ မဟုတ်ဘူး ...”

အခြေအနေက နောက်ဆုတ်၍ မရတော့ ...

ပိုးအတွက် စိတ်ထိခိုက်ရသည်။

အကာအကွယ်ပင် မပေးနိုင် ...

“ကိုယ် ပိုးကို ဘာမှ ကာကွယ်စောင့်ရှောက်မပေးနိုင်ဘူး”

“ပိုး အပြစ်တွေပါ ခနာ ... ရှင့်မှာ ဘာမှ အမှားအယွင်းမရှိပါဘူးလေ ...”

ပိုးဆီက ကိုယ့်အပေး နားလည်မှုတွေရှိလာတာ ကိုယ်ဝမ်းသာရသည်။

“သူတို့က ဖေဖေရှိနေတဲ့ အချိန်မှာ အကျပ်ကိုင်ကြမှာ”

“ပိုး ဒုက္ခရောက်မှာ ကိုယ် ဒီအတိုင်းပဲကြည့်နေရမလား ပိုးရယ်”

“ကိုစတီဗင်ရဲ့ ထောင်ချောက်ထဲ ပိုးတစ်ယောက်တည်းဝင်ပါရစေနော် ခနာ ...”

“မဟုတ်သေးဘူး ပိုး ...”

“ခနာပဲ ပိုးအမွေတွေကို ထိန်းသိမ်းထားပေးစေချင်တဲ့သဘောပါ”

ပိုးပြောသော စကားတွေကို ကိုယ်နားလည်သဘောပေါက်မိသည်။

ကိုစတီဗင့်ကို မယုံကြည်တော့တဲ့ သဘောဖြစ်နေ၏။

ကိုယ့်နှလုံးသားတွေထဲမှာ နာကျင်နေတဲ့ ဝေဒနာတွေကို





ားလာရသည်။

ပိုး မျက်ဝန်းလေးတွေက ဆို့နစ်ကြေကွဲနေသည်။

တစ်ခါတစ်လေ ...

ကိုယ့်ကို ဝမ်းနည်းကြေကွဲ အားကိုးတကြီးကြည့်တတ်သည်။

“ပိုး အပြစ်နဲ့ ပိုးပါပဲလေ ...”

ဒါပဲ ပြောစရာကျန်တော့သည်ဟု ထင်မိသည်။

လှုယုတ်မာတွေ ...

အကွက်ဆင်ပြီး ပိုးဘဝတစ်ခုလုံးကို ဖျက်ဆီးပစ်ခဲ့ကြသည်။

ပိုး သေချင်တယ် ...

“ကိုယ်ကတော့ ကိုစတီဗင်နဲ့ညှိပြီး ပိုးလွတ်မြောက်ရေးအတွက် ကြိုးစားကြည့်ချင်တယ်”

ပိုး ခေါင်းကိုသာ ခါယမ်းပြလိုက်သည်။

“မညှိနဲ့တော့ ...”

“ဘာဖြစ်လို့လဲ ပိုးက မပြတ်နိုင်သေးတာလား”

“ဘာ ...”

ပိုး ဒေါသဖြစ်သွားမိသည်။

“ပိုး အစကတည်းကလည်း မချစ်ဘူး ... ရှင့်ကို ရွဲ့တာ”

ပိုး ပြောပစ်လိုက်သည်။

ဟုတ်တယ်လေ ...

ခနာကို ရွဲ့ပစ်တာပဲ ...

ပိုး ...



www.burmeseclassic.com

www.burmeseclassic.com



ငိုချင်နေသည်။

မောင်နဲ့အတူ ပိုးဘယ်လိုမှ နေနိုင်မှာမဟုတ်။

စရိုက်မှ မတူတာဘဲ ...

အရက်တွေ ...

မူးယစ်ဆေးတွေ ...

လောင်းကစားတွေ ...

မိန်းမ ...

မောင်နှင့်အရင်းနှီးဆုံး အရာတွေဖြစ်နေသည်။

"ပိုး ..."

"ပြော"

"တကယ်ဆို ... ဖေဖေက ကိုစတီဗင်ကို လက်ခံမယ်ဆိုရင်ရော"

"မဖြစ်နိုင်တာပဲ ဖေဖေကြိုတ်ပြီး စိတ်သောကရောက်နေမှာ သူ့ကြောင့် ဖေဖေအစောကြီး ဆုံးပါးမှာပဲ"

နောင်တတွေနှင့်အတူ ဖေဖေ့အတွက်ပဲ ပိုးစဉ်းစားနေမိသည်။

ဖေဖေ မသေခင် စိတ်ချမ်းချမ်းသာသာ နေစေချင်၏။

"ဖေဖေ့ကို ရှင်ဘာမှ မပြောပါနဲ့ မနေ"

"ပိုး ... အခက်အခဲတွေနဲ့ ရင်ဆိုင်ရမှာ ကိုယ်မလိုလားဘူး"

"ကျွန်မ ရင်ဆိုင်မယ် ..."





မနေကတော့ ပိုးအတွက်ပဲ စဉ်းစားနေတတ်သည်။

"ဖေဖေ့ကို ဂရုစိုက်ပါ မနေရယ် ... အရေးကြီးတာက ဖေဖေ

"ပိုးရယ် ..."

မင်း လိမ္မာနေမှ အခုလိုဖြစ်ရတာ စိတ်မကောင်းဘူးကွာ။

ကိုစတီဗင်နှင့် ညှိဖို့စိတ်ကူးရသည်။

ခက်တာက ...

ဖေဖေ့ပစ္စည်းတွေကို ဖေဖေမသိဘဲ မပေးချင်ပေ။

ကိုယ့်မှာ ဘာမှ လုပ်ပိုင်ခွင့်တွေမရှိဟု ထင်သည်။

"မနေ ..."

"ဟင် ..."

"ကျွန်မအတွက် ရှင် မစဉ်းစားနဲ့နော်"

"ကိုယ် အမှန်အတိုင်းဝန်ခံရရင် မင်းအတွက်ပဲ စဉ်းစားနေတာ ပိုး ..."

"ကျွန်မ ဘာမှလုပ်လို့ မရတော့ဘူး ... ရင်ဆိုင်ဖို့ပဲရှိတော့ ယ်လေ ..."

"လောလောဆယ် ဖေဖေ မသိအောင် ကိုယ်တို့ဘယ်လို ဖြေရှင်းမလဲ ပိုး ..."

"ပိုးလည်း အဲဒါပဲ စဉ်းစားနေတာ ..."

"ဒုက္ခပါပဲကွာ ... ပိုး ဘာဖြစ်လို့များ ဒီလိုအဖြစ်မျိုးတွေ င်ဆိုင်နေတာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ...

သူတို့နှင့် ပိုး သွားနေလိုက်ရုံပဲ ရှိတော့သည်။

★

လောင်းကစားဝိုင်းတွင် အကြွေးတင်နေသော စတီ

တစ်ယောက် စိတ်ဓာတ်တွေကျနေသည်။

"ကိုကို ..."

"ဟင် ..."

"ဘာတွေဖြစ်နေတာလဲ ..."

"စိတ်ညစ်လို့ ..."

"ဆိုင်ကယ်ရော"

"ဖဲရှုံးသွားပြီ အေမီ ..."

"ထပါဦး ... အေမီ ပြောစရာရှိလို့ ..."

စတီဗင် ထလာသည်။

"ပိုးက ကိုကို့ကို စိတ်မဝင်စားတော့ဘူးနော်"

"ငါကလည်း ပိုးကို စိတ်မဝင်မစားပါဘူး ... သူ့ဆီက ငွေ

လိုချင်တာ ..."

"အေမီ့ကိုတောင် မချေမင်ဆက်ဆံတယ် ... သူ့အဖေ

သွားရင် ကိုကိုမလွယ်ဘူး ..."

စတီဗင်ကလည်း အဲဒါပဲ စဉ်းစားနေမိတာဖြစ်သည်။

ပိုး ...





မင်းက ငါ့ကိုလျှော့တွက်ထားတာပဲ မဟုတ်လား။

"မနက်ဖြန်ကို သွားခေါ်မယ် ... ကိုယ့်မိန်းမအဖြစ် မင်း

ယ့်အနားမှာပဲ နေရမယ်ပိုး ..."

စတီဗင်တစ်ယောက်တည်း ဒေါသတကြီးကြိမ်းဝါးနေသည်။

ဟိုကောင်က မသိမသိုင် ကောင်းစားနေတော့၏။

"ကိုကို မအန်နဲ့နော် ... မနေ့ပိုးတောင် လွတ်ကင်းရဲ့လား

သိဘူး ..."

"တောက် ..."

"ဘာမှ မဟုတ်တဲ့ စက်ပြင်သမားတစ်ယောက်ကို မင်း

ဆင်ကြီးသွားပြီလား ပိုး ..."

စတီဗင်က မင်းယောကျ်ားကွ ...

သိမယ် ...

စတီဗင်ဆိုတဲ့ကောင်အကြောင်း မင်းကောင်းကောင်းသိစေ

မယ်။

ပိုးကို ကောင်းကောင်း ပညာပေးဖို့အတွက် ကြံစည်နေမိ

သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

ဖေဖေ အသည်းအသန်ဖြစ်နေသည်။

ပိုး စိတ်ပူနေမိ၏။

ဖေဖေ့ရှေ့တွင် မျက်ရည်မကျအောင် သတိထားနေရသည်။

ခနလည်း မအိပ်ရ ...

"ဖေဖေ့ကို ဆေးရုံပို့ရင် မကောင်းမလား ခန"

"ဖေဖေ ဒီမှာပဲနေမယ် ... ဒီမှာလည်း ဆေးတွေရှိနေတာပဲ သေခြင်းတရားကို ဖေဖေ လုံးဝမကြောက်ပါဘူး ... သမီးတို့လည်း သောကရောက်မနေနဲ့ အိပ်ကြဦး ... "

သားနှင့်သမီး စိတ်သောကတွေကို သိနေသည်။

မိမိ အစာမဝင်တော့

ဆေးရုံရောက်လည်း သေမှာပဲ ...

ဒီမှာပဲ ...





သေခြင်းတရားကို ရင်ဆိုင်မယ် ...

"သား ... "

"ပြောပါ ဖေဖေ"

"သမီးကို ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် သားစောင့်ရှောက်ပါ ... "

ဆိုးဝါးတဲ့ သမီးလေ ...

အခုတော့ လိမ္မာနေသည်။

သားနှင့်သင့်မြတ်နေ၍ ဦးဆက်ပိုင် စိတ်အေးနေရ၏။

"ပိုးအတွက် စိတ်ချပါ ဖေဖေ ... သားတစ်ယောက်လုံးရှိပါသေးတယ် ... ဘာမှ ပူစရာမလိုပါဘူး ဖေဖေ ... "

"သားကိုတော့ ဖေဖေယုံတယ် ... ဖေဖေ တစ်ခုခုဖြစ်သွားရင်လည်း အားမငယ်ကြနဲ့နော် ... ဘဝကို ဆက်ပြီးကြိုးစားကြပါ"

"ဖေဖေ့ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ ... သမီးတို့အတွက် စိတ်ချပါ ... "

"သမီးရယ် ... "

ဖေဖေ့နောက်ဆုံး အခြေအနေကို စိတ်အေးချမ်းစွာရှိစေချင်သည်။

ဝေဒနာတွေ ပြင်းပြစွာ ခံစားနေရ၏။

"ဖေဖေ့နားက သွားကြတော့နော် ... "



www.burmeseclassic.com

www.burmeseclassic.com



ခနနှင့်ပိုး ဖေဖေ့အနားက ထွက်လာခဲ့ကြသည်။

ထိုအချိန်တွင် အရက်တွေမူးနေသော စတီဗင်ရောက်လာသည်။

"ဟင် ..."

ပိုး အထိတ်တလန့် ဖြစ်သွားရတော့သည်။

"မောင် ... ဘာလာလုပ်တာလဲ"

"ကိုယ့်မိန်းမကိုလာခေါ်တာပဲ ပိုး ... "

"ဖေဖေ နေမကောင်းဘူးမောင် ... ပိုး တောင်းပန်ပါတယ် ပြဿနာမရှာပါနဲ့နော် ... "

"ရှာရမှာပဲ ပိုး ... မောင်တစ်ယောက်တည်း ပစ်ထားတာ ကောင်းလား ... "

"ကျွန်မ တောင်းပန်ပါတယ်မောင် ... ရှင်နဲ့ ကျွန်မ လက်ထပ်ထားတာ ဖေဖေသိလို့ လုံးဝမဖြစ်ဘူး"

"ဘာကွ ... "

စတီဗင် သိနေသည်။

ကြမ်းမှ ဖြစ်တော့မယ် ...

ဘယ်သူ့ကိုမှ ဂရုမစိုက် ...

"ပိုး ... "

"ဟင် ... "





"မင်းလိုက်ခဲ့ပါ ... "

"မလိုက်ဘူး"

"မောင်ကတော့ ဥပဒေအရ တရားရုံးကနေ ခေါ်မှာနော်"

ခနေ ထွက်လာသည်။

"ကိုစတီဗင် ကျွန်တော်တောင်းပန်ပါတယ် ... ခင်ဗျား ဘာဖြစ်ချင်လဲ ပြောပါ ... "

"ကျုပ်မိန်းမ ကျုပ်လာခေါ်တာ ဒါပဲ ... "

"ကိုယ်တို့နှစ်ယောက် အေးအေးဆေးဆေး ဆွေးနွေးကြရအောင် ... "

"မင်းက ဘာအာဏာရှိလို့ ဆွေးနွေးရမှာလဲ"

စတီဗင်က မကျေမနပ်နှင့် ပိုးအနားကို တိုးကပ်လိုက်သည်။

"တောင်းပန်ပါတယ် ကိုစတီဗင် ... "

"ကိုယ် ဘာလုပ်ပေးရမလဲ"

"ဘာမှ လုပ်ပေးစရာမလိုဘူး ခနေ ... ပိုးကိစ္စ ပိုးရှင်းမယ်"

ပိုး တားဆီးလိုက်သည်။

"မင်းမလိုက်ရင် မောင်ရုံးကနေခေါ်မှာနော်"

"ရှင် အောက်တန်းကျလှချည်လား ကိုစတီဗင် ... ဒီမှာ ဖေဖေ နေမကောင်းတာ ရှင်နားလည်ပေးသင့်တယ် ... "

"ပိုး ... မင်းက ဟိုကောင့်အားကိုးနဲ့ ငါ့ကိုတော်လှန်တာ

www.burmeseclassic.com



လား ... ”

စတီဗင် ဒေါသဖြစ်မိသည်။

ပိုး သူ့ဘက်မှာ မပါတော့တာ သေချာနေသည်။

ဦးဆက်ပိုင် ဆုံးသွားရင် ပိုဆိုးမည်ဖြစ်သည်။

“ပိုး မောင်နဲ့လိုက်ခဲ့ပါ ... ရုံးရောက် ဘာရောက်နဲ့ မကော

ပါဘူးကွာ ... မောင့်ဘက်ကလည်း မင်းစဉ်းစားကြည့်ပါဦး”

“ကျွန်မ လောလောဆယ် လိုက်လို့ မဖြစ်သေးဘူး ...

ဖေဖေ နေမကောင်းဘူး ... ”

“ပိုး မင်းဘာဖြစ်နေတာလဲ ... ဓနကြောင့် တင်းမာနေ

လား”

“ဓနဲ့ဘာမှ မဆိုင်ဘူးမောင် ... ”

မောင်က ဘယ်လိုမှ ပြောချမရတော့ဘူးဆိုတာ ပိုးသိလိုက်

သည်။

ပိုး လိုက်သွားဖို့ပဲ ရှိ၏။

“ကိုစတီဗင် ... ”

“ပြော”

“ကျွန်တော်နဲ့ ဆွေးနွေးပါလား”

“မင်းက ဒီအိမ်က အစေအပါးပဲ ... ငါက သားမက်”

“ဘာပဲဖြစ်ဖြစ် ကျွန်တော်လည်း လုပ်ပိုင်ခွင့် ရှိသ





သလောက်တော့ ရှိပါတယ်”

ဓနပြောတာလည်း ဟုတ်နေသည်။

ပိုးနှင့်ပတ်သက်ပြီး ဓနကို အကျပ်ကိုင်မှ ဖြစ်တော့မည်။

“ပိုး ... မင်း တစ်ညစဉ်းစားထား ... မောင်နဲ့လိုက်မနေရင် မင်းကို ရုံးကနေ ခေါ်ရမယ်”

“ဓနရယ် ... ပိုး ဘာလုပ်ရမလဲဟင်”

ပိုး မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လာသည်။

“ပိုး ... ’

“ဟင် ... ”

“ကိုယ်ပြောတာ လက်ခံပါ ... လောလောဆယ် ကိုစတီဗင်နဲ့ အတိုက်အခံ မလုပ်ပါနဲ့ဦး”

“သူ သက်သက်ကောက်ကျစ်နေတာပဲ ဓန ... ပိုးကို ချစ်တာ မဟုတ်ဘူး ... ”

ကိုယ် ပိုးမျက်နှာလေးကို ကြင်နာစွာ ကြည့်မိသည်။

ညိုးနွမ်းပျော့တော့စွာ ပြန်၍ကြည့်နေ၏။

“ပိုး ... ”

“ဟင် ... ”

“အားမငယ်နဲ့နော် ... ”

“ပိုး သေချင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်စကားတွေကို မင်းနားထောင်ပါ ပိုး ... ကိုစတီဗင်ကို တင်းမာလို့မဖြစ်ဘူး ..."

"ကျွန်မ လိုက်သွားမှာပါ ... သူ ကျွန်မကို ဘယ်လောက်အထိ နှိပ်စက်မလဲ ... သေတဲ့အထိ နှိပ်စက်မလား ..."

ကိုစတီဗင်က စိတ်စေတနာကောင်းသူမဟုတ် ...။

"ခနု ..."

"ဟင်"

"ရှင့်စိတ်နဲ့အရာရာကို မနှိုင်းယှဉ်ပါနဲ့နော်"

ရှင်ဟာ ရိုးသားတဲ့ လူတစ်ယောက်ပါ ...။

ပိုး သိသည်။

"မင်းအတွက် ကိုယ်စိတ်ပူတယ် ပိုး"

အကြည့်ချင်း ဆုံမိသွားသည်။

ရှင့်မျက်ဝန်းတွေက အမြဲတမ်း ဖြူစင်သန့်ရှင်းနေတာ ပိုး နှစ်သက်၏။

အို ...

ပိုး ဘာတွေစဉ်းစားနေတာလဲ ...

ခနုကလည်း ပိုးအတွက်ပဲ စဉ်းစားနေတာ မဟုတ်လား ...

ပိုး သိပါတယ် ...

"ခနု ..."





"ဟင် ..."

"ရှင် ဘာမှ မလိုက်လျောဖို့ပြောချင်တယ်"

"မင်း ဒီလိုပဲ စိတ်သောကတွေ ခံစားတော့မလား ပိုး"

"ရင်ဆိုင်မယ် ... ကျွန်မ အပြစ်တွေအားလုံး ကျွန်မ တစ်ယောက်တည်း ခံမယ်"

"မဟုတ်တာပဲ ပိုး ..."

"ဖေဖေရှိနေလို့ ပိုး ဒီလောက်ထိ သည်းခံဆက်ဆံနေတာ"

ပိုးဘဝနဲ့ ပိုးရှိပါစေတော့ ခနုရယ် ... စိတ်ထဲမှာ ပြောနေမိသည်။

★

www.burmeseclassic.com

www.burmeseclassic.com



ပိုးခံစားနေရတဲ့ အပူသောကတွေကို မခံစားစေချင်လို့ပါ။

"မောင်ရင် ကိုယ်နဲ့ဆွေးနွေးပါ ... ငြင်းဆန်ရင် ပိုးဘဝ တစ်ခုလုံး အမှုန့်ဖြစ်အောင် ချေမွဖျက်ဆီးပစ်ရလိမ့်မယ်"

"ကျုပ် ဆွေးနွေးပြီးပြီပဲ"

"ငါ့ အိမ်ထောင်ရေးကို မင်းက ဖျက်ဆီးပစ်ချင်တာလား"

"ပိုးက ကျုပ်ညီမလေးပဲ ... အိမ်ထောင်ရေး သောက ဒုက္ခတွေ ရင်မဆိုင်စေချင်ဘူး"

"မောင်ရင် တော်တော်ခက်တာပဲ ... ကိုယ့် မိန်းမနဲ့ကွာဖို့ ကျုပ်အများ ကြိုးစားရမယ်"

ကိုစတီဗင် တမင်သက်သက် ပေကပ်နေခြင်းသာဖြစ်သည်။

ကိုယ် မတတ်နိုင်ဘူး ပိုး ...

ကံကြမ္မာပဲ ...

ကိုယ် လက်ငံလျှော့ပြန်လာခဲ့ရသည်။

☆

အခန်း ( ၂၀ )

"ကိုယ့်ကို လုပ်ငန်းတစ်ခုလွှဲပေးသင့်တယ် ခနေ ... တကယ်ဆို ကိုယ်က သားမက်ပဲ"

ကိုစတီဗင်က အရှက်မဲ့စွာ တောင်းဆိုနေတော့သည်။

"ကိုယ် ကားတစ်စီးလိုချင်တယ် ... မောင်ရင်ဝယ်ပေးပါ"

"ကိုစတီဗင် ... "

"ပြော ... "

"ခင်ဗျားကို စီးပွားရေးလုပ်ငန်းတစ်ခုပေးမယ် ... ကားတစ်စီးပေးမယ် ပိုးကို ကွာရှင်းပေးလိုက်ပါ ... "

"ဘာကွ ... ကိုယ့်မိန်းမနဲ့ကိုယ် ဘာဖြစ်လို့ ကွာရမှာလဲ ခနေ ... ဘာလဲ မင်းက ငါ့မိန်းမကို အချောင်ယူချင်လို့လား"

"ခင်ဗျားနဲ့ဆက်ပြီး ဆွေးနွေးစရာ မရှိတော့ဘူးထင်တယ်"

ကိုယ်ထသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၁ )

"ဝိုးကို ကွာရှင်းဖို့ လက်မခံဘူးဆိုရင် ရှင်ဘာမှထပ်မကြိုးစား ပါနဲ့တော့ ခနဲ ..."

"မင်း ဘာလုပ်မှာလဲ"

"ကျွန်မ လိုက်သွားမယ်"

"မင်း ဒုက္ခရောက်လိမ့်မယ် ... ဝိုး ဒါမှ မဟုတ်လည်း မင်း ရသင့် ရထိုက်တာတွေ ယူသွားပါလား ..."

"ဟင့်အင်း ..."

ဝိုး ငြင်းဆန်လိုက်မိသည်။

ဖေဖေရှာထားတဲ့ စည်းစိမ်ဥစ္စာတွေက အကျိုးမဲ့ပျက်စီးတာ မျိုး လက်မခံနိုင်ပေ။

"ဝိုး ..."

"ကျွန်မကံကြမ္မာကို ကျွန်မဖန်တီးခဲ့တာပဲ သိပ်ပြီး ပြဿနာ





ရှိပါဘူး ခနဲ ..."

"ဝိုး ..."

"ရှင်"

"ဖေဖေ့ကို သွားတွေ့လိုက်ဦး"

ဖေဖေ ...

ဝိုး ဘာဆက်လုပ်ရမလဲ ...

သူ့နောက် လိုက်သွားရမှာပဲ ...

"စိတ်မကောင်း မဖြစ်ပါနဲ့ ခနဲ ... ရှင့်ဆီမှာထားတာက ကျွန်မ အနာဂတ်အတွက် သေချာတယ်"

ကိုယ် သဘောပေါက်လာသည်။

ဘာပဲဖြစ်ဖြစ် ...

ဝိုး နှိပ်စက်ခံရမှာပဲ ... ကိုယ် သိနေတယ် ...

သူတို့က ဝိုးဆီက ငွေကြေးတွေကို လက်မောတာဝါ။

ဖေဖေက ဝိုးကို မေးလျှင်ခက်မည်။

"ဖေဖေ ..."

"သမီး ..."

"သက်သာလားဟင်"

"ဒီလိုပါပဲကွယ် ..."

အခုတလော ...



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကိုကြည့်ရတာ အင်အားတွေပိုချည့်နဲ့လာပုံရသည်။

မထင်တော့ပါဘူး ...

ဖေဖေ လူ့လောကကြီးထဲက ထွက်သွားဖို့ရက်ပိုင်းမျှသာ လိုတော့သည်ဟု ပိုးထင်နေမိသည်။

"ပိုး"

"ရှင်"

"ခနရော"

"ရှိပါတယ် ဖေဖေ"

"ဖေဖေ မရှိရင် ... ခနှ စကားတွေကို သမီးနားထောင်နော်"

ဦးဆက်ပိုင် စကားပြောရင်း မောပန်းနွမ်းနယ်လာသည်။

တစ်ကိုယ်လုံး ကိုက်ခဲနာကျင်လာ၏။

သေချင်ပါပြီ ...

"သမီးအတွက် စိတ်အေးသွားရလို့ ဖေဖေအသေဖြောင့်ပါ ပြီ ပိုးရယ်"

ဖေဖေ မောပန်းစွာ အသက်ရှူသွင်းရင်း ငြိမ်သက်နေ၏။

အရင်လောက်ပင် စကားမပြောနိုင်တော့ပေ။

ဖေဖေ အနားယူပါစေ ... ။

ပိုး အပြင်ထွက်လာခဲ့သည်။





"မမ ... "

"ဟင်"

"ကိုစတီဗင်ရောက်နေတယ် ... ဘဘကြီးကို ဝင်ကြည့်မယ် ...နေလို့ ကျွန်မ တားထားရတယ်"

စတီဗင့်ကိုသာ မြင်လိုက်ရင်တော့ ဖေဖေ့သေမှာပဲ ... ပိုး ဧည့်ခန်းဆီရောက်လာသည်။

"ဖေဖေ နေကောင်းရဲ့လား ပိုး"

"နေမကောင်းဘူး နေ့လား ညလားပဲ"

"မောင် ဝင်ကြည့်သင့်တယ် ပိုး ... "

"ဖေဖေအိပ်နေပါပြီ ... အနားယူနေတဲ့ အချိန်မှာ ဘယ်သူမှ ...တွေ့တာ အကောင်းဆုံးပဲ"

"မင်းက မောင့်ကိုရှောင်ထိုးထားချင်တာလား ပိုး"

"ကျွန်မ တောင်းပန်ပါတယ်မောင် ... အစ်ပတ်လောက်ပဲ ...ငံ့ပေးပါ ... ကျွန်မ မောင်နဲ့လိုက်နေပါ့မယ်"

"မရဘူးကွာ ... အခုပဲ လိုက်ရမယ် ... မင်းအဖေဆီ လာချင် ...တို့လင်မယား လာမယ် ... "

ဖေဖေမကွယ်လွန်ခင် ရှင်က ကျွန်မကို အပိုင်ကိုင်မလို့ပါ။ ကျွန်မ သိတာပေါ့ ... ။

"မင်း ငြင်းရင်တော့ ဒီညပဲ ရပ်ကွက်လူကြီးတွေနဲ့ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရလိမ့်မယ် ဗိုး ... "

"ကျွန်မလိုက်ခဲ့မယ်"

"တကယ်ပြောတာလား ..."

"တကယ်ပဲ ... အစုချက်ချင်းပဲ သွားကြရအောင်"

အိမ်ဖော်မလေးအား မှာချင်တာတွေ တိုးတိတ်စွာမှာခဲ့

အခိက ...

ဖေဖေ့ကို ဂရုစိုက်ဖို့ပဲ ...

ကျွန်မ ဆုံးဖြတ်ထားပြီးပြီ။

ရင်ဆိုင်မယ် ... ။

ရှင် ဘယ်လောက်အထိ နှိပ်စက်မလဲ ...

မောင့်နောက်ကို ကျွန်မလိုက်ခဲ့မိသည်။

★

အခန်း ( ၂၂ )

"ညည်းက ညည်းမိဘ ပစ္စည်းဘာတစ်ခုမှ ယူမလာဘဲ ...င်းလာတာပေါ့လေ ... အိပိုးအိမ်"

ယောက္ခမ ဒေါ်ရှိစီသည် ဗိုးအား သမီးဟုပင် မခေါ်တော့ တင်းမာနေသည်။

"သား ... မင်းမိန်းမက ကားတစ်စီးတောင် ယူမလာပါ ...း ... မင်းက ဒီအတိုင်းပဲကြည့်နေတော့မှာလား စတီဗင်"

"သူ့အဖေသေမှ သားတို့ အမွေတွေ ခံစားရမှာပဲ မာမီ"

ဗိုး အံ့သြသွားရသည်။

တော်တော်လောဘရမ္မက်ကြီးတဲ့ လူတွေပဲ ... ။

ဗိုး ...

သူ့နောက်လိုက်ခဲ့တည်းက ဘာအမွေမှ မယူတော့ဟု ဆုံး ...တ်ထားပြီးသားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းမိဘအမွေတွေတော့ ညည်းယူသင့်တယ် ပိုး"

"ကျွန်မကို ဖေဖေက စတီဗင်နဲ့သဘောမတူဘူး ... အမွေ [illegible] ဖြတ်မှာပဲ"

"ဘာအေ့ ..."

"ပိုး ..."

"ပြော ..."

"မင်းက ငါ့ကိုစိန်ခေါ်လိုက်တာလား"

"ကျွန်မ အမှန်တရားကိုပြောတာပဲ"

"ဘာကွ ..."

ကိုစတီဗင်က သူမအနားသို့ တိုးကပ်လာသည်။

ပိုး ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားသည်။

သူမဘဝတွင် အရာအားလုံး လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

"ပိုး ..."

သူမ မျက်ဝန်းတွေထဲ ထိုးဖောက်တော့မတတ် စေ့စေ့ ကြည့်သည်။

"မင်းအဖေဆီသွားမယ် ... မင်းအဖေက မင်းကို ဘယ် [illegible] လောက်အထိ ချစ်တယ်ဆိုတာ ငါသိတယ် ... မင်းကို ဘယ်တော့ [illegible] မှ အမွေမဖြတ်ဘူး"

"ရှင် မှားနေပြီ ... ကျွန်မအဖေက တစ်ခါတလေ ပြတ်သား [illegible]





တယ် ... ခုနကို မေးစားတာပဲကြည့် ... သူမှန်တယ်ထင်ရင် လုပ်တာပဲ"

"မင်း လိမ်တာ ..."

"ရှင်သဘောပဲ ... ထင်ချင်သလိုထင် ... ကျွန်မကတော့ ဖေဖေ့ဆီ လုံးဝမသွားဘူး ... ကျွန်မအဖေကို စွန့်ပစ်ဖို့ ဆုံးဖြတ်ပြီး ရှင့်နောက်လိုက်လာခဲ့တာပဲ"

"ဖြန်း ..."

"ဖြန်း ..."

သူမ ပါးပြင်ဆီက နာကျင်တဲ့ ဝေဒနာကို ပြင်းပြစွာခံစား လိုက်ရသည်။

သူနှိပ်စက်တော့မယ်ဆိုတာ ကျွန်မတွေးပြီးသားဖြစ်၏။

ငွေကို သုံးဖြုန်းမယ် ...

လူကို နှိပ်စက်မယ် ...

ရှင်တို့သားအမိနှစ်ယောက်ရဲ့ စိတ်ဓာတ်ပဲမဟုတ်လား။

"မင်း အဖေဆီသွားရမယ် ... မင်းရသင့်တဲ့ အမွေတွေ တောင်းရမယ် ..."

"မတောင်းဘူး ... ကျွန်မ ဘာမှလည်းမယူဘူး ... ကျေနပ် ရင် သတ်ပစ်လိုက် ..."

အံသွားလေးများကို တင်းကျပ်စွာဖိကိုက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုး ရင်ဆိုင်မယ် ...

ဘာဖြစ်လဲ ...

"မင်း ငါ့ကို ဆန့်ကျင်တာလား ပိုး ... "

"အပြတ်သားဆုံးပဲပြောတာနော် ... ကျွန်မဘဝက ပြီး
သွားပြီ"

"ပိုး ... မင်း ... မင်း တော်တော်ကြီးကျယ်တဲ့ မိန်းမ"

"ဖြန်း ... "

"ဖြန်း ... "

ဒေါ်ရှိစီ တစ်ခန်းမှ မပြောပေ။

ဟန့်တားခြင်းလည်း မရှိ။

"ညည်းက ကျုပ်တို့သားအမိကို မယုံကြည်တဲ့ သဘော
လေ"

ဒေါ်ရှိစီ ထင်သလောက်ဖြစ်မလာ၍ ဒေါသတွေ ဖြစ်
သည်။

ကြည့်စမ်း ...

အိပိုးအိမ် ...

လူပါးဝလိုက်တာ ...

ဖခင်အမွေတွေကို မယူဘဲ ရောက်လာခဲ့သည်။

"ကျုပ်တို့မှာ စားစရာမရှိဘူး ... ညည်း အလုပ်လုပ်ရ





"ကျွန်မ ဘာမှ မလုပ်နိုင်ဘူး ... လုပ်လည်း မလုပ်တတ်ဘူး
ကျွန်ကို ရှင်ကြိုက်သလောက် နှိပ်စက်စမ်းပါ ... "

"ကောင်မ ... "

အိမ်ပိုးအိမ် ဝင့်လည်တာပဲ မနေ ...

ကောင်းတယ် ...

ခံယူမယ် ...

ဖေဖေ့ကို သတိရမိသည်။

အခု ...

အိပ်ရာထဲမှာ လဲနေသည်။

တစ်ပတ်လောက်ပင် လူ့လောကကြီးထဲမှာ နေခွင့်ရှိပါ့တော့
လား ... ။

ငိုကြွေးချင်မိသည်။

"ကောင်းပြီလေ ... ညည်းက ကျုပ်တို့အပေါ်
စေတနာမရှိမှ တော့ ကျုပ်တို့ကလည်း ညည်းအပေါ်
ဘာတာထောက်ထားစရာ မရှိတော့ဘူးပေါ့ ... "

ပိုးစိတ်ပူသွားသည်။

ဖေဖေ့ဆီသွားပြီး စိတ်အနှောက်အယှက် ဖြစ်အောင်လုပ်မှာ
ကြောက်နေမိ၏။

မနေ ...



www.burmeseclassic.com

www.burmeseclassic.com



ငြင်းဆန်ပါစေ ...

လှုယုတ်မာတွေ ...

"ဒေါ်အေး ... "

"ရှင် ... "

"ဒီဟာမလေးကို အပြင်မထွက်အောင် ကြည့်ထား ... အလုပ်တွေနိုင်း ... "

ဒေါ်ရိုစီနှင့်စတီဗင်တို့သားအမိ အပြင်ထွက်လာကြသည်။

"ဦးဆက်ပိုင်ဆီ သွားဆွေးနွေးရမယ် သား"

"ကောင်းတယ် မာမီ ... အမွေမရဘဲ ဒီမိန်းမကို သားမဆောင်ထားနိုင်ဘူး ... "

ပိုးဖခင်ဆီသွားပြီး ပြဿနာရှာဖို့ ဆုံးဖြတ်ထားမိသည်။

ဦးဆက်ပိုင်ကတော့ သမီးဖြစ်သူကို မေးနေမိ၏။

"သမီးလေးရော မနု ... "

"အပြင်ခဏထွက်သွားတယ် ဖေဖေ"

"မနု ... "

"ဗျာ"

"မင်းညီမလေးကို မင်းစောင့်ရှောက်ပါ ... ဖေဖေ အရှုံးပေးပြီ ပူတယ် သားရယ်"

"သား အသက်ရှင်နေသရွေ့ ပိုးကို စောင့်ရှောက်မှာပါ"





"တကယ်လို့ စတီဗင်နဲ့ သမီးပတ်သက်နေရင် အမွေတွေကို သူတို့လက်ထဲ မထည့်ဘဲ သားသိမ်းထားပါ ... သမီး တစ်နေ့ ဒုက္ခ ကောင်းကောင်း ရောက်လိမ့်မယ်ထင်တယ် ... "

"သား ကတိပေးပါတယ် ဖေဖေ ... "

"သား အမုန်းခံပြီး ထိန်းသိမ်းပါ ... "

"ဟုတ်ကဲ့ ... "

"သား ... "

"ဖေဖေ ဘာဖြစ်တာလဲ ... "

တစ်ချက်တစ်ချက် အသက်ရှူလို့ မဝအောင်ပင် မွန်းကျပ်လာမိသည်။

"ဖေဖေ ဆေးလေးသောက်လိုက်ပါဦး"

ဆေးတွေက ဆုံးနေပြီဖြစ်၏။

သေဖို့ပဲရှိ၏။

"ပိုးရော"

ပိုးကို ခေါ်ဖို့အတွက် မနု စဉ်းစားနေမိသည်။

သူမက ခေါင်းမာလွန်း၏။

စတီဗင့်ဆီ လိုက်သွားတာ ကိုယ် မသိ။

အိမ်ဖော်ကောင်မလေးကိုပဲ မှာသွားသည်။

စတီဗင့်ကို ဘာမှ မပေးပါနဲ့တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



သူမ တစ်နေ့ပြန်လာမှာတဲ့ ...

"ဖေဖေ ..."

"ဟင် ..."

"အနားယူနော် ... အိပ်နေပါ ပိုးမကြာခင်ပြန်လာမှာပါ"

"သမီးလေးမှာ အကျပ်အတည်းတစ်ခုခုများ ရင်ဆိုင်နေရလား ..."

"မရှိပါဘူး ဖေဖေ ... အနားယူလိုက်တော့နော်"

ဖေဖေ့ကိုချော့မော့ထားခဲ့ပြီး ပိုးအား ဘယ်လိုခေါ်ရမလဲဆိုတာ စဉ်းစားနေမိသည်။

အေမီဆီကတစ်ဆင့် စတီဗင့်ဆီလိုက်သွားဖို့ပဲ ရှိ၏။

ကိုယ်ကြံစည်နေတုန်းမှာပင် ဒေါ်ရိုစီနှင့်စတီဗင်ရောက်လာသည်။

"ခင်ဗျားတို့ ဘာလာလုပ်ကြတာလဲ ... ဖေဖေ နေမကောင်းဘူး ... ပြန်ကြပါ"

"မပြန်ဘူး ... မောင်ရင် ကိုယ်ဖေဖေ့ကို လာကြည့်တာ ပိုးက ကြောက်လို့တဲ့ ..."

"ဟုတ်တယ် မောင်ရင် ... အန်တီတို့ လူမှုရေးအရ လာကြည့်ကြတာပဲ ... မင်း မတားသင့်ဘူး"

ဒေါ်ရိုစီက မင်းနဲ့မဆိုင်ဘူးဆိုသော လေသံမျိုးဖြစ်နေသည်။





ကိုယ် တားဆီးရမယ် ...

ပြတ်သားမှ ဖြစ်မယ် ...

ဖေဖေ့ရဲ့နောက်ဆုံး အချိန်လေးမှာ စိတ်သောကတွေနှင့် မကုန်ဆုံးစေလိုပေ။

"ခင်ဗျားတို့ ပြန်ပါ ... ဆက်ပြီး နှောက်ယှက်နေဦးမယ်ဆိုရင် ကျုပ်ရဲစခန်းကို ဖုန်းဆက်ရလိမ့်မယ်"

"မောင်ရင် ကိုယ်က ဦးဆက်ပိုင်ရဲ့သားမက်နော်"

"ကျုပ်က သား ..."

"မင်းက အချောင်သမားပဲ ... ဦးဆက်ပိုင် သေခါနီးမှာ မွေးစားသားဖြစ်အောင် ကြံစည်တာ ..."

"ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ပြန်ကြပါ ... ဖေဖေနေမကောင်းဘူး ... တောင်းပန်ပါတယ်ကွာ"

ကိုယ်ကတော့ ဖေဖေ့ကို စိတ်ဒုက္ခရောက်အောင်လုပ်တာမျိုး လက်မခံနိုင်အောင် တားဆီးနေမိသည်။

ဒေါ်ရိုစီက မရ ...

ဇွတ်အတင်းပင် ဖေဖေ့ဆီသွားနေသည်။

ကိုယ် ဘာလုပ်ရမလဲ ...

ဖေဖေ့ဂုဏ်သိက္ခာကလည်း ရှိသေးသည်။

စတီဗင်လည်း လိုက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လိုက်သွားမိသည်။

စတီဗင်ကိုတွေ့တော့ ဖေဖေ မျက်လုံးပြူးသွား၏။

"ဦးဆက်ပိုင် ကျွန်မက စတီဗင်ရဲ့မိခင် ဒေါ်ရိုစီပါ သားသမီး ကိစ္စပြောချင်လို့ပါ ... "

"ဗျာ ... "

သားသမီးကိစ္စတဲ့ ...

ဦးဆက်ပိုင် ခေါင်းနပန်းကြီးစွာ ကြည့်မိသည်။

"သမီးလေးက သားဆီလိုက်လာတယ် ... နှစ်ဦးသဘောတူ လက်ထပ်ထားကြတယ်လေ"

"ဟင် ... "

ဦးဆက်ပိုင် သတိလစ်မသွားအောင် သတိထားလိုက်ရ သည်။

ဒေါ်ရိုစီတို့ အကြံအစည်တွေကို သိထား၏။

"ဒါဆို ကျုပ်သမီးကို ကျုပ်အမွေဖြတ်ရမယ် ... ကျုပ် သဘောမတူဘူးလို့ ပြောထားပြီးသားနော်"

"ဘာရှင့် ... အဖေတစ်ယောက်ဖြစ်ပြီး ရှင်တာဝန်မကျေ စကားမပြောပါနဲ့ ... "

ဒေါ်ရိုစီ ထင်သလိုဖြစ်မလာ၍ ခက်သွားသည်။

"ရှင့်သမီးကို ပစ်ထားမယ်ဆိုရင် ရှင့်သမီးပဲဒုက္ခရောက်မှာ





နော် ... ဦးဆက်ပိုင်"

ဒေါ်ရိုစီရော စတီဗင်ပါ ဒေါသတွေနှင့်ရှူးရှူးရှဲရှဲ ဖြစ်သွား ကြသည်။

ဦးဆက်ပိုင်က ပြတ်သား၏။

သမီးလေးကို အကျုပ်ကိုင် ခေါ်ဆောင်ထားကြောင်းသိနေ သည်။

ဒေါ်ရိုစီတို့ ပြဿနာရှာပြီး ပြန်သွားကြ၏။

"သား ... "

"ဗျာ ... ဖေဖေ"

"သူတင်းစာထဲမှာ အမွေပြတ်ကြောင်းထည့်လိုက် ဘာအမွေ ပေးစရာမလိုဘူးနော် သား ... "

ဦးဆက်ပိုင် အသက်ရှူမရသလို ဖြစ်လာရသည်။

"သမီးလေး အနာဂတ်အတွက် အမွေမပေးမှဖြစ်မယ် သား င်း သဘောပေါက်ပါ ... "

ကိုယ်ကတော့ ဖေဖေ့ဆန္ဒအတိုင်းပဲ ဆောင်ရွက်ရမည်ဖြစ် သည်။

☆

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၃ )

"အမွေ့ဖြတ်တယ်တဲ့ ... မဖြစ်နိုင်တာပဲ ... မင်းအကြံမဟုတ်လား ... မင်းတို့ ကောက်ကျစ်တာပဲ"

ကိုစတီဗင် ဒေါသတွေပေါက်ကွဲပြီး သောင်းကျန်းနေသည်။

ဖေဖေ သိသွားပြီ။

အမွေဖြတ်တာ အကောင်းဆုံးပဲ ...

ဘာအမွေမှ ပိုး မလိုချင်ဘူး ...

ဒုက္ခသောကတွေ အားလုံးကို ပိုး ခံစားမယ် ...

ရင်ဆိုင်မယ် ...

ရှင် ဘယ်လောက်အထိ နှိပ်စက်မလဲ ...

ပိုး ရင်ဆိုင်နေရတဲ့ အခြေအနေတွေကို ခနဲ့ သဘောပေါက်ပုံပင်။

"ခနဲ့ဆိုတဲ့ကောင်ကို မင်းပေးတာ ဘာမှ အဓိပ္ပါယ်မရှိဘူး





မင်းအကောင်ကို တော်တော်ပေးချင်လား ..."

စတီဗင် လုံးဝ မကျေနပ်နိုင်အောင် ဖြစ်နေမိသည်။

ဒေါသတွေ ပေါက်ကွဲနေ၏။

ပိုး ...

မင်းအကောက်ကြံတာ ...

"ဖြန်း ..."

"ဖြန်း ..."

"ဖြန်း ..."

ပါးပြင်ဆီမှ နာကျင်တဲ့ ဝေဒနာတွေ ခံစားနေရသည်။

"မင်းကို မသေမချင်း ညှဉ်းဆဲသတ်ပစ်မယ်"

"ဖြန်း ..."

"ဖြန်း ..."

"ဖြန်း ..."

တားဆီးဟန့်တားမည့်သူ တစ်ယောက်တစ်လေမှပင် မရှိ။

ဖေဖေသိရင် ...

ခနဲ့လည်း သိမှာပဲ ...

ကျွန်မ ရင်ဆိုင်မယ် ...

ပြဿနာတွေ အားလုံးကို ဖန်တီးသူက ပိုးသာဖြစ်သည်။

ခနဲ့ကို စော်ကားခဲ့တာလည်း ပိုးပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ညည်းက ကျုပ်တို့မိသားစုတွေကို စိတ်သောက ရောက်အောင် ဂုဏ်သိက္ခာမဲ့အောင် လုပ်တာပဲ ပိုး ... "

ဒေါ်ရိစီ မကျေမနပ်နှင့်ဒေါသတွေ ထွက်နေသည်။

အသုံးမကျတဲ့ မိန်းမ ...

ထင်သလောက် ဖြစ်မလာ၍ အခဲမကြေနိုင်အောင်ဖြစ်နေသည်။

"သွား"

"မာမီ"

"ဒီကောင်မကို ဘယ်လိုလုပ်မလဲ"

"မသေမချင်း နှိပ်စက်ပစ်မယ် မာမီ"

ပိုး ...

အိမ်အလုပ်တွေကို သိမ်းကြုံးလုပ်ရသည်။

ထမင်းက နပ်မမှန် ...

ကိုစတီဗင်တို့ မိသားစုတွေမှာ အကြွေးတွေပိုင်းနေသည်။

စားစရာလည်း မရှိ။

နေ့စဉ် ...

အရက်တွေမူးပြီး ပိုးကို နှိပ်စက်နေသည်။

"နင့်အပြစ်တွေပဲ ပိုး ... ကိုကိုတို့ ရသင့်တဲ့အခွင့်အရေးတွေ တော့ ပေးသင့်တယ်"





အမေ့မိကလည်း ပိုးကိုပဲ အပြစ်တင်နေတော့သည်။

သူငယ်ချင်းကောင်း မဝီသ ...

ကိုစတီဗင်တို့နှင့်ပေါင်းပြီး အနေကောက်ကြံသော သူငယ်ချင်း ...

"ပိုး ... "

"ရှင် ... "

"လာစမ်း ... "

"ဟုတ်ကဲ့ မာမီ"

"ကျုပ်တစ်ကိုယ်လုံးကို ဆေးလိမ်းပေးစမ်း"

"ဟုတ်ကဲ့ ... "

ပိုး ...

မအိပ်ရ ...

နှိပ်စက်တဲ့ ဒဏ်တွေ မခံနိုင်လျှင် သူမအားဖေဖေက ပြန်ကြည့်ရန် အသနားခံရန် ဖန်တီးနေသည်။

အသေခံမယ် ...

ဖေဖေ့ဆီက ဘာမှ မယူဘူး ...

"မင်းဟာ ကိုယ့်မိန်းမ ... ငါ့ဆီကနေ လွတ်ထွက်ဖို့ ဘယ်တော့မှ မကြိုးစားနဲ့ ... မင်းကို ဘယ်တော့မှ ကွာရှင်းပြတ်စဲ မပေးဘူး ... မင်းအဖေသေမှ သက်ဆိုင်ရာကနေ အမွေတောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကျစ်စွာ ကြံစည်နေကြတဲ့ လူတွေကို နာကြည်းမိသည်။

ဘာအမွေမှ ရမယ်မထင်နဲ့ ...

စိတ်တွေကို တင်းထားမိသည်။

ဖေဖေ ...

မေ ...

ကျွန်မဘာဂကို ကယ်တင်နိုင်မယ့် နည်းလမ်းတွေ မရှိတော့ဘူးလား ...

အိသွားလေးကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။

မျက်ရည်တွေက မျက်ဝန်းတွေထဲမှာ ပြည့်နေ၏။

"ညည်းက မျက်ရည်ကျချင်နေလား အိပိုးအိမ် ... ဆင်းရဲတဲ့ဒဏ်ကို မခံစားချင်ရင်လည်း ညည်းအဖေဆီ သွားလေ"

ဒေါ်ရှိစီက အချိုသတ်နေသည်။

ပိုး သိနေ၏။

"ပိုး ..."

"ရှင် ..."

"ဒီအိမ်မှာ နေခွင့် တစ်လပဲရှိတော့တယ်နော်"

"ရှင် ..."

"နောက်တစ်လကြာရင် မာမီတို့ အိမ်ထပ်ငှားရမယ် ... မ





ည်း မရှိတော့ဘူး ... ညည်း အဖေပိုင်တဲ့ ငွေထဲကနေ ဟို နေဆို ကောင်လေးဆီမှာပြောပြီး တိုက်ခန်းတစ်ခန်းဝယ်သင့်တာ"

ပိုးကတော့ ဖေဖေ့ဆီက ဘာတစ်ခုမှ မလိုချင်ပေ။

သင်းတို့ကို စေတနာမရှိ ... ။

"မာမီပြောတာ ကြားလား ပိုး ..."

"ဖေဖေက အမွေဖြတ်ထားပြီးပြီပဲ မာမီ ... ကျွန်မကို ဘာမှ းမှာ မဟုတ်ဘူး"

"ညည်း သက်သက် အကျွင့်ယုတ်တာပဲ ... ကျုပ်တို့သား မိကို စေတနာမဲ့လွန်းတယ်"

ပိုးကို ချော့မော့ ပြောနေတာ မရှဲ့ ခက်နေသည်။

ငွေက မရှိ ...

နည်းနည်းပါးပါးပင် မရှိ ... ။

သားကတော့ အရက်တွေပဲ သောက်နေသည်။

ဘာအကြံမှ မပေးနိုင် ...

ပိုးကို လက်ခံထားရတာလည်း ပိုးဖခင် ဦးဆက်ပိုင်းသေဆုံးသွားလျှင် အမွေစကားပြောနိုင်ရေးအတွက် ဖြစ်သည်။

"ညည်း လမ်းဘေးမှာ လိုက်နေရမယ် ပိုး ... ဝတ်ပြတ်မယ်"

ဒေါ်ရှိစီ အကြွေးပိုင်းပြီး အကြွေးရှင်တွေနှင့်မတွေ့အောင် ရှောင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးသာ ကူညီရင် ပြီးရော ...

ဒီဟာမက ကပ်နေတယ် ...

"ညည်း သူဌေးသမီး တစ်ဦးတည်းသော သမီးပဲ ဖအေက ညည်းကို အမေဖြတ်တယ်ဆိုတော့ ညည်းအကြံအစည်ပဲဖြစ်မယ်"

ပိုး ...

ဘာမှ မတုန့်ပြန်မိ ...

အေးစက်တဲ့မျက်ဝန်းတွေနှင့် အဝေးကိုသာ ငေးမောကြည့်နေမိသည်။

"ပိုး ..."

"ရှင်"

"ကျုပ်မှာ ဒုက္ခတွေရောက်နေတယ် ... ညည်းအဖေဆီသွားပါ"

"မသွားဘူး ..."

"ဘာ ..."

"ကျွန်မ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး"

"ကောင်မ ..."

"ဖြန်း ..."

"ဖြန်း ..."

"ညည်းက တော်တော်လူပါးဝတာပဲ ... ကျုပ်ကို ဒုက္ခ





ရောက်အောင် လုပ်တာလား"

"မာမီ ကျွန်မ ဒီနေရာကနေ ထွက်သွားပါရစေ ... ကျွန်မကို ကွာရှင်းပေးပါ ..."

သူမ တိုက်ခန်းတစ်ခန်းနှင့် ကားတစ်စီးပေးမည်ဖြစ်ကြောင်း ပြောမိသည်။

"ညည်းက အကျပ်ကိုင်တာလား ပိုး ..."

"ကျွန်မ လုပ်ပေးနိုင်တာ ပြောတာပဲ"

"ကျုပ်သားနဲ့ တိုင်ပင်လိုက်မယ်"

ကိုစတီဗင်နှင့်ကွာရှင်းဖို့အတွက် သူမ ကြိုးစားချင်သည်။

ငွေပေးချင် ပေးပါရစေ ...

ကွာရှင်းဖို့ပဲ ...

ဒေါ်ရိစီကလည်း သားနှင့်တိုင်ပင်ပြီး ကွာရှင်းဖို့ကိုဆွေးနွေးသည်။

"မာမီတို့မှာ အကြွေးတွေပိုင်းနေပြီ သားလက်ခံလိုက်တော့"

စတီဗင်က လက်မခံချင် ...

"ပိုး အဖေက အမွေဖြတ်ထားတယ်"

"သား ရှေ့နေတွေနဲ့တိုင်ပင်ကြည့်ပြီးပြီ မာမီ ... အဘိုးကြီးက လူမမာပဲ သတိချို့ယွင်းနေပြီ ... ခုနေ အကျပ်ကိုင်တာမျိုးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်မလဲ"

"ဟုတ်သားပဲ ... ဒါပေမယ့် ပိုးက လက်ခံမလား ... ဒီဟာ လေးက အသေခံမယ့် ရုပ်ပဲသား"

"ဒီဟာမကို အကျုပ်ကိုင်တဲ့ နည်းလမ်းတွေရှိပါတယ်"

"လုပ်စမ်းပါဦး သားရယ် ... ကြာရင် မာမီတို့ဘဝ ရပ်တည် က မလွယ်တော့ဘူး"

"မာမီ အသာနေ ... သား လုပ်ပြမယ်"

"သား"

"မာမီ ... "

"မင်း သောက်တာတွေလျှော့ဦးကွယ် ... တော်ကြာ ကျန်းမာရေး ထိခိုက်နေပါဦးမယ်"

"ဘာမှ မဖြစ်ဘူး မာမီ ... ဒီမိန်းမ လုပ်တာတွေ ခံပြင်းနေ တယ် ... စိတ်လည်း အတော်လေးညစ်နေတယ်"

"ဟုတ်တယ် ... မာမီလည်း စိတ်တိုတယ် ... အမွေရေး ရှိနေလို့ အသာကြည့်နေရတာပဲ"

ပိုးကတော့ ဖေဖေ့ကို နောက်ဆုံးအနေနှင့်တွေ့ချင်တဲ့ ဆန္ဒ တွေ ပြင်းပြစွာ ဖြစ်ပေါ်နေမိသည်။

ဒေါ်ရီစီတို့ သိသိကြီး မသွားချင်ပေ။

ဖေဖေ့ရဲ့နောက်ဆုံး အချိန်တွေမှာ စိတ်သောကတွေခံစား





ပြီး ကွယ်လွန်သွားရတော့မည် ဖြစ်သည်။

ပိုး သွားတွေ့မယ် ...

ပြောစရာရှိတာတွေ ပြောမယ် ...

ဘာပဲ ဖြစ်ဖြစ် ...

ဖေဖေ့ကိုတော့ တွေ့သင့်သည်ဟု ထင်နေမိသည်။

တစ်နေ့ ...

ဒေါ်ရီစီ အပြင်ထွက်သွားသည်။

ကိုစတီဗင်က အရက်တွေ အလွန်အကျွံသောက်ပြီး အိပ်မော ကျနေ၏။

ပိုး ...

ထွက်လာခဲ့မိသည်။

ဖေဖေ့ဆီရောက်တော့ သူမကို မသိတော့ပေ။

"ပိုး"

"ဓနု"

"မင်း ပြန်လာတာလား"

"ခိုးထွက်လာတာ"

"ပိုးရယ် ... မင်း ဘယ်လိုဖြစ်တာလဲ ... မျက်နှာမှာလည်း ဒဏ်ရာတွေနဲ့"

"သူတို့နှိပ်စက်တယ် ... ဖေဖေ့ကိုတွေ့ချင်လို့ ပိုးထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



တာ"

"ဖေဖေ အသိမဲ့နေပြီ ... မင်းကို ဆုံးမစကားတွေ မပေး နိုင်တော့ဘူး ... စတီဗင်တို့ကို ပေးသင့်တာပေးလိုက်ပါလား ရယ်"

"ခနဲ ... "

"ဟင်"

"ပိုးကို တစ်နည်းနည်းနဲ့ အကျပ်ကိုင်ပြီး အမွေခွေတော လိမ့်မယ် ... "

"ပိုးကို လွှတ်မြောက်မယ်ဆိုရင် ကိုယ်ဘယ်အရာပဲဖြစ်ဖြ စွန့်လွှတ်မယ်"

"လူယုတ်မာတွေကို မပေးစမ်းပါနဲ့ ခနဲရယ်"

ခနဲရင်ခွင်ထဲ တိုးဝင်ကာ အားကိုးတကြီး ဖက်တွယ်ထား သည်။

"ပိုးက ကိုယ့်ညီမလေးပါ ... ကိုယ် စောင့်ရှောက်ရမယ် မဟုတ်လား"

ပိုး ...

ကြေကွဲစွာ ငိုမိသည်။

အမှားတွေက ပြင်၍ မရသောအမှားတွေ ဖြစ်နေသည်။

ပိုးရောက်တဲ့နေ့မှာပင် ဖေဖေဆုံးသွား၏။





"ဖေဖေရယ် ... ပိုးကို စိတ်ချပြီးထားခဲ့ပြီလား"

"ပိုး ... "

"ဟင်"

"ဘာဆက်လုပ်မလဲ ... ပိုး နေမလား"

"ပိုး ပြန်မယ် ... "

"ဟင် ... ဖေဖေ့ အလောင်းမြေကျတဲ့အထိ နေပါလား ပိုးရယ်"

"ခနဲ ... "

"ဟင် ... "

"စတီဗင်တို့ အကြီးအကျယ် တိုက်ပွဲစတော့မယ်ထင်တယ်"

"ပိုး ပြန်လာပါ ... ကိုယ် ဘာအမွေမှ မလိုချင်ဘူး ... မင်း အတွက် အရာအားလုံး စွန့်လွှတ်မယ်"

"လူယုတ်မာတွေရဲ့ လက်ထဲကို ဖေဖေရှာဖွေထားတဲ့ ပစ္စည်းတွေ မပေးနိုင်ဘူး ... ရှင် ထိန်းသိမ်းထားပါ"

ဖေဖေကလည်း ခနဲအား ထိန်းသိမ်းထားရန် အသေအချာ မှာထားခဲ့သည်။

ပိုးက ဖခင်ကို ကန်တော့၏။

ပြီးတော့ ...

ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ သေဆုံးသွားပြီဆိုရင် ... ပိုး ဘာမှ ဆက်လုပ်စရာ မရှိတော့ပါဘူး ခနဲ ... ဘဝတစ်ခုကို ပိုးအပြတ်သားဆုံး ရင်ဆိုင်မယ်"

"ပိုးရယ် ... "

"ခနဲကို မှာထားခဲ့မယ်နော် ... ပိုး ဘယ်ဘဝပဲရောက် ရောက် ဖေဖေ့စည်းစိမ်ဥစ္စာတွေကို ထိန်းသိမ်းထားပါ"

သူမ မှာပြီးထွက်လာခဲ့သည်။

ဖေဖေ မရှိတော့ဘူး ... ။

ခနဲ့ အကင်းရှင်းဆုံး နေရမယ် ...

ရင်ထဲမှာ ...

ကြေကွဲမှုတွေနှင့် မွန်းကျပ်နေသည်။

☆

အခန်း ( ၂၄ )

"ကျွန်မ ဘာမှမသိဘူး ... ဘာအမွေမှလည်း မယူဘူး ... ရှင်တို့ ဆန္ဒတွေကို မလိုက်လျောနိုင်ဘူး"

ပိုး ...

အော်ဟစ်မိသည်။

လက်မခံဘူး ...

ဖေဖေ့နောက်ဆုံး ခရီးမှာပင် ပိုးလိုက်ပါပို့ဆောင်ခြင်း မရှိတော့။

ဂူသွင်းသဂြိုဟ်မည်ဟု သတင်းစာနာရေးမှာ ဖတ်လိုက်ရသည်။

"မင်း လိုက်ပို့ရမယ် ပိုး ... "

"မပို့ဘူး ... ဖေဖေ့ကို စိတ်သောကရောက်အောင်လုပ်နိုင်တဲ့ သမီးတစ်ယောက် အရှက်မဲ့ပြီး မသွားနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတော်တော် ခေါင်းမာတဲ့ မိန်းမတစ်ယောက်ပဲ အ... အိမ်"

စတီဗင် ဘာလုပ်ရမှန်း မသိအောင်ဖြစ်နေသည်။

ပိုးက ခေါင်းမာနေ၏။

သူမ ရသင့်ရထိုက်သော အမွေပစ္စည်းတွေကို လက်မခံ... မယူဘူးဟု ငြင်းဆန်နေသည်။

မနေက မဆီအဆိုင်ရနေ၏။

ခံစားနေသည်။

ဘယ်လောက် ဒေါသဖြစ်စရာကောင်းနေလဲလို့ ... ။

စတီဗင် ခံပြင်းစွာ ပိုးကိုပဲ နှိပ်စက်နေမိသည်။

"မင်း ငါ့စကားတွေကို ဆန့်ကျင်တာလားပိုး ... "

"ကျွန်မကို ကွာရှင်းပေးပါ"

"မင်းသေတဲ့အထိ ငါ့အနားမှာပဲ နေရမယ်ပိုး ... "

"ဖြန်း ... "

"ဖြန်း ... "

ပိုး အံသွားလေးကို တင်းတင်းလေးဖိကိုက်ထားသည်။

"ပိုး ... မင်း ငါ့ကို အရမ်းကွာချင်နေလား"

"ကျွန်မကို နှိပ်စက်မနေပါနဲ့ ကိုစတီဗင် ... တစ်ခါတည်း သား သတ်ပစ်လိုက်ပါ ... "





သူမ တောင်းဆိုမိသည်။

ချောမောလှပသော သူမမျက်နှာလေးက ပိန်ချုံးကျနေ၏။

ဖေဖေဆုံးသွားသည်။

ပိုး ရှိနေ၏။

ကျွန်မအတွက် မနေ ခံစားနေရမှာပါ။

ကိုစတီဗင် နှိပ်စက်သမျှ ပိုးလည်း ကြိတ်မှိတ်ခံစားနေရသည်။

ပိုးတောင်းဆိုလျှင် မနေက ပေးမှာပါ ...

မနေကို သတိရနေသည်။

သတိမရသင့်ဘူး ... ။

ပိုးက အိမ်ထောင်ရှင် မိန်းကလေးတစ်ယောက်ဖြစ်နေသည်။

မတမ်းတသင့်တော့ဘူး ...

"ကောင်းပြီ ပိုး ... မင်း အိမ်ထဲမှာပဲနေ ... အပြင်မထွက်ရတော့ဘူး"

မှောင်မိုက်နေသော အခန်းတစ်ခုထဲတွင် ပိုး နေရသည်။

တစ်ယောက်တည်း ...

အခန်းတစ်ခုလုံး ညစ်ပတ်ပေရေကာ နံစော်နေသည်။

မနေရယ် ...

www.burmeseclassic.com



ပိုး အဖြစ်ရတွေကို လာပြီး ကြည့်ပါဦး ...

အစားအသောက် နပ်မမှန် ...

"မင်း အငတ်ခံပြီးသေ ... "

ကိုစတီဗင်က ပြောသည်။

အမြဲတမ်း ...

အရက်မူးနေတတ်တဲ့အပြင် မူးယစ်ဆေးဝါးတွေပါ စွဲနေသည်။

ပိုး စိတ်သောကတွေ အရောက်ကြီး ရောက်နေရတော့၏။

ဒီနေ့လည်း ...

ပိုးအတွက် စားသောက်စရာတွေ မလာ ...

ဆာလောင်နေသည်။

သေခြင်းတရားကိုပဲ ပိုးအမြဲတမ်း စောင့်မျှော်နေမိ၏။

စတီဗင်ကတော့ အကြံဂုန်ပြီဖြစ်၍ ခနဆီသွားရန်ဖြစ်သည်။

ခနဲ ဘာပြောမလဲ ...

"ခနဲ ... "

"ခင်ဗျာ"

"မောင်ရင်နဲ့ ဆွေးနွေးချင်လို့"

ခနကတော့ ဦးဆက်ပိုင် စည်းစိမ်ဥစ္စာတွေကို အခန့်သား စံစားနေသည်။





မနှာလိုစရာပဲ ...

ဒေါသဖြစ်လာသည်။

ပိုး ဖေဖေလည်း မရှိတော့ ...

ခနဲ သဘောပဲ ...

ဒီကောင်အစကာ စက်ပြင်ဆရာတစ်ယောက်ပဲ ...

"ကိုစတီဗင် ဘာကိစ္စရှိလို့လဲ ... "

ပိုးကို သတိရမိသည်။

ဒုက္ခတွေ ရောက်နေပြီလား ...

အမြဲတမ်း ...

တမ်းတနေမိသည်။

"ပိုးရော ... "

"ပိုး နေမကောင်းဘူး ခနဲ"

"ဟင် ... "

ပိုးသည် မိသားစုနှင့်အဆက်အသွယ်ဖြတ်ကာ သူမဘဝကို သူမတစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းနေသည်။

"ပိုးက ခေါင်းမာတယ် ... ရှင်းရှင်းပြောရင်တော့ ကိုယ်ဒီးပွားကျနေတယ် ... ပိုးက သူတို့အမွေဖြတ်ထားတယ်ဆိုပြီး ဘာအမွေမှ လက်မခံဘူးတဲ့"

ပိုးကိုယ်တိုင်ပဲ အမွေတွေကို ခနထိန်းသိမ်းထားရန် အထပ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မှာထားခဲ့သည် မဟုတ်လား ...။

တမင် မယူတာပါ ...

"ကိုယ်ရော ဝိုးပါ ဝတ်နေပြီ ခနု ... စိစရာကားလည်း မရှိတော့ဘူး ... မောင်ရင်ပေးပါ"

"ဝိုးကို တွေ့ချင်တယ်"

"ဝိုးက ခေါင်းမာတယ် ခနု ... ဘယ်သူ့ကိုမှ အတွေ့ခံမှာ မဟုတ်ဘူး ... "

ဝိုးကို ကွာရှင်းပေးပါဟူသော စကားတွေကို မပြောချင် ... မပြောသင့်ဟုထင်သည်။

ဝိုး အနှိပ်စက်ခံနေရမယ်ဆိုတာ သိနေ၏။

"မောင်ရင် ပေးပါ ... ဝိုး ခံစားသင့်တဲ့ စည်းစိမ်ဥစ္စာတွေပဲ မောင်ရင် သက်သက်ကပ်နေတာ ... "

ခနုပေးရင် ရတာတော့ အမှန်ပဲဖြစ်နေသည်။

ကျုပ် ပေးတော့ရော ခင်ဗျားက သုံးဖြုန်းပစ်မှာ မဟုတ်လား ... အဖက်တင်မှာ မဟုတ် ...

"ဘယ်လိုလဲ ခနု ... "

"ကျုပ် အိမ်ဝိုးအိမ်နဲ့တွေ့ပြီးမှ ဆုံးဖြတ်နိုင်မယ် စတီဗင်"

ဝိုး ဘယ်ရောက်နေပြီလဲ ...

သောက ဒုက္ခတွေ ဘယ်လောက်အထိ





ရောက်နေလဲဆိုတာ မတွေးရဲ ...

ကိုယ်ခံစားနေရတာ ဝိုးခံစားသင့်တဲ့ စည်းစိမ်ဥစ္စာတွေပါ။

မင်း ဒုက္ခရောက်နေပြီလား ...

စတီဗင်ကို ပေးလိုက်ရင် မင်းဆီရောက်မှာ မဟုတ်ဘူးဆိုတာ ကိုယ်သိလို့ တွန့်နေမိတာပါ။

"မောင်ရင် မကပ်နဲ့ ... ပေးစရာရှိရင် ပေးလိုက်ပါ"

"ကျုပ် ဝိုးမတွေ့ရဘဲ မပေးနိုင်ဘူး ... "

"မင်း အချောင်သမားတစ်ယောက်ပဲ ခနု"

"ဒါ ကျုပ်ကိစ္စ ... ဝိုးကို ဖေဖေက အမွေဖြတ်ထားပြီ ... ကျုပ်နာမည်နဲ့ အကုန်လွှဲပြီးသား ... "

ခနု ငြင်းဆန်လိုက်သည်။

စတီဗင့်ကို မယုံမိ ...

"ကောင်းပြီ ခနု ... မင်းမပေးရင် ဝိုးအိစာဝတ်ပြီး သေမှာ ..."

"ဟင်"

ကိုယ် စိတ်ပူသွားမိသည်။

ဝိုး ဘယ်လိုအဖြစ်ဆိုးမျိုးတွေနဲ့ ရင်ဆိုင်နေရပြီလဲ။

စတီဗင်ကတော့ မှုးယစ်ရီဝေသော မျက်ဝန်းတွေနှင့်ကြည့်သည်။

www.burmeseclassic.com



အကြည့်တွေက ခက်ထန်မာကျောစွာ ဒေါသတကြီးဖြစ်နေ၏။

"ပိုး စည်းစိမ်ဥစ္စာတွေကို မင်းတစ်ယောက်တည်း ခံစားနေရတာ အရှက်မဲ့လွန်းတယ် ခနေ ..."

"ကျုပ်ပြောပြီးပြီပဲ ... ပိုးတောင်းရင်တောင် ကျုပ်က စဉ်းစားပြီးပေးရမှာ ..."

"တောက် ..."

စတီဗင် ထလိုက်သည်။

ပိုးမပါဘဲ ခနေဆီကရမှာ မဟုတ်ကြောင်း သိသာနေ၏။

ဒေါသဖြစ်ရသည်။

အကြွေးက ဝိုင်းနေပြီ ... ။

ဘယ်လိုလုပ်ရတော့မလဲ။

ပိုးဆီ ရောက်လာသည်။

"ပိုး ..."

အိပ်ရာပေါ်မှာ ခွေနေသော ပိုးတစ်ယောက် နုံးချည့်စွာဖြင့် မျက်ဝန်းတွေကို အားယူဖွင့်ရသည်။

ကိုစတီဗင် ...

အရက်တွေ အလွန်အကျွံ သုံးစွဲထားသည်။

"ထစမ်း ..."





"မထဘူး ... ရှင်တို့ ကျွန်မကို အသေသတ်လိုက်ပါ"

ပိုး ...

မထူနိုင်တော့ပေ။

"မင်းလင် ခနေက မင်းကိုတွေ့ရမှ ပေးနိုင်မယ်တဲ့ကွ"

"ကျွန်မ ဘယ်သူနဲ့မှမတွေ့နိုင်ဘူးလို့ ပြောထားပြီးပြီပဲ"

သူမ ...

အသေခံတော့မယ် ...

သင်းတို့ လက်ထဲကိုတော့ စည်းစိမ်းဥစ္စာတွေ မအပ်နိုင်။

"မင်း တော်တော် အာခံချင်တဲ့ မိန်းမ ..."

"ဖြန်း ... ဖြန်း"

စတီဗင် ရိုက်ပစ်လိုက်သည်။

"မင်း ခနေကို တွေ့ရမယ်"

"မတွေ့ဘူး ... ဘာအမွေမှလည်း မပေးဘူး"

"မင်း ..."

"ဖြန်း ... ဖြန်း"

"အား ..."

စတီဗင် ခေါင်းထဲမှ မိုက်ခနဲဖြစ်သွားသည်။

မျက်ဝန်းတွေ ပြာသွား၏။

"ပိုး ... မာမီ့ကို သွားခေါ်စမ်း ... သွား"



www.burmeseclassic.com

www.burmeseclassic.com



သူ …

အသံနက်ကြီးနှင့်အော်ပြီး လဲကျသွားတော့သည်။

"ကိုစတီဗင် … "

ပိုး အထိတ်တလန့်နှင့် အားယူပြီး ထလိုက်မိသည်။

"ကိုစတီဗင် … "

ခေါ်မရတော့ …

"ဟင် … "

သေပြီလား …

ဘုရားရေ …

သူမ လန့်သွားပြီး အပြင်သို့ပြေးထွက်လာခဲ့မိသည်။

"မာမီ … "

"မာမီ … "

ဘယ်သူမှ မတွေ့ …

အခန်းအပြင်ဘက်သို့ သူမ ပြေးထွက်လာခဲ့မိသည်။

ပိုး စိတ်တွေ ချောက်ချားနေမိ၏။

မနေဆီသွားမယ် …

သူမ အားကိုးရာက မနေပဲရှိတော့တာ မဟုတ်လား။

အပြင်မှာ ဘယ်သူမှ မရှိ … ။

တစ်ယောက်တည်း အငှားကားစီးပြီး မနေဆီလာခဲ့သည်။





ဖုနရယ် …

ကျွန်မ ကြောက်လိုက်တာ …

ကိုစတီဗင် …

သေပြီထင်တယ် …

မာမီလည်း မရှိဘူး …

သူမနေထိုင်ခဲ့သော ခြံဝအရောက်တွင် မနေကားနှင့်ထွက်လာသည်။

"ဟင် … ပိုး"

"မနေ … "

အင်အားချည့်နဲ့စွာဖြင့် မနေရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ထားသည်။

"ပိုး … ဘာဖြစ်လာတာလဲ … ကိုယ့်ကိုပြောစမ်း … မင်း စတီဗင့်ဆီက ထွက်ပြေးလာတာလား"

"ဟင့်အင်း … ဟင့်အင်း … "

ပိုး ဘာပြောရမှန်း မသိ။

မောနေသည်။

"လာပိုး … "

ပိုးကို တွဲပြီး မနေတိုက်ကြီးထဲ ခေါ်လာမိသည်။

အင်အားချည့်နဲ့စွာဖြင့် အသက်ကို ပြင်းပြင်းစွာ ရှူသွင်းနေမိ



www.burmeseclassic.com

www.burmeseclassic.com



၏။

"ပိုး ..."

"ဟင်"

"ဘာဖြစ်တာလဲ ..."

"ကိုစတီဗင်လေ ... သူ ... သူ သေပြီလား မသိဘူး"

"ဘာ ..."

ပိုးစကားကြောင့် မနပင် အထိတ်တလန့် ဖြစ်ရသည်။

"မင်း ... မင်း ... စတီဗင့်ကို သတ်လိုက်တာလား"

"ဟင့်အင်း ... ဟင့်အင်း ... သူ့ဟာသူ ..."

ပိုး ဆက်မပြောနိုင်တော့ဘဲ ငြိမ်သက်နေမိသည်။

အအိပ်ပျက် ... အစားပျက် ဖြစ်နေရသည်။

ကိုစတီဗင် နှိပ်စက်သမျှ ပိုး ခံစားနေရတာ ကြာပြီပဲ ...

ပိုး ကိုယ်တိုင် သူ့ကို သတ်ချင်တာ ...

ဒါပေမဲ့ သူ့ဟာသူ လဲကျသွားတာပါ။

"ပိုး အသာလေးငြိမ်နေနော် ... ဆရာဝန်ဆီ ဖုန်းဆက်ခေါ်လိုက်မယ်"

"အင်း ..."

ပိုး စိတ်တွေ အတော်လေးလှုပ်ရှားနေဆဲဖြစ်သည်။

မာမီ မရှိဘူး ...





လောင်းကစားဝိုင်း တစ်ဝိုင်းမှာ ရှိနေမှာတော့ သေချာသည်။

"ကိုစတီဗင်က ပိုးကို နေ့စဉ်နှိပ်စက်နေတယ် ဓနု ... ကျွန်မတစ်ယောက်တည်း ကြိတ်မှိတ် ခံစားနေရတာပါ"

"ပိုးရယ် ..."

ပိုးကိုယ်လုံးလေးကို တင်းကျပ်စွာ ပွေ့ဖက်ထားမိသည်။

ကိုယ်ချစ်ရသော ပိုး ...

မင်း အနားယူပါစေ ...

ကံကြမ္မာတွေက မင်းအပေါ်မှာ ဘာဖြစ်လို့ ကျရောက်လာတာလဲ ...

"ပိုး ..."

ငြိမ်သက်နေသည်။

"ဟင် ..."

ကိုယ် စိုးရိမ်တကြီးနှင့် ပိုးကိုယ်လုံးလေးကို ဖက်ထားမိသည်။

ဆရာဝန်ရောက်လာ၏။

"ပိုး သတိမရတော့ဘူး ..."

ကိုယ် စိတ်ပူပြီး ပြောလိုက်မိသည်။

ဆရာဝန်က စမ်းသပ်သည်။

"အားနည်းနေတာပါ ... ဘာမှ မပူပါနဲ့မနေ"



www.burmeseclassic.com

www.burmeseclassic.com



ဝိုးအား ဆရာဝန်က ဆေးသွင်းပေးလိုက်သည်။

"ပိုးရယ် ..."

ငြိမ်သက်စွာ မိန်းမောနေသောပိုးအား သူပွေ့ဖက်ထား သည်။

"မင်း ဘယ်လို အန္တရာယ်တွေနဲ့များ ရင်ဆိုင်နေရလဲ"

ချောမောလှပသော ပိုး မျက်နှာလေးက မမှတ်မိစွာ ပိန်ချုံး ကျနေသည်။

မြင်ရက်စရာ မရှိတော့ ...

ဘယ်လို အမှုကိစ္စတွေ ဖြစ်ပျက်ခံစားလာရတာလဲ။

ကိုယ် ကြင်နာစွာ ကြည့်နေမိတော့သည်။

☆

အခန်း ( ၂၅ )

သက်ဆိုင်ရာတွေ ရောက်လာတော့ ကိုယ် အထိတ်တလန့် ဖြစ်သွားမိသည်။

ပိုးကို လူသတ်မှုအတွက် ဖမ်းခြင်းဖြစ်၏။

ဒေါ်ရီစီက တိုင်ခြင်းပင်။

"ပိုး မသတ်ဘူး ... သူ့ဟာသူ လဲကျသေဆုံးသွားတာပါ"

ပိုး ငြင်းဆန်နေသည်။

"ညည်းသတ်တာပဲ ပိုး ... ကျုပ်သားကို သတ်ပြီး ညည်း ထွက်ပြေးတာပါ"

"မဟုတ်ဘူး ... မဟုတ်ဘူး ... ကျွန်မသတ်တာ မဟုတ်ဘူး သူ့ဟာသူ ... "

"ရဲစခန်းကျမှရှင်းပါ မအိပိုးအိမ်"

"ရှင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မပူပါနဲ့ ... သက်ဆိုင်ရာက အလောင်းကိုစစ်ဆေးရင် အဖြေသိရမှာပါ"

"ကျွန်မက အရမ်းအားနည်းနေတာပါ ... သူတို့ ကျွန်မကို ပိတ်လှောင်ထားပြီး အစာငတ်ထားတာပါ"

ပိုး ပြောလိုက်သည်။

ဒေါ်ရှိစီတို့ သားအမိနှိပ်စက်ကြောင်း တိုင်ကြားလိုက်၏။

"မအိပိုးအိမ် လိုက်ခဲ့ပါ ... စစ်ဆေးစရာရှိလို့"

မနတစ်ယောက် ပိုးအတွက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။

"ပိုးလိုက်သွားမယ် မနေ ... အမှန်တရားတွေ ရှိပါသေးတယ်လေ"

ပိုး မကြောက်ပေ ...

ကိုစတီဗင်ကို သူမသတ်တာ မဟုတ်မှန်း သူမ အသိဆုံးပင်။

"ကျွန်မကို အမွေတွေ မယူရကောင်းလားဆိုပြီး နှိပ်စက်နေတာ ကြာပါပြီ ... အဲဒီနေ့က အရက်တွေ အလွန်အကျွံသောက်လာပြီး ကျွန်မကို နှိပ်စက်ပါတယ်"

သူမ ပွင့်လင်းစွာပဲ စစ်ချက်ပေးမိသည်။

ဒေါ်ရှိစီကိုလည်း စစ်ဆေး၏။

ပိုးသတ်တာဟုပဲ ပြောနေသည်။





ကိုစတီဗင်သည် သေဆုံးသည်အထိ သူမအား ဒုက္ခပေးသွားခဲ့၏။

လူသတ်တရားခံ ဖြစ်ရသည်။

ပိုးအတွက်ကတော့ ဒုက္ခတွင်းမှ လွတ်မြောက်သွားခြင်းသာဖြစ်၏။

သောကတွေ အရောက်ဆုံးက မနပင် ... ။

"ပိုး ... အားမငယ်နဲ့နော် ... မင်းဘဝအတွက် မျှော်လင့်ချက်တွေ လင်းလက်လာပါပြီကွာ"

မနကို ကျေးဇူးတင်မိသည်။

သူမအား အလွန်အမင်း ဂရုစိုက်ခဲ့၏။

"ကိုယ့်မှာရှိသမျှ မင်းတစ်ယောက်တည်း ပိုင်ဆိုင်ခွင့်ရှိတာပါ ... မင်း လူမသတ်ဘူးဆိုတာ ကိုယ် ယုံကြည်တယ် ပိုး"

မနက အားပေးနေသည်။

ပိုး အင်အားတွေ ပြည့်လာရ၏။

သက်ဆိုင်ရာက စစ်ဆေးချက်အရ ကိုစတီဗင် သေဆုံးရတာ အရက်တွေ အလွန်အကျွံသောက်သုံး၍ သေဆုံးခြင်းဖြစ်ကြောင်း စစ်ချက်ထွက်လာသည်။

ပိုးမှာ အပြစ်မရှိတော့ ...

သူမအား နှိပ်စက်မှုအတွက် ဒေါ်ရှိစီအား စစ်ဆေးခဲ့၏။



www.burmeseclassic.com

ဒေါ်ရိုစီ အထိတ်တလန့်ဖြစ်ပြီး ပိုးအား တောင်းပန်ခဲ့၏။

"မာမီ တောင်းပန်ပါတယ် ပိုးရယ် ... အခု နောင်တတွေ ရနေပါပြီ ... သားလည်း မရှိတော့ မာမီတစ်ယောက်တည်း စောင့်ရှောက်မဲ့သူလည်း မရှိပါဘူး"

ဒေါ်ရိုစီအပေါ် အမှုမလုပ်တော့ဘဲ အမှုကိုကျေအေးလိုက်သည်။

အခုတော့ ...

ပိုးဘဝ အေးချမ်းသွားရသည်။

ဖေဖေ့အရိပ်အမြုံလေးထဲသို့ အေးချမ်းစွာ ရောက်လာရ၏။

"ပိုး"

"ဟင်"

"ကိစ္စတွေ အားလုံးလည်း အေးချမ်းသွားပြီဆိုတော့ ဖေဖေ ရှာဖွေစုဆောင်းထားတဲ့ စည်းစိမ်ဥစ္စာတွေ မင်းကို အပ်ပါတယ်ပိုး"

မနသည် သူမ အထင်ကြီးထားရတာထက်ပင် လေးစားစရာဖြစ်နေသည်။

"နောင်ကို အမှားအယွင်းတွေမဖြစ်အောင် ပိုးဆင်ခြင်တတ်နေပြီပဲ ... ကိုယ် ဝမ်းသာတယ်"

"မန ..."

"ပြော ..."





"ရှင်က ..."

"ကိုယ်ဝပ်ရှော့ကိုပဲ ပြန်သွားပြီး စက်ပြင်သမားလုပ်တာပဲ ကောင်းမယ်ထင်တယ် ပိုး ..."

"မနရယ် ... ပိုးကို တစ်ယောက်တည်းထားပြီး ဘယ်မှ သွားပါနဲ့ ... တောင်းပန်ပါတယ်"

မနထွက်သွားမှာ ပိုး အစိုးရိမ်ကြီး စိုးရိမ်သွားမိသည်။

"ပိုးလေ အခုထိ စိတ်တွေချောက်ချားနေတုန်းပဲ မန၊ လောကငရဲတွင်းက လွတ်လာတာ အိပ်မက်လိုပါပဲ"

ကိုယ် ပိုးမျက်နှာလေးကို ကြင်နာစွာ ကြည့်မိသည်။

ငွေကြေးချမ်းသာတဲ့ ပိုးအနားမှာ ကိုယ်မနေချင်ဘူး ...။

စိတ်မလုံဘူး ပိုး ...

ယောကျ်ားကောင်းတစ်ယောက်အဖြစ် ကိုယ့်ဘဝကိုကိုယ် ကြိုးစားချင်တယ် ...

ဖေဖေ့ဆီက ကိုယ်အင်ဂျင်နီယာတစ်ယောက်ဖြစ်ဖို့လောက်ပဲ မျှော်လင့်ထားပါတယ် ...

ကိုယ် ကြိုးစားမယ် ...

စက်ပြင်သမားလေးဘဝက ကို့အတွက် အလွတ်လပ်ဆုံးပါပဲ ...။

ပျော်ရွှင်စရာ ကောင်းမယ်နော် ပိုး ...

www.burmeseclassic.com



ကိုယ် ပိုးကို နှစ်သိမ့်ထားခဲ့ပြီး ပိုးအလစ်မှာ ဝပ်ရှော့သို့ ပြန်ပြီး ထွက်လာခဲ့သည်။

"ခနေ ... မောင်ရင် ဘာတွေဖြစ်လာလဲ ... သူဌေးသားဖြစ်နေပြီလို့ သတင်းတွေကြားတယ်နော် ... "

ဆရာက သူပြန်ရောက်လာသဖြင့် အံ့သြနေသည်။

"ဆရာ ဝပ်ရှော့လေးမှာပဲ စက်ပြင်ဆရာအဖြစ်က ပိုပြီး ပျော်စရာကောင်းလို့ ... "

ကိုယ့်ဘဝလေးကို တစ်ကပြန်စဖို့ပဲ ဆုံးဖြတ်ထားမိသည်။

ပိုးကို သတိရနေမိ၏။

မင်း လိုက်လာမလားဘဲ ...

ပိုး ဘဝမှာ သင်ခန်းစာတွေ အများကြီးရလို့ ဝမ်းသာပါတယ်။

"ခနေ"

"ဗျာ"

"ဟိုမှာ ဆိုင်ကယ်တစ်စီးပျက်နေတယ် ... မောင်ရင့်ကို တွေ့ချင်လို့တဲ့"

"ကျွန်တော်က ကားပြင်တာပဲဆရာ"

"မောင်ရင်က ဆိုင်ကယ်လည်း ပြင်တတ်တာ သိနေတယ်"

ကိုယ် ပိုးကို သတိရမှာစိုး၍ မသွားချင် ...





ဆရာက လွှတ်နေသည်။

မလွဲသာ မရှောင်သာပဲ ကိုယ်ရောက်သွားတော့ ပိုးဖြစ်နေသည်။

"ဟင် ... ပိုး"

"ကျွန်မ ဆိုင်ကယ်ပျက်နေလို့ ရှင့်ကို လာပြင်ခိုင်းတာလေ"

အတိတ်ကို မေ့ထားချင်တယ် ပိုးရယ် ...

"ခနေ ... "

"ဟင် ... "

"ကျွန်မကို တစ်ယောက်တည်း စွန့်ပစ်ထားခဲ့တဲ့အထိ ရက်စက်နိုင်သားပဲ"

"ပိုးကို စိတ်ချလို့ ကိုယ်စောင့်ရှောက်စရာ မလိုဘူးလို့ထင်တယ်လေ ... "

"ပိုး ဘာမှ မသိဘူး ... ပိုးမှာ အကာအကွယ်မဲ့နေသလိုပဲ ဘာပဲဖြစ်ဖြစ် ခနေတော့ ပိုးအနားမှာ ရှိနေသင့်တယ်လေ ... "

ပိုးမျက်နှာလေးကို ကိုယ်မြတ်နိုးစွာ ကြည့်မိသည်။

"ခနေ ... ပိုးတို့ ဘဝကို တစ်ကပဲပြန်စကြအောင်နော်"

အပြစ်ကင်းစင်သော အပြုံးလေးများ ဆုံမိသွားကြသည်။

မျှော်လင့်ချက်တွေနှင့်ပြည့်ဝနေသော ပိုးရဲ့မျက်ဝန်းလေးတွေ ညှိုးနွမ်း မသွားစေချင်၍ ကိုယ်လက်ခံလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် သဘောတူရင် ရော ... သော့ သွားကြစို့နော် ခနဲ"

ကိုယ့်ကို ဆိုင်ကယ်သော့ လှမ်းပေးသည်။

လက်ခံလိုက်၏။

ကိုယ် ဆိုင်ကယ် စက်နှိုးလိုက်ချိန်တွင် ပိုးက နောက်ခုံမှ တက်သည်။

ဆိုင်ကယ်ကို ဝေါခနဲ မောင်းထွက်ခဲ့မိ၏။

ဟုတ်တယ် ...

ကိုယ်နဲ့ ပိုးဘဝကို တစ်ကနေပြန်စကြမယ် ...

ပိုးက ကိုယ့်ခါးအား သူမလက်ကလေးများဖြင့် အားကိုးတကြီး ဖက်တွယ်ထားတော့သည်။

သင်မြတ်နိုး

BURMESE CLASSIC

www.burmeseclassic.com